မာတာပိတု ဥပဇ္ဈာနံ့ ဇတံ မင်္ဂလ မုတ္တမံ၊ အမိအဖတို့ကို ကောင်းစွာလုပ်ကျွေးမွေးမြူခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၁၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မား ရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မား ရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်း စောင့် ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁)အဖွဲ့ ကြိုဆိုထောက်ခံ မူးယစ်ဆေးဝါးပပျောက်ရေးအရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်

ရန်ကုန် ဇန်နဝါရီ ၁၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)အဖွဲ့ဥက္ကဋ္ဌ ဦးဖုန်ကြားရှင်၊ ဒုတိယဥက္ကဋ္ဌ ဦးဖုန်ကြာဖူးနှင့်အဖွဲ့အား ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

လက်ခံတွေ့ဆုံ

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် တပ်မတော်ထောက်လှမ်းရေး ဌာနချုပ်ရုံးမှ အရာရှိကြီးများတက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✡

ဇေယျာသီရိဗိမာန်ခန်းမ၌လက်ခံတွေ့ဆုံ



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)အဖွဲ့ဥက္ကဋ္ဌ တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ယနေ့ထုတ် စောင်ရေ

၂၀၁၁၈၂

၁၉၉၈ ခုနှစ် နိုဝင်ဘာလအတွင်း ရှာဖွေတွေ့ရှိခဲ့သော ဗဟင်းနီးယား ပုံတောင်ဂျန်းစစ်၏ ဝဲ/ယာ အောက် မေးရိုးနှင့် သွားများ။

နှစ်သန်းပေါင်း(၄၀)က လူတူပရိုင်းမိတ်မှသည် မျက်မှောက်ခေတ်သို့တိုင် မြန်မာ့ဒေသအရင်းအမြစ်အစစ်အမှန်အတိုင်းပေါ်ထွန်းလာသောမြန်မာများ

သတင်းဆောင်းပါး–ဒေါက်တာအေးကိုအောင်(ဘူမိဗေဒ)၊ ဒဂုံတက္ကသိုလ်

ရန်ကုန် ဇန်နဝါရီ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် မြန်မာနိုင်ငံ အလယ်ပိုင်း ပုံတောင်ဒေသမှ နှစ်သန်းပေါင်း (၄၀)ခန့်ရှိ လူတူပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်း အစုအဝေးကို စဉ်ဆက်မပြတ် ရှာဖွေတွေ့ရှိနေဆဲဖြစ်သည်။ တွေ့ရှိထားပြီးဖြစ်သော ပရိုင်းမိတ်ရုပ်ကြွင်းများနှင့်စပ်လျဉ်း၍ ကမ္ဘာပေါ်ရှိ နိုင်ငံအတော်များများမှ ပညာရှင်အများစုက လူတူပရိုင်းမိတ်ဖြစ်ကြောင်း တညီတညွတ်တည်း လက်ခံခဲ့ကြပြီးဖြစ်သည်ကို ၂၀၀၁ ခုနှစ် ဧပြီလအတွင်း အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် ပစ်စဘတ်မြို့ရှိ ကာနက်ဂီ သဘာဝသမိုင်းပြတိုက်တွင် ကျင်းပပြုလုပ်ခဲ့သည့် (Anthropoid Origins Symposium., USA) က သက်သေထူခဲ့ပြီးဖြစ်သည်။ ယင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ ပညာရှင် ကိုယ်စားလှယ်များအဖြစ် စာရေးသူနှင့် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာတင်သိန်းတို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲရလဒ်များက မြန်မာနိုင်ငံအတွက် ဂုဏ်တက်စေခဲ့သည်။ လွန်ခဲ့သည့် နှစ်သန်းပေါင်း (၄၀) ခန့်က ပရိုင်းမိတ်များဖြစ်သည်ဆိုသည့်အချက်ကို မည်သူကမျှ စောဒက မတက်ခဲ့ကြ၊ သက်တမ်းနှင့် ပတ်သက်၍ ကျစ်လျစ် ခိုင်မာစွာသုတေသနပြုလုပ်ဆောင်ရွက်ထားရှိချက်များကို ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသူ နိုင်ငံတကာမှ ပညာရှင်များက အံ့သြချီးကျူးခဲ့ကြသည်။ မြန်မာနိုင်ငံကဲ့သို့ ဘက်စုံထောင့်စုံ လုပ်ကိုင်နိုင်ခြင်း မရှိပါဟုလည်း မှတ်ချက်ပြုကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာမြင့်မားရေး ကြိုးပမ်း အမျိုးသားရေးအမြင်ဖြင့် တက်တက်ကြွကြွဆောင်ရွက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်လာစေရေး ကြိုးပမ်းစွမ်းဆောင်လျက်ရှိသည်။ ထိုသို့ကြိုးပမ်းရာ၌ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် နိုင်ငံတော်သစ်ကြီးနှင့် ဆီလျော်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို စနစ်တကျ ကြိုးပမ်းတည်ဆောက်ပေးလျက် ရှိသည်။

ယင်းကဲ့သို့သော အခြေခံကောင်းများကို ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိရာ၌ တရားဥပဒေရေးရာကဏ္ဍတွင်လည်း နိုင်ငံတော်တစ်ဝန်းလုံး တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ၏ဘဝလုံခြုံချမ်းမြေ့စေရေး၊ ပြည်သူအများ ဥပဒေဘောင်အတွင်း စိတ်အေးချမ်းမြေ့စွာ နေထိုင်နိုင်ရေး စသည့် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာစေရန် စနစ်တကျ ကြိုးပမ်း အကောင်အထည်ဖော်ပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇန်နဝါရီလ၁၇ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သုနာပြုတက္ကသိုလ်ခန်းမ၌ တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများ၊ ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ဥပဒေအရာရှိများအား တွေ့ဆုံပြီး တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးမှာကြားရာ၌–

"မိမိတို့အစိုးရသည် တရားစီရင်ရေး စနစ်တွင် ဥပဒေ တတ်သိကျွမ်းကျင်သော ပညာရှင်များက တရားစီရင်သည့်စနစ်၊ ပြည်သူအများ၏ အကျိုးစီးပွားကို ဥပဒေပညာရှင်များက ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရသည့်စနစ်တို့ကို လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းပြီး အစဉ်တစိုက် ချမှတ်ကျင့်သုံးလာခဲ့ခြင်းဖြစ်ကြောင်း"

ပြောကြားသွားသည်။

တရားသူကြီးများသည် အကျင့်၊ သီလ၊ သမာဓိ၊ ပညာ ဆိုသည့် သိက္ခာများနှင့် ပြည့်စုံသူများ ဖြစ်ကြသည်။ တံစိုးသုံးပါး၊ အဂတိတရားလေးပါး ကင်းရှင်းစွာဖြင့် တရားရေးမဏ္ဍိုင် မယိမ်းယိုင်စေရန် ထိန်းသိမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

တရားရုံးများကို ပြည်သူက ယုံကြည်ကိုးစားလာရန်နှင့် ဥပဒေဖောက်ဖျက်သူများက မထီမဲ့မြင် မပြုနိုင်ရန်အတွက် အမှန်တရားဖော်ထုတ်ရေးကို မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

တရားသူကြီးများ၊ ဥပဒေအရာရှိများအပါအဝင် တရားစီရင်ရေးနှင့် ဆက်နွှယ်နေသော နိုင်ငံ့ဝန်ထမ်းအားလုံးသည် အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်၏ဦးတည်ချက်များ အောင်မြင်အကောင်အထည်ပေါ်လာစေရန် တရားစီရင်ရေးကဏ္ဍ၌ တည့်မတ်မှန်ကန်စွာ ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းခိုင်မြဲနေစေရန် မှန်ကန်ခြင်း၊ တရားမျှတခြင်း၊ စာနာထောက်ထားခြင်း တရားများကို လက်ကိုင်ထားပြီး ဆောင်ရွက်သွားကြရန် လိုသည်။

တရားရုံးတွင် လိုက်ပါဆောင်ရွက်နေကြသည့် ရှေ့နေရှေ့ရပ်များသည် တရားရုံးကို အထောက်အကူပြုရသည့် အကျိုးဆောင်များဖြစ်သဖြင့် ရုံးတော်သဟာယများအဖြစ် အမှန်တရားပေါ်ပေါက်ရေးအတွက် တရားရုံးတွင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

အကျင့်ပျက်ဝန်ထမ်းအချို့၏ လာဘ်ပေးလာဘ်ယူမှုများနှင့် မသမာမှုလုပ်ရပ်များသည် နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြု အားထုတ်ကြိုးပမ်းမှုများကို ချေဖျက်ရာရောက်ပြီး နိုင်ငံတော်အစိုးရအပေါ် ပြည်သူများက အကြည်ညိုပျက်စေနိုင်ရာ ရောက်သည်ကို အထူးသတိပြု ဆင်ခြင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တရားစီရင်ရေးကဏ္ဍက တာဝန်ရှိသူအသီးသီးသည် တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာမြင့်မားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်သည်သာမက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက်ပါ မှန်ကန်ခိုင်မာသော လမ်းကြောင်းများ ချမှတ်တည်ဆောက်ပေးနေရခြင်း ဖြစ်သည်ဟုခံယူ၍ တရားရေးကဏ္ဍ၏ တာဝန်ဝတ္တရားများကို အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်ဖြင့် တက်တက်ကြွကြွ ကျေကျေပွန်ပွန် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဇန်နဝါရီ ၁၀ ရက်က မရမ်းကုန်းမြို့နယ် အမက(၄)တွင် ၂၀၀၂–၂၀၀၃ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်က စတုတ္ထတန်းတွင်ဘက်စုံထူးချွန်ပထမဆုရ မောင်ဟိန်းသူစိုးအား ဆုချီးမြှင့်စဉ်။ (က–ပ)

စပယ်ဦးစာပေဖြန့်ချိရေး အမှတ် ၁၇၂၊ ၃၅ လမ်း(အလယ်လမ်း) ရန်ကုန်မြို့ ဖုန်း–၂၈၀၂၁၄ က ထုတ်ဝေဖြန့်ချိသော စပယ်ဦး စာတည်းအဖွဲ့ဝင်တစ်ဦး ပြုစုသည့် မြန်မာ့ရိုးရာ ရယ်စရာ ပုံပြင်များ (၃) စာအုပ်မျက်နှာဖုံး။(က–ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လမ်းမတော်မြို့နယ် နှစ်ကျိပ်ရှစ်ဆူ ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဣန္ဒာ စရိယ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ)၏ (၆၄) နှစ်ပြည့် ဝိဇာတ မွေးနေ့ မင်္ဂလာနှင့် ရတနာပူရ သုံးထပ်စာချ ကျောင်းသစ်ရေစက်ချမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁၈ရက်က ယင်းကျောင်းတိုက်ရှေ့တွင် ပြုလုပ်ရာ ကျောင်းတိုက်ကမ္ပည်းကျောက်စာတိုင်အားမြို့နယ်ဥက္ကဋ္ဌဦးဇာလီဘုန်းနိုင် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။(၅၂၉)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် လေရှိုး–ထမံသီကားလမ်း ကြည့်ရှုစစ်ဆေး လမ်းအရည်အသွေးစံချိန်စံညွှန်းများနှင့်ကိုက်ညီရေးဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇန်နဝါရီ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စစ်ကိုင်းတိုင်း ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိများ၊ ခန္တီးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၆ရက် နံနက်ပိုင်းက ၄၁ မိုင်ရှည် လေရှိုး–ထမံသီကားလမ်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည်မော်တော်ယာဉ်များဖြင့် နံနက် ၅နာရီ၄၅ မိနစ်တွင် လေရှိုးမြို့မှ ထွက်ခွာခဲ့ပြီး ရှေးဦးစွာ မိုင်တိုင်အမှတ် ၃၂ မိုင် ၁ ဖာလုံတွင် ကားလမ်း၏ ခုံဆင်းခုံတက် နေရာများကို ကြည့်ရှုစစ်ဆေးကာ ရေစိမ့်သည့်နေရာများ၌ အလင်းဖွင့်ပေးရန် မှာကြားသည်။

မှာကြား

ထိုမှဆက်လက်ထွက်ခွာရာ မိုင်တိုင်အမှတ် ၃၀ မိုင် ၁ဖာလုံ၌ လမ်းလွှဲဖောက်လုပ်မည့်နေရာကို တာဝန်ရှိသူများက ရှင်းလင်းပြသကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ၂၉မိုင် ၄ဖာလုံသို့ရောက်ရှိစဉ် ပေ၄၀ရှည် သစ်သားတံတားကိုလည်းကောင်း၊ ၂၈မိုင်၂ဖာလုံ၌ တည်ဆောက်ထားသည့် ပေ၄၀ရှည် သစ်သားတံတားကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၇ နာရီခွဲတွင် မိုင်တိုင်အမှတ် ၂၆မိုင် ၃ ဖာလုံသို့ရောက်ရှိကြပြီး တည်ဆောက်ပြီးစီးသွားသည့် သစ်သား တံတားကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မိုင်တိုင်အမှတ် ၂၄ မိုင် ၄ ဖာလုံသို့ ရောက်ရှိရာ ခန္တီးခရိုင်အင်ဂျင်နီယာမှူးက လမ်းတိုးချဲ့ဖောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အောင်ဇေယျစခန်းအဝင် ၂၂မိုင် ၁ဖာလုံနေရာ၌ ပေ၁၀၀ရှည် သစ်သားတံတား၏ ခိုင်ခံ့မှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိုင်တိုင်အမှတ် ၁၆မိုင် ၆ဖာလုံ၌ စက်ယန္တရားဖြင့် လမ်းပြုပြင်နေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ်၁၃မိုင်၆ဖာလုံ၌ ကတ္တရာခင်းနိုင်ရန် ကျောက်စီနေမှုလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လမ်း၏ အရည်အသွေးစံချိန်စံညွှန်းများနှင့်ကိုက်ညီအောင် ဆောင်ရွက်ရန် မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီတွင် ဟုမ္မလင်းမြို့နယ် ထမံသီစံပြကျေးရွာသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

(သတင်းစဉ်)

မဲပလီမိုးကုတ်ရိပ်သာ ခုနစ်ရက်တရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် မဲပလီကျေးရွာ အောင်သိဒ္ဓိကျောင်း မိုးကုတ် ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၃၀၂)၏ နှစ်စဉ်ကျင်းပအပ်သော ခုနစ်ရက် တရားစခန်းပွဲကို ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁ ရက် (တပို့တွဲ လဆန်း ၅ ရက်မှ ၁၁ ရက်)အထိကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယဖြစ်သော ဘဒ္ဒန္တ တေဇိန္ဒ (B.Sc, Phy)က ကျေးရှူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဝိနယာနုဂ္ဂဟစာပြန်ပွဲနှင့်ဆုနှင်းသဘင်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၉

နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တပညာသာရ (အဂ္ဂမဟာပဏ္ဍိတ) နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသနှင့် မဟာနာယက ဆရာတော်ကြီးများ ကြီးမှူး၍ ဂဏသန္နိပါတအစည်းအဝေး၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ရွေးချယ်ပွဲ၊ ပဏာမိပတိတင်မြှောက်ပွဲ၊ (၂၈) ကြိမ်မြောက် ဂိုဏ်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟစာပြန်ပွဲနှင့် ဆုနှင်းသဘင်ပွဲများကို သံဃာ့မာတာဝိသာခါများကဦးဆောင်၍ ကျူပျော်မြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်ကြီးအတွင်း၌ ၁၃၆၅ ခုနှစ် တပို့တွဲလဆန်း ၁၃၊ ၁၄၊ ၁၅ ရက် (ဖေဖော်ဝါရီ ၃၊ ၄၊ ၅ ရက်)များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နယ်စပ်မှတ်တမ်း
ကစ္ဆပနဒီ သက်သေတည်လျက်

မြင့်စိုး (နတလ)

ကျွန်တော် မသိနိုးနားအရွယ် တစ်ခုသောညနေခင်းချိန်ခါ၌ ရွာထိပ်သို့ ယောင်ပေယောင်ပေနှင့် ထွက်လာစဉ် လူသုံးယောက်နှင့်ဆုံသည်။ သေနတ်တွေကျောမှာ လွယ်ထားပြီး ချွေးသံရွှဲရွှဲနှင့် ခြေပစ်လက်ပစ် ထိုင်နေကြသည်။ ကျွန်တော့်ကို မြင်သောအခါ ကောင်လေး၊ ငါတို့ကို သောက်ရေ နည်းနည်းလောက် သွားယူပေးပါလားဟု ခိုင်း၏။ ဘာကြောင့်ရယ်မသိ၊အိမ်ပြန်ပြီး ရေနွေးကရားထဲသို့ သောက်ရေအိုးမှရေများ ခပ်ထည့်ယူလာကာ သူတို့ကိုပေးသည်။

သူတို့ မည်သူမည်ဝါတွေဖြစ်ကြောင်း ကျွန်တော်စိတ်မဝင်စားပါ။ ကျွန်တော်စိတ်ဝင်စားနေသည်မှာ သူတို့လွယ်ထားသော သေနတ်များဖြစ်သည်။ သေနတ်ထိပ်မှာတုံးတိတိဖြစ်နေလျှင် အင်္ဂလိပ်ခေါင်းတို၊ နည်းနည်းရှည်နေလျှင် အမေရိကန် ခေါင်းရှည်သေနတ်ဟု လူကြီးတွေ ပြောသံကြားဖူးသည်။ ထိုအချိန်က ကျွန်တော်တို့ စစ်တိုက်တမ်းကစားလျှင် လိုင်ဖယ် တိုင်မကွယ်နဲ့ မိုင် ၂၀ပြေးတယ်တွေ၊ ဘာတွေ အော်တတ်ကြသည်။ ရိုင်ဖယ်ကို လိုင်ဖယ်ဟု ခေါ်ခဲ့သောအရွယ်။ သူငယ်ချင်းများနှင့်ဆုံလျှင် ကျွန်တော်မြင်ခဲ့သည့် လိုင်ဖယ်ခေါင်းတို၊ ခေါင်းရှည်တွေအကြောင်း ပြောပြရဦးမည်။

အမှန်က သူတို့သည် သောင်းကျန်းသူ(ဗကပ)များဖြစ်ကြသည်။ အကယ်၍သာ ထိုအချိန်၌ စစ်ကြောင်းဝင်လာပြီး တိုက်ပွဲဖြစ်လျှင် ကျွန်တော်တခြား၊ ရေနွေးအိုးတခြား ဖြစ်သွားနိုင်သည်။ တစ်စစီ ကျိုးပဲ့သွားရုံမျှမက တစ်စစီလိုက် ကောက်ယူရလောက်အောင် အရိုးသပ်သပ်၊ အသားသပ်သပ် ဖြစ်သွားနိုင်သော အခြေအနေပင်။

ကျွန်တော်နှင့်ဗကပတို့ တွေ့ဆုံမှုနိဒါန်းက ဤသို့စခဲ့သည်။ ထိုကာလကတည်းက ရခိုင်ပြည်နယ်ဘက်တွင် ဗကပရှိနေမှန်း ကျွန်တော်သိခဲ့၏။ ရွာကလူတွေ ငါးသိုင်းချောင်း-ဥလမ်းအတိုင်း ရခိုင်ပြည်နယ်သို့သွား၍ ငါးပိဝယ်၊

ဗကပ(ရခိုင်ပြည်နယ်) အဖွဲ့အား တိုင်းရင်းသားဒေသခံပြည်သူများက လှိုက်လှိုက်လှဲလှဲကြိုဆိုစဉ်။

ငါးခြောက်ဝယ်၊ နွားအရောင်းအဝယ် လုပ်တတ်ကြသည်။ ရခိုင်ပြည်နယ်ဘက်သို့ သွားသည်ဟု မည်သူကမှမပြော။ ကျွန်တော်တို့ အရပ်၏ အနောက်ဘက်တည့်တည့်တွင် ရှိသောကြောင့် အနောက်ကိုသွားနေတယ်၊ အနောက်က ပြန်လာတာဟု ပြောတတ်ကြသည်။ လမ်းတွင် နှစ်ညခန့် အိပ်၍ ခြေကျင်သွားသူများသည်။ လှည်းနှင့်လည်း သွားလို့ရ၏။ လှည်းလမ်း ကောင်းပုံမရ။ တောလမ်း၊ တောင်လမ်းဖြစ်၍ လှည်းပေါ်ထိုင်လိုက်ရင်း သစ်ကိုင်းနှင့်မိတ်ဆက်ကာ နဖူးပြဲ၊ ခေါင်းကွဲသူတွေရှိ၏။ တစ်ခါတစ်ရံလမ်းတွင် သောင်းကျန်းသူနှင့် တိုးသည်။

ကျိန္တလီချောင်းဖျားတစ်ဝိုက်တွင် တိုက်ပွဲတွေ ခဏခဏဖြစ်ကြောင်း ပြောပြကြသည်။ ထိုစဉ်က ကျွန်တော့်အာရုံထဲတွင် စွဲသွားသည်မှာ ရခိုင်ပြည်နယ်လည်း သောင်းကျန်းသူ ရှိပါကလားဟူ၍ ဖြစ်သည်။ အမှန်က ထိုကာလ၌ မြစ်ဝကျွန်းပေါ်မှ ဗကပနှင့် ရခိုင်ပြည်နယ်မှ ဗကပတို့ ညာညိုကာ ဟန်ချက်ညီညီ လှုပ်ရှား နေကြပုံရသည်။ အကြောင်းမှာ ဖြတ်လေးဖြတ်ကြောင့် ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်၌ ဗကပမျိုးကန်းသွားချိန်တွင် ကျိန္တလီဘက်သွားသူများထံမှ သောင်းကျန်းသူတွေ့ခဲ့ကြောင်း ပြောသံမကြားရတော့၍ ဖြစ်သည်။

ဗကပ(ရခိုင်ပြည်နယ်)ကို ၁၉၄၇ ခုနှစ် ဧပြီလတွင် မြောက်ဦးမြို့နယ် ထုမကျေးရွာ၌ စတင်ဖွဲ့စည်းခဲ့သည်။ မူလအစကမူ ဖဆပလအဖွဲ့ဝင်များ ဖြစ်ကြ၍ ဖဆပလ၏ ဦးဆောင်မှုကို ခံယူခဲ့သည်။ သည့်နောက် သဘောထားများကွဲလွဲပြီး ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဗကပ (ရခိုင်ပြည်နယ်)အနေဖြင့် တောခိုခဲ့ကြသည်။ လက်နက်ကိုင်လမ်းစဉ်ကို စခဲ့ကြသည်။ ဗကပ (ရခိုင်ပြည်နယ်) အနေဖြင့် သန္ဓေတည်စက ရခိုင်ပြည်နယ်အတွင်း အတန်အသင့် ထိုးဖောက်လှုပ်ရှားနိုင်ခဲ့သည်။ သို့ရာတွင် တပ်မတော်က ၁၉၇၅ ခုနှစ်၌ ဘူးသီးတောင်မြို့နယ်အတွင်း စစ်ဆင်ရေးများ ပြုလုပ်ခဲ့သဖြင့် ဗကပ(ရခိုင်ပြည်နယ်) အဖွဲ့သည် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်သို့ ရွှေ့ပြောင်းလှုပ်ရှားသည်။

တစ်ဖန် ၁၉၇၈ ခုနှစ်အတွင်း ဗကပအနောက်မြောက်တိုင်း တာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေး၍ ရခိုင်ရိုးမတွင် အင်အား ပြန်လည်တည်ဆောက်ရေး၊ ဗကပ ဗဟိုနှင့်ချိတ်ဆက်ထူထောင်ရေး ကြိုးပမ်းခဲ့သည်။

ထို့ကြောင့် တပ်မတော်က ၁၉၈၀ပြည့်နှစ်အတွင်း စစ်ဆင်ရေးများ ထပ်မံပြုလုပ်သောအခါ ဗကပ (ရခိုင်ပြည်နယ်)အနေဖြင့် နယ်စပ်သို့ အပြီးတိုင် ရွှေ့ပြောင်းသွားရသည်။

ကျွန်တော့်အတွက် ထူးဆန်းနေသည်မှာ ၁၇နှစ်တိတိကြာမှ ပြန်လည် ဆုံတွေ့ခွင့်ရခဲ့ကြသည့် သားအဖနှစ်ဦး၏ ဇာတ်လမ်းဖြစ်သည်။

ဗကပ(ရခိုင်ပြည်နယ်)အဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရ၏ ချမှတ်ကျင့်သုံးနေသော အမျိုးသားရေးမူဝါဒများ၊ အတွင်းရေးမှူး(၁) [ယခု နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်]၏ တောတွင်း ရောက် လက်နက်ကိုင်အဖွဲ့အစည်းများအား ဖိတ်ခေါ် ကမ်းလှမ်းချက်များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အသီးသီး တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာမှုများ၊ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေး တည်ဆောက်ရယူပြီးနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုများ စသည့် အခြေအနေအရပ်ရပ်တို့ကို စောင့်ကြည့်လေ့လာခဲ့သည်။

ထိုကာလမှာပင် ၁၉၉၂ ခုနှစ်အတွင်း၌ ဗကပ (ရခိုင်ပြည်နယ်)ဥက္ကဋ္ဌ ဦးစောထွန်းဦး ခေါင်းဆောင်၍ ညီလာခံပြုလုပ်ခဲ့သည်။ ယင်းညီလာခံက ဗကပ(ရခိုင်ပြည်နယ်)အား ရခိုင်ပြည်နယ် လူမျိုးပေါင်းစုံသွေးစည်းညီညွတ်ရေးပါတီ အမည်သို့ ပြောင်းလဲခဲ့သည်။ ထိုမှ ၁၉၉၅ ခုနှစ် ဇန်နဝါရီလတွင် ဒီမိုကရေစီ ပြည်ချစ် တပ်မတော် (ရခိုင်ပြည်နယ်) အမည်ဖြင့် ပြောင်းလဲဖွဲ့စည်းသည်။ ထို့နောက် တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ရေးအတွက် ပထမဦးဆုံး ခြေလှမ်းအဖြစ် ဗကပ(ရခိုင်ပြည်နယ်)သည် ၁၉၉၆ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့၌ စတင်ဆက်သွယ်လာ သည်။ ယင်းသို့ ဆက်သွယ်ပြီးနောက် ၁၉၉၆ခုနှစ် အောက်တိုဘာလ ၂၉ရက်နှင့် ၃၀ရက်နေ့များတွင် တပ်မတော် ထောက်လှမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ဦးစောထွန်းဦး ခေါင်းဆောင်သော ဗကပ(ရခိုင်ပြည်နယ်) အဖွဲ့နှင့် ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံဆွေးနွေးခဲ့သည်။

ပထမဆုံးအကြိမ် တွေ့ဆုံအပြီးမှာပင် ဦးစောထွန်းဦးက အကူအညီတစ်ခု တောင်းခံလာသည်။ ၁၉၈၀ ပြည့်နှစ်တွင် တပ်မတော်က ထိုးစစ် ပြင်းပြင်းထန်ထန် ပြုလုပ်ခဲ့၍ မိမိတို့အဖွဲ့ နယ်စပ်သို့ ဆုတ်ခွာခဲ့ရကြောင်း၊ ထိုအချိန်က ဇနီးဖြစ်သူမှာ ကိုယ်ဝန်အရင့်အမာ ရှိနေပြီမို့ ထားခဲ့ရကြောင်း၊ ဇာတိဖြစ်သည့် ပုဏ္ဏားကျွန်း မြို့နယ် တန်ခိုးရွာသို့ ရောက်ရှိသွားပြီး သားယောကျ်ားလေး ဖွားမြင်သည်ဟု ကြားသိရကြောင်း၊ သားဖြစ်သူသည် ယခုအသက်(၁၇)နှစ်ခန့် ရှိပြီဖြစ်၍ တွေ့ခွင့်ရအောင် ကူညီပေးပါရန် မေတ္တာရပ်ခံခဲ့၏။

တပ်မတော်ထောက်လှမ်းရေးမှ တာဝန်ရှိသူများအနေဖြင့်လည်း ချက်ချင်းကူညီကြသည်။ ကျီးကန်းပြင်မှ ကားတစ်တန်၊ စက်လှေတစ်တန် အဆင့်ဆင့် ခရီးနှင်၍ တန်ခိုးရွာအရောက် သွားရောက်ရှာဖွေပေးသည်။ သားဖြစ်သူက မလိုက်ရဲ။ လာခေါ်သူများကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေ၏။ ဦးစောထွန်းဦး ရေးပေးလိုက်သော စာကိုထုတ်ပြလိုက်မှသာ အမေဖြစ်သူက ယုံကြည်စိတ်ချစွာ ထည့်လိုက်သည်။

ပစ္စည်းမဲ့ပါတီတစ်ရပ်အသွင် ခံယူထားသော ဗကပ။ ပစ္စည်းမဲ့သည်၊ မမဲ့သည်တော့ မသိ။ သားသမီးအပေါ် သံယောဇဉ် မမဲ့သေးတာတော့ သေချာသည်။ ပြန်လည်တွေ့ဆုံရခိုက် သားအဖနှစ်ယောက် ကြေကွဲဝမ်းနည်းစွာ ပွေ့ဖက်ရင်း မျက်ရည်ကျခဲ့ကြသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ငြိမ်းချမ်းရေး အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဗကပ (ရခိုင်ပြည်နယ်) ငြိမ်းချမ်းရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များအား ဂုဏ်ပြု လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ဗကပ(ရခိုင်ပြည်နယ်)အဖွဲ့နှင့် ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၂၇ရက်နေ့တွင် ထပ်မံ တွေ့ဆုံဆွေးနွေးခဲ့သည်။ ဗကပလမ်းစဉ်ကို စွန့်လွှတ်ကာ နယ်စပ်တွင် ဖြန့်ခွဲထားသော တပ်ဖွဲ့ဝင်များအားစုစည်း၍ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ရန်သာ ရှိတော့၏။ ဗကပ(ရခိုင်ပြည်နယ်) တပ်ဖွဲ့ဝင်များအား နယ်စပ်မှတစ်ဆင့် အောင်သပြေကျေးရွာသို့လည်းကောင်း၊ အောင်သပြေမှ ကြိမ်ချောင်း၊ ကြိမ်ချောင်းမှ ကျီးကန်းပြင်သို့လည်းကောင်း အဆင့်ဆင့်ပို့ဆောင်ပေးသည်။ နယ်မြေခံစစ်ဗျူဟာအဖွဲ့နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ကြိုဆိုရေးစခန်းများ ဖွင့်လှစ်၍ ဝမ်းပန်းတသာ ကြိုဆိုကြသည်။

ငြိမ်းချမ်းရေးအခမ်းအနားကို ကျီးကန်းပြင် ၁၉၉၇ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်ရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် [ယခုနိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်] တက်ရောက်ချီးမြှင့်ခဲ့သည်။ အခမ်းအနားအပြီးတွင် ဒေသဖွံ့ဖြိုးရေးနှင့် တပ်ဖွဲ့ဝင် မိသားစုများ ရေရှည် ဘဝရပ်တည်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆက်လက် ညှိနှိုင်း ဆွေးနွေးသည်။

ငြိမ်းချမ်းရေးအခမ်းအနားအပြီး ထိုနေ့ညက ညစာစားပွဲ အခမ်းအနား ကျင်းပပြုလုပ်ရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် [ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်]၊တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ ဗိုလ်ချုပ်ကြီးသည် ငယ်စဉ်က ရခိုင်ပြည်နယ်၌ တပ်ရင်းမှူးတာဝန်ထမ်းဆောင်ခဲ့သူဖြစ်၍ နယ်မြေအခြေအနေအားလုံးကို ကောင်းစွာသိရှိပြီးဖြစ်သည်။ ထိုစဉ်ကာလက အခြေအနေနှင့် အတွေ့အကြုံများကို သတိတရ ပြန်လည် မိန့်ကြားခဲ့သည်။ ဦးစောထွန်းဦးကလည်း ဗကပ(ရခိုင်ပြည်နယ်) အနေဖြင့် ၁၉၇၅ ခုနှစ်၊ ၁၉၈၀ ပြည့်နှစ်များအတွင်း ခက်ခက်ခဲခဲ ရပ်တည်ခဲ့ရပုံများကို ရှင်းလင်းတင်ပြသည်။ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသော ဌာနဆိုင်ရာ အကြီးအကဲများကလည်း ကိုယ်စီကိုယ်င ရခိုင်ပြည်နယ်အတွင်း ကြုံတွေ့သမျှကို ပါဝင်ပြောကြားတင်ပြကြသည်။

သို့သော် ထိုစကားဝိုင်းတွင် တစ်ချိန်ကလို တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား မတူညီသော အမြင်များမရှိ၊ အာဃာတများ မရှိ။ အထင်အမြင် လွဲမှားမှု၊ သံသယပွားမှုများကို ဖယ်ရှားနိုင်ခဲ့သည်။ ငြိမ်းချမ်းရေးနှင့်ဒေသဖွံ့ဖြိုးရေးအတွက် တူညီသောအမြင်များသာ ရှိသည်။ ရင်းနှီးချစ်ကြည်မှု၊ တစ်ဦးအပေါ်တစ်ဦး နားလည်ခွင့်လွှတ်မှုများသာ ရှိသည်။

စင်စစ် ထိုစကားဝိုင်းသည် ငြိမ်းချမ်းရေးမြတ်နိုးသူများ၊ တည်ဆောက်ဖန်တီးထုဆစ်သူများ၏ မေတ္တာစေတနာနှင့် ယှဉ်သော စကားဝိုင်းသာတည်း။ ။

ဘဂ္ဂဒက် အမေရိကန်ဌာနချုပ်အနီးကားဗုံးပေါက်ကွဲ လူ၂၅ဦးသေဆုံးပြီး ၆၀ကျော် ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၈

အီရတ်နိုင်ငံ၏ မြို့တော်ဘဂ္ဂဒက်ရှိ အမေရိကန်အုပ်ချုပ်ရေးဌာနချုပ်အပြင်ဘက်တွင်အသေခံကားဗုံးတစ်လုံးယနေ့နံနက်ပိုင်းရှစ်နာရီခန့်ကပေါက်ကွဲသဖြင့်လူ၂၅ဦးသေဆုံးပြီး၆၀ကျော် ဒဏ်ရာရရှိခဲ့သည်။

ကြီးမားသော ပေါက်ကွဲမှုသည် ဆက်ဒမ်ဟူစိန်၏ နေရာဟောင်းတစ်ခု၏ဝင်ပေါက်အနီး၌ နံနက်ရှနာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေဆုံးဒဏ်ရာရသူအများစုမှာ အမေရိကန်အရာရှိများနှင့် တွေ့ရန်စောင့်ဆိုင်းနေသော အီရတ်များဖြစ်သည်ဟု ထင်ရသည်။

သေဆုံး

ယခုသေဆုံးမှုသည် နှစ်သစ်ကူးအကြိုနေ့မှစပြီး အများဆုံးသေဆုံးသော တိုက်ခိုက်မှုဖြစ်သည်။ သေဆုံးသူများထဲတွင် နှစ်ဦးမှာ အမေရိကန်နိုင်ငံသားများဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ ပေါက်ကွဲမှုဖြစ်ချိန်သည် အီရတ်လူမျိုးများ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နေချိန် သို့မဟုတ် အလုပ်အကိုင်ရရှိရေးအတွက် အမေရိကန်ရုံးချုပ် ဝင်းအတွင်းသို့ဝင်ရန် တန်းစီစောင့်ဆိုင်းနေချိန်ဖြစ်သည်။ ပေါင်တစ်ထောင်(၅၀၀ ကီလိုဂရမ်) ရှိသောဖောက်ခွဲရေးပစ္စည်းကို တိုယိုတာပစ်ကပ်ကားပေါ်၌တင်ဆောင်ကာ ရုံးဝင်း၏ အဓိက ဝင်ပေါက်အပြင်ဘက်တွင် ဖောက်ခွဲခဲ့ခြင်း ဖြစ်သည်ဟု အမေရိကန်စစ်ဘက်ပြောခွင့်ရှိသူ ဗိုလ်မှူးကြီးရပ်ဖ်ဘေကာက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ချိန်၌ ဖြတ်မောင်းသွားသောကားမှ မျက်မြင်တွေ့ရှိသူယာဉ်မောင်းက ပေါက်ကွဲမှုကြောင့်မိမိကားမှာ မြောက်တက်သွားကြောင်း ပြောဆိုသည်။ကားအချို့မီးလောင်ခြင်းခံရပြီး အင်အားပြင်းထန်သော ပေါက်ကွဲမှုကို ဘဂ္ဂဒက်မြို့အနှံ့မှ ခံစားကြရသည်။

သေဆုံးဒဏ်ရာရသူအများစုမှာ အီရတ်တို့ဖြစ်သည်ဆိုသော်လည်း သေဆုံးသူများ၏ နိုင်ငံသားများကို အတည်မပြုနိုင်သေးကြောင်း အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်မာ့ခ်ကင်မစ်က ပြောကြားသည်။

(အင်တာနက်)

ဇန်နဝါရီ ၁၈ရက်က ဘဂ္ဂဒက်မြို့ရှိ အမေရိကန်အုပ်ချုပ်ရေးဌာနချုပ် အပြင်ဘက်၌ အားပြင်းဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ခိုင်မာသော အထောက်အထားမရှိဘဲ ရီပတ်ဘလီကန်အစိုးရ အီရတ်ကို စစ်တိုက်ခဲ့

ဝါရှင်တန် ဇန်နဝါရီ ၁၈

အမေရိကန် ရီပတ်ဘလီကန်အစိုးရသည် အီရတ်ကို စစ်တိုက်ရာ၌ ခိုင်မာသောအထောက်အထားများမရှိဘဲ အီရတ်၏ဖျက်အားပြင်းလက်နက်များ အန္တရာယ်ရှိနေသည်ဟု အကြောင်းပြပြီး စစ်တိုက်ခဲ့ကြသည်။ ထိုအချက်ကို ထောက်ပြဖော်ထုတ်ပြီး ဒီမိုကရက်တစ်ပါတီသည် ရွေးကောက်ပွဲမဲဆွယ်ရာ၌ ရီပတ်ဘလီကန်ပါတီအပေါ် ထိုးနှက်ကြသည်။ အိမ်ဖြူတော်က အီရတ်တွင် ဓာတုဗေဒလက်နက်များ၊ ဇီဝဗေဒလက်နက်များနှင့် အဏုမြူလက်နက်အစီအစဉ်များရှိနေသည်ဟု စွပ်စွဲထားခဲ့သည်။

တောင်းဆို

အမေရိကန်သမ္မတအနေဖြင့် လာမည့်အင်္ဂါနေ့တွင် နိုင်ငံသို့မိန့်ခွန်းပြောကြားရာ၌ အီရတ်နိုင်ငံနှင့် ပတ်သက်သော ထောက်လှမ်းရေးသုံးသပ်ချက်အမှားများကို အသိပေးတင်ပြမည် သို့မဟုတ် ကုစားသွားမည်ဆိုသည်ကို အသိပေးသင့်ကြောင်း ထည့်သွင်းပြောကြားရန် တောင်းဆိုသည်ဟု ရီပတ်ဘလီကန် အမတ်ဟာကင်က ဆိုသည်။

ပြန်မသွားလို

အကယ်၍သာ အီရတ်တွင် ဖျက်အားပြင်းလက်နက်ရှာဖွေနေသော အဖွဲ့၏ အကြီးအကဲဒေးဗစ်ကေးကသာ လုပ်ငန်းများဆက်လက်ဆောင်ရွက်ရန် အီရတ်သို့ ပြန်မသွားတော့လျှင် အီရတ်တွင် ထူးထူးခြားခြားတွေ့စရာမရှိတော့သည့် သဘောပင်ဖြစ်သည်။ ဒေးဗစ်ကေးအနေဖြင့် အမေရိကန်ထောက်လှမ်းရေး စီအိုင်အေအကြီးအကဲကို အီရတ်သို့ ၎င်းပြန်မသွားလိုကြောင်း အသိပေးထားသည်ဟု အစိုးရပိုင်းသတင်းရပ်ကွက်မှ သိရှိရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

ရေးသား

အီရတ်၏ ဖျက်အားပြင်းလက်နက်များနှင့် သက်ဆိုင်သော ၂၀၀၂ ခုနှစ် အောက်တိုဘာလက ထုတ်ဝေသောအမျိုးသားထောက်လှမ်းရေးခန့်မှန်းချက် (အင်အိုင်အီး) အစီရင်ခံစာကို ၁၅နှစ်ကြာအောင် ထောက်လှမ်းထားသော အခြေခိုင်သည့် သိရှိချက်များအပေါ် အကိုးအကားပြု၍ ရေးသားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

ဗြိတိန်ကာကွယ်ရေးဝန်ကြီး ရာထူးမှထွက်ပေးရန် အတိုက်အခံအမတ်များတောင်းဆို

လန်ဒန် ဇန်နဝါရီ ၁၈

အီရတ်စစ်မြေပြင်သို့ လုံလောက်သော အကာအကွယ်ပစ္စည်းများမပါရှိဘဲ သွားရောက်ခဲ့သည့်အတွက် အသက်ဆုံးရှုံးရသူ ဗြိတိန်တပ်ဖွဲ့ဝင်များအား အထူးတလည်ဝမ်းနည်းမိကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျက်ဖ်ဟွန်းက တောင်းပန်လိုက်သည်။ တပ်ကြပ်ကြီးစတီဗင်ရောဘတ်စ်သည် စစ်အတွင်း အကာအကွယ်ပစ္စည်း အပြည့်အစုံမရရှိသည့်အတွက် ကျည်ဆန်ထိမှန်ကာ သေဆုံးခဲ့ရသည်။ဗြိတိန်တပ်ဖွဲ့တွင်းလက်နက်ကိရိယာ၊ကျည်ကာဝတ်စုံများမလုံလောက်မှုကြောင့်၎င်းသည်ရရှိထားသောကျည်ကာအင်္ကျီကိုပြန်လည်အပ်နှံခဲ့ရသည်။ ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျက်ဖ်ဟွန်းက ၎င်းကိစ္စနှင့်ပတ်သက်ပြီး အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း ပြောကြားခဲ့ကာ အတိုက်အခံများကမူ ဂျက်ဖ်ဟွန်းနုတ်ထွက်ရေးကိုတောင်းဆိုနေကြကြောင်းသိရသည်။**(စီအင်န်အင်န်)**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင်ပြုလုပ်သည့် နိုင်ငံတကာဆိုင်ရာဖိုရမ်၌ စစ်ဆန့်ကျင်သူတစ်သိန်းခန့်က အမေရိကန်ဆန့်ကျင်ရေးကြွေးကြော်သံများကြွေးကြော်ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကယ်ကွတ်မြို့ရှိ ဓာတ်အားပေးစက်ရုံဖောက်ခွဲခံရ (၁၈) ကြိမ်မြောက် တိုက်ခိုက်ခံရခြင်းဖြစ်

ကယ်ကွတ် ဇန်နဝါရီ ၁၈

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကယ်ကွတ်မြို့၏ လျှပ်စစ်ဓာတ်အားပေးအဆောက်အအုံသောကြာနေ့ကဖောက်ခွဲတိုက်ခိုက်ခြင်းခံရသဖြင့် ကယ်ကွတ်မြို့သည် မှောင်အတိ ကျသွားခဲ့ရသည်။ ယခုတိုက်ခိုက်ခြင်းသည် (၁၈)ကြိမ်မြောက် တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု ဆိုသည်။

ယခုကဲ့သို့ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ဘေဂျီနှင့်ကယ်ကွတ်ကြားဆက်သွယ်ထားသောလျှပ်စစ်ဓာတ်အားပေး ပင်မလိုင်းကြိုးများ ပျက်စီးခဲ့ပြီး၊ ကယ်ကွတ်မြို့၏ ၈၀ ရာခိုင်နှုန်းမှာ လျှပ်စစ်မရဘဲမှောင်အတိကျခဲ့ရသည်ဟု ကယ်ကွတ်လျှပ်စစ်ဓာတ်အားလုပ်ငန်းအကြီးအကဲက ပြောကြားသည်။

သောကြာနေ့က လျှပ်စစ်ဓာတ်အားပေးရုံကို ဗုံးဖောက်ခွဲ တိုက်ခိုက်ခြင်းသည် ယခုတိုင် အီရတ်နိုင်ငံ လုံခြုံမှုမရှိမြဲဖြစ်ကြောင်းကို နောက်ထပ်သတိရစေခဲ့သည်။

တိုက်ခိုက်နေဆဲ

အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်များ အရေအတွက်လျော့လာသည်ဆိုသော်လည်း အီရတ်နိုင်ငံအနှံ့တွင် အမေရိကန် ဦးဆောင်သောတပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုများသည်ဆက်လက်ရှိနေဆဲဖြစ်သည်။

ကယ်ကွတ်မြို့တောင်ဘက် ၂၅ကီလိုမီတာအကွာရှိ တာဇာမြို့တွင် စစ်ဆေးရေးစခန်းတစ်ခုရှိအရာရှိများကို တိုက်ခိုက်ခဲ့သည်ဟုဆိုသော လူတစ်ဦးကို ရဲအဖွဲ့က ပစ်သတ်လိုက်ကြောင်း ကယ်ကွတ် မြို့ရှိ ရဲဦးစီးချုပ်က ပြောဆိုသည်။ **(အင်တာနက်)**

ကန်တပ်ဖွဲ့ဝင်သေဆုံးမှု ဗီယက်နမ်စစ်နောက်ပိုင်းအများဆုံးဖြစ်

ဝါရှင်တန် ဇန်နဝါရီ ၁၈

အီရတ်နိုင်ငံ၌ အင်အား ပြင်းထန်သော လမ်းဘေးဗုံး တစ်လုံး ယမန်နေ့က ပေါက်ကွဲသွားရာတွင်အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ထပ်မံသေဆုံးသွားသည့်အတွက် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားချိန်မှစပြီး သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်စုစုပေါင်း ၅၀၁ဦး ရှိသွားပြီဖြစ်ကြောင်း၊ ယင်းအရေအတွက်သည် ဗီယက်နမ်စစ်ပွဲ ပြီးဆုံးခဲ့သည့်နောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင် အများဆုံး သေကျေဆုံးရှုံးရခြင်းဖြစ်ကြောင်း၊ ယခုလို သေဆုံးနေခြင်းကြောင့် အမေရိကန်ပြည်သူများမှာလည်း စိတ်ပျက်လျက်ရှိကြောင်း သိရသည်။ အီရတ်နိုင်ငံတွင် သေဆုံးသူအမေရိကန်တပ်ဖွဲ့ဝင် ၅၀၁ဦးထဲမှ သေဆုံးသူ ၇၀ရာခိုင်နှုန်းသည် အီရတ်စစ်ပွဲ ပြီးဆုံးသွားကြောင်း သမ္မတဘုရှ်က ကြေညာပြီးသည့် နောက်ပိုင်းတွင် ထပ်မံသေဆုံးကြခြင်းဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ဘူဂေးရီးယားတပ်များ အီရတ်၌ ပိုအန္တရာယ်ကြီးမားမှုများနှင့် ရင်ဆိုင်နေရ

ကာဘာလာ ဇန်နဝါရီ ၁၈

ကာဘာလာသို့ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းအတွက် ပို့လိုက်သော ဒုတိယအသုတ် ဘူဂေးရီးယား ခြေမြန်တပ်ဖွဲ့သည် ပထမအသုတ်တပ်ဖွဲ့ဝင်များထက် ပိုအန္တရာယ် ကြီးမားမှုများနှင့် ရင်ဆိုင်နေရသည်ဟု စစ်ဘက်ပြန်ကြားရေး ဌာနအကြီးအကဲ ဗိုလ်ချုပ်ပလာမင်းစတူဒင်ကော့က စနေနေ့၌ ပြောကြားလိုက်သည်။

ဘူဂေးရီးယားစစ်ဘက်စုံစမ်းရေးအဖွဲ့သည် ဖြစ်နိုင်ဖွယ်ရာများကို စုံစမ်းစစ်ဆေးခဲ့ရာတွင် အကြမ်းဖက်အုပ်စုများ သို့မဟုတ် တစ်ဦးချင်းတိုက်ခိုက်ရေးသမားများသည် ဘူဂေးရီးယားနိုင်ငံအား အနောက်အုပ်စု၏ ဖွေဆော်ဦးပစ်မှတ်အဖြစ်ထားခဲ့သည်ဟု ၎င်းကဝေဖန်ပြောဆိုသည်။

၂၀၀၄ ခုနှစ်မှစပြီး မကြာမီ၌ ဆိုဖီယာရှိ သံရုံးအချို့ကို အကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ အမှတ်လက္ခဏာများ ရှိကြောင်း ၎င်းကပြောဆိုသည်။ **(အင်တာနက်)**

အီရတ်၌ ခုခံတိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာ

ဘဂ္ဂဒက်နှင့် ဘာဆာရာ၌ ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား

ဘဂ္ဂဒက် ကားဗုံး လူ ၂၅ဦးသေဆုံး၊ ၆၀ကျော်ဒဏ်ရာရ

ဇန်နဝါရီ ၁၈ ရက်က ဘဂ္ဂဒက်မြို့ရှိ အမေရိကန်အုပ်ချုပ်ရေးဌာနချုပ်ရုံးရှေ့၌ ပေါက်ကွဲမှုဖြစ်ပွားရာ ဘလက်ဟော့ခ် ရဟတ်ယာဉ်ပေါ်မှ အမေရိကန်တပ်ဖွဲ့ဝင်များက ကြည့်ရှုနေစဉ်။
(ယင်းဗုံးကွဲမှုတွင် အနည်းဆုံးလူ ၂၅ဦး သေဆုံးကြောင်းသိရသည်။)
(ဓာတ်ပုံ-အင်တာနက်)

ကားဗုံးပေါက်ကွဲ

ဇန်နဝါရီ ၁၈ ရက်က ဘဂ္ဂဒက်မြို့ရှိ အမေရိကန် အုပ်ချုပ်ရေး ဌာနချုပ်ရှေ့၌ ပေါင် ၁၀၀၀ရှိကားဗုံး တစ်လုံး ပေါက်ကွဲရာ အမေရိကန် တပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးမှုများပြုလုပ်လျက်ရှိသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



လုံခြုံရေးစောင့်ကြပ်

ဇန်နဝါရီ ၁၈ ရက်က ဘဂ္ဂဒက်မြို့၌ဗုံးတစ်လုံးပေါက်ကွဲပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များ ဗုံးပေါက်ကွဲရာအနီးတွင် လုံခြုံရေးစောင့်ကြပ်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၁၈ ရက်က ဘာဆာရာမြို့လယ်၌ ဗုံးတစ်လုံး ပေါက်ကွဲပြီးနောက် ဗြိတိသျှ တပ်ဖွဲ့ဝင်တစ်ဦးက အီရတ်တစ်ဦးအား ကြိမ်းမောင်းပြောဆိုနေစဉ်။ (ယင်းဗုံးကွဲမှုတွင် ဗြိတိသျှ တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားပြီး တစ်ဦးမှာ ဒဏ်ရာ ပြင်းထန်ကြောင်း သိရသည်။)
(ဓာတ်ပုံ-အင်တာနက်)

စုံစမ်းစစ်ဆေး

ဇန်နဝါရီ ၁၈ ရက်က ဘာဆာရာမြို့၌ လမ်းဘေးထောင်ချောက်ဗုံး ပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်အနီး၌ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည့် ဗြိတိသျှ တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မမှန်းဆနိုင်သောအန္တရာယ် အီရတ်သွားမည့်တပ်ဖွဲ့ဝင်သစ်များ ရင်ဆိုင်ရမည်
အီရတ်ရှိ တပ်ဖွဲ့ဝင်ဦးရေလျှော့ရန် အမေရိကန်စစ်ဘက်က စီစဉ်နေ

ဝါရှင်တန် ဇန်နဝါရီ ၁၈

အီရတ်နိုင်ငံတွင် တပ်စွဲထားသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေကိုလျှော့ချရန် အမေရိကန်စစ်ဘက်ဆိုင်ရာတို့က စီစဉ်လျက်ရှိသည်။

ထို့အပြင် အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်ပြောက်ကျားများ၏ တိုက်ခိုက်ခြင်းကို ရင်ဆိုင်နေကြရသည့်အတွက် သက်သာမှုရရှိစေရန် နည်းဗျူဟာ ပြောင်းလဲဆောင်ရွက်ရေးအတွက် အမေရိကန်တို့က စီစဉ်လျက်ရှိကြောင်းလည်း သိရသည်။

သေဆုံး

ယခုလိုစီစဉ်နေချိန်မှာပင် ဘဂ္ဂဒက်မြို့မြောက်ပိုင်း၌ လမ်းဘေး ဗုံးပေါက်ကွဲမှုကြီးတစ်ရပ် ထပ်မံဖြစ်ပွားပြန်ရာ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးနှင့် အီရတ်အရပ်ဘက် ကာကွယ်ရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားခဲ့ရသည်။

ထိုအတောအတွင်းမှာပင် အမေရိကန်တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာတို့သည် အီရတ်နိုင်ငံမှ အမေရိကန်သို့ ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသကဲ့သို့ ထောင်နှင့်ချီပြီး အင်အားများပြားလှသော အမေရိကန်တပ်ဖွဲ့ဝင်များကလည်း လက်နက်ခဲယမ်း တန်ချိန်အမြောက်အမြားကို သယ်ဆောင်ကာ အမေရိကန်မှအီရတ်သို့ သွားရောက်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အများဆုံး

ဒုတိယကမ္ဘာစစ်ပွဲ အရှိန်အမြင့်ဆုံးဖြစ်ပွားပြီးနောက်ပိုင်းတွင် အမေရိကန်စစ်ဘက်ဆိုင်ရာတို့၏ စတပ်ဖွဲ့ဝင်အင်အားအများဆုံးဖြစ်ကြောင်း သိရသည်။

ယခုလို အခြေအနေရှုပ်ထွေးနေချိန်၌ အချို့အမေရိကန်တပ်ဖွဲ့ဝင်များက နေရပ်ကိုပြန်ရမည်ဖြစ်ပြီး အချို့တပ်ဖွဲ့ဝင်များက မိမိတို့နေရာဒေသမကျွမ်းကျင်သော အီရတ်သို့ သွားရောက်ကာ မမှန်းဆနိုင်သော အန္တရာယ်များကို ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း ဝေဖန်ရေးသမားများက ပြောကြားလျက်ရှိသည်။

(စီအင်န်အင်န်)

ဒဏ်ရာရ

ဇန်နဝါရီ ၁၈ ရက်က ဘဂ္ဂဒက်မြို့၌ ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် သေကျေ ဒဏ်ရာရသူများအား သယ်ထုတ်လာသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

အီရတ် အနာဂတ်ဆိုင်ရာ အမေရိကန်၏ အစီအစဉ်
အီရတ် နိုင်ငံရေးအဖွဲ့အစည်းများ ပြစ်တင်ရှုတ်ချ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၈

အီရတ်နိုင်ငံ၏ အနာဂတ်အတွက် အမေရိကန်ပြည်ထောင်စု အစီအစဉ်ကို အီရတ်နိုင်ငံရေး အဖွဲ့အစည်းများက ပြစ်တင်ရှုတ်ချခဲ့ကြသည်။ ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်း၌ တိုက်ရိုက်ရွေးကောက်ပွဲမလုပ်ဘဲ အီရတ်အစိုးရဖွဲ့မည့် အမေရိကန်၏အစီအစဉ်ကို ကန့်ကွက်မည့် ရှီးယားခေါင်းဆောင်များ၏ ခြိမ်းခြောက်မှုသတင်းများကိုသာ စုစည်းဖော်ပြခဲ့ကြသည်။

အမေရိကန်၏ အစီအစဉ်ကို ဘာဆာရာလမ်းများပေါ်၌ အီရတ်တို့ ဆန့်ကျင် ဆန္ဒပြကြသည့်အခါ ဘဂ္ဂဒက်နှင့် အခြားအီရတ်မြို့ကြီးများတွင်လည်း အီရတ်၏ စုစည်းညီညွတ်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို လမ်းများပေါ်၌ တောင်းဆိုဆန္ဒပြခဲ့ကြသည်။

အမြင်အမျိုးမျိုး

အီရတ်နိုင်ငံ၌ ရွေးကောက်ပွဲများ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ အီရတ်တို့ သဘောထား အမြင်အမျိုးမျိုးရှိခဲ့ကြသည်။ အမေရိကန် ခန့်သော အိုင်ဂျီစီနှင့် ယင်း၏အဖွဲ့ဝင်များသည် အီရတ်ပြည်သူတို့၏ကြဉ်ဖယ်ခြင်းကို ခံခဲ့ရသည်။

ပြောဆို

အလုပ်သမား ကွန်မြူနစ်ပါတီမှ အဘက်အလာဆာလီဆိုသူက လွတ်မြောက် မှုသည် လူထုအကြိုက်တောင်းဆိုချက်ဖြစ်ကြောင်း၊ ဒီမိုကရေစီသည် အီရတ်အတွက် အရေးကြီးကြောင်း၊ သို့ရာတွင် တော်သင့် မှန်ကန်သည့် အချိန်ဖြစ်သင့်ကြောင်း ပြောဆိုသည်။

ယခုအချိန်သည် ရွေးကောက်ပွဲကျင်းပရန်သင့်တော်သည့် အချိန်ဟု မိမိတို့မထင်ကြောင်း၊ အီရတ်နိုင်ငံရေးအဖွဲ့အစည်းများ အီရတ်ပြည်သူတို့နှင့် ထိတွေ့သည့် အခွင့်အလမ်းရရှိမည့်အသွင်ကူးပြောင်းရေးကာလကို လိုက်နာသင့်ကြောင်း၊ အကျိုးတရားအားဖြင့် အီရတ်မဲဆန္ဒရှင်များသည် နိုင်ငံရေးအဖွဲ့အစည်းကို ရွေးချယ်နိုင်ကြောင်း ဆာလီက ပြောဆိုသည်။

အသုံးချ

အီရတ်နိုင်ငံ၌ရှိသော ပြည်သူများသည် အီရတ် နိုင်ငံရေးအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ မှန်ကန်သော အတွေးအခေါ် မရှိသေးကြောင်း၊ မိမိတို့နှင့် အီရတ်နိုင်ငံရေးအဖွဲ့အစည်းအားလုံးသည် မိမိတို့၏ နိုင်ငံရေးမူဝါဒများ ပိုမိုတိုးတက်ရင်သန်စေရန်အတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် အစိုးရ၏ လူထုဆက်သွယ်ရေးကို အသုံးချရမည်ဖြစ်ကြောင်းလည်း ဆာလီက ပြောဆိုသည်။

ကင်းကွာ

၎င်းက ဆက်လက်၍ အီရတ်အုပ်ချုပ်မှု ကောင်စီသည် ရွေးကောက်ပွဲများကိုကြန့်ကြာအောင်ကြိုးစားနေကြောင်း၊ ယင်း၏အဖွဲ့ဝင်များသည် အီရတ်ပြည်သူတို့နှင့် ကင်းကွာနေ ကြောင်းလည်း ပြောဆိုသည်။

(အင်တာနက်)

ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲ
စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရဖွယ်

လန်ဒန် ဇန်နဝါရီ ၁၈

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအနေဖြင့် လာမည့်သီတင်းပတ်များအတွင်း အရေးပါသော နိုင်ငံရေးစိန်ခေါ်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်းသိရသည်။ အီရတ်စစ်ပွဲ ဆင်နွှဲရေးအတွက် အဓိကကျသည့် အီရတ် လက်နက်ကိစ္စတွင် အစိုးရက ချဲ့ကားပြောဆိုခဲ့သည်ဆိုပြီး ဘီဘီစီက စွပ်စွဲသော သတင်းတစ်ပုဒ်၏ ဇာစ်မြစ်သည် လက်နက်ပါရဂူ ဒေါက်တာ ဒေးဗစ်ကယ်လီဖြစ်ကြောင်း ပေါ်ပေါက်ပြီးနောက် ဒေါက်တာကယ်လီသည် သေကြောင်းကြံစည်ခဲ့သည်။

အဆိုပါ သေကြောင်းကြံစည်မှုကို စုံစမ်းစစ်ဆေးခဲ့သည့် လော့ဒ်ဟတ်တွန်၏ အစီရင်ခံစာအား ယခုလ ၂၈ ရက်တွင် ထုတ်ပြန်မည်ဖြစ်ရာ အဆိုပါအစီရင်ခံစာကြောင့် ဗြိတိန်ဝန်ကြီးချုပ် အခက်တွေ့ဖွယ်ရှိသည်။

ဟတ်တွန်အစီရင်ခံစာကြောင့် တိုနီဘလဲ ဂုဏ်သိက္ခာ ထိခိုက်မည်ဆိုလျှင် အမတ်များက တိုနီဘလဲရာထူးမှ နုတ်ထွက်ရန် အတင်းအကျပ်ဖိအားပေးလာဖွယ်ရှိကြောင်း သိရသည်။

(စီအင်န်အင်န်)

ဇန်နဝါရီ ၁၈ ရက်က အီရတ်ပြောက်ကျားတို့၏ ခုခံတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုများပြားလာသဖြင့် ဘောဂျီးမြို့၌အီရတ်တို့အား မတရားလိုက်လံဖမ်းဆီးမှုများ ပြုလုပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်လေယာဉ်များကိုတိုက်ရန် ပြောက်ကျားတို့ ခေတ်မီလက်နက်များသုံး

နယူးယောက် ဇန်နဝါရီ ၁၈

အီရတ်ပြောက်ကျားများသည် အမေရိကန်လေယာဉ်များကို တိုက်ခိုက်ရန်အတွက် ပိုမိုခေတ်မီဆန်းပြားသော လက်နက်များနှင့် နည်းစနစ်များကို အသုံးပြုနေကြောင်း အီရတ်တွင် ရဟတ်ယာဉ်များ ပစ်ချခံရခြင်းနှင့် စပ်လျဉ်း၍ စစ်တပ်လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။ ထိုအကြောင်းအရာကို တနင်္ဂနွေနေ့ထုတ် နယူးယောက်တိုင်းမ်၌ ဖော်ပြခဲ့သည်။

အီရတ်ပြောက်ကျားတို့သည် ခေတ်မီသောဒုံးပျံတစ်ခုထက်မနည်းကို အသုံးပြုခဲ့ကြောင်း အီရတ်နှင့် ပင်လယ်ကွေ့ရှိ အမေရိကန်စစ်တပ်အရာရှိများကို ကိုးကားလျက် သတင်းစာကရေးသားဖော်ပြသည်။

အီရတ်ပြောက်ကျားများသည် တိုက်ခိုက်ရာ၌ ကျွမ်းကျင်မှုလိုအပ်သော အပူလိုင်းရှာ မြေပြင်မှဝေဟင်ပစ်ဒုံးပျံများ၊ ဒုံးပစ်လောင်ချာများကို အသုံးပြုကြောင်း သတင်းစာကရေးသားသည်။ အီရတ်၌ မကြာသေးမီက ရဟတ်ယာဉ်များ ပစ်ချခံခဲ့ရရာတွင် အမေရိကန်စစ်မှုထမ်း အများအပြားသေဆုံးခဲ့ကြရသည်။

အဆိုပါ လေ့လာချက်တွင် တိုက်ခိုက်မှုကို အကာအကွယ်ပြုနိုင်သော ရဟတ်ယာဉ်အမျိုးအစားမရှိကြောင်းလည်း ဖော်ပြထားပြီး မြေပြင်မှပစ်ခတ်ခြင်းကို ရဟတ်ယာဉ်မောင်းသူများ ရှောင်တိမ်းနိုင်ရန်အတွက် ပြောင်းလဲရန်လိုအပ်ကြောင်း လေ့လာချက်က ထောက်ခံထားသည်။

တိုက်ခိုက်မှုတစ်ခုထက်မနည်းတွင် ပြောက်ကျားတို့သည် ပခုံးထမ်းပစ်ရသော အက်စ်အေ-၁၆ ဒုံးပျံများကို အသုံးပြုကြောင်းကို လေ့လာတွေ့ရှိရကြောင်း၊ ယင်းအက်စ်အေ-၁၆ သည် အခြားတိုက်ခိုက်မှုများ၌သုံးသော အက်စ်အေ-၇၊ ဒုံးပျံများနှင့် ဒုံးပစ်လောင်ချာများထက် ဟန့်တားရ ခက်ခဲကြောင်း စစ်တပ်အရာရှိများက နယူးယောက်တိုင်းမ်သို့ ပြောကြားသည်။

သို့ရာတွင် မည်သည့်တိုက်ခိုက်မှု၌ အက်စ်အေ-၁၆ ကို ပြောက်ကျားတို့ အသုံးပြုခဲ့သည်ဆိုခြင်းကို အရာရှိများက တိတိကျကျ ပြောဆိုခြင်းမရှိချေ။

(အင်တာနက်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

သုဝဏ္ဏမြို့ဦးစေတီဗုဒ္ဓပူဇနိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၉

သဃ်္န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ဦးဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ဒသမအကြိမ် ဗုဒ္ဓပူဇနိယပူဇော်ပွဲကို ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၂ ရက်တွင် စေတီတော် သြဝါဒါစရိယဆရာတော်ကြီးများထံ သြဝါဒခံယူ၍ ၂၅ ရက်တွင် ဘုရားအနေကဇာတင်ပူဇော်ပြီး ၂၇ ရက်တွင် အသံမစဲမဟာပဋ္ဌာန်း ကျမ်းရွတ်ဖတ်ပူဇော်ပွဲကို ၃၁ ရက်အထိ ငါးရက်တိုင်တိုင် ပူဇော်ကြမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၅ ရက်တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပပြီး ၇ ရက်မှ ၁၆ ရက်အထိ ဗုဒ္ဓပူဇနိယပွဲတော်ကို ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟုသိရသည်။ **(ဝ၅၂)**

● **ရှေ့ဖုံးမှ**

မြန်မာနိုင်ငံမှ လူတူပရိုင်းမိတ်မျိုးစိတ်အသစ် (ဗဟင်းနီးယား၊ ပုံတောင်ဂျန်းစစ်) အပါအဝင် အခြား ဆက်နွယ်နေသည့် (ပုံတောင်ဂီးယား၊ အင်ဖီပိသိကပ်၊ မြန်မာပိသိကပ်) တို့ကိုလည်း မျိုးရင်းတစ်ခုအတွင်း ထည့်သွင်းနိုင်ရေး ဝိုင်းဝန်း စဉ်းစားပေးခဲ့ကြသည်။ ဤသို့ အများစုက တညီတညွတ်တည်း လက်ခံထားခဲ့ကြသော်လည်း ထူးခြားလှစွာ အမေရိကန်ပညာရှင်နှစ်ဦးက ၎င်းတို့နိုင်ငံ ပညာရှင်များနှင့် အခြားပြည်ပ ပညာရှင်များ၏ အယူအဆကို ဆန့်ကျင်၍ ခါးသီးစွာငြင်းဆိုခဲ့ကြသည်။ စင်စစ်မြင်နေပါလျက်နှင့် မမြင်ပါဟုဆိုကာ ဖြောင်ငြင်းခဲ့ကြခြင်းသာဖြစ်သည်။ ၎င်းတို့၏တင်ပြချက်များမှာ လက်တွေ့မဆန်ခြင်း သိပ္ပံနည်းကျကျလေ့လာအားထုတ်မှု နည်းပါးခြင်း ကိုယ်လိုရာကိုသာဆွဲ၍ တင်သွင်းခြင်း၊ အခြားပညာရှင်များ၏တွေ့ရှိဖော်ပြချက်များကို ထိမ်ချန်ထားခြင်းစသည့် အချက်များကြောင့် လက်ခံစဉ်းစားပေးနိုင်ရန် ဝန်လေးနေခဲ့ကြသည်။ ၎င်းတို့အနေဖြင့် နဂိုရှိရင်းစွဲ "အာဖရိကမူလ" (African Origin) အယူအဆကို လက်မလွှတ်လိုကြ၊ အာဖရိကတွင်စတင်ပြီးမှ အာရှသို့ ပျံ့နှံ့ရောက်ရှိသွားသည်။ အာရှတွင်မူလဖြစ်သော လူတူပရိုင်းမိတ် (Anthropod Priniate) မရှိခဲ့ဟု "ဘူး"ခံ၍ ငြင်းဆိုနေသည်။ သို့ရာတွင် ပုံတောင်ပရိုင်းမိတ်များက အီဂျစ်မှ ဖယွန်း ပရိုင်းမိတ်များထက် နှစ်ပေါင်းသန်းနှင့်ချီ၍စောစွာ ဖြစ်ပေါ်ခဲ့သည်ဆိုသည့်အချက်အပေါ် မည်သို့မျှ ကန့်ကွက်မှု မပြုနိုင်ပေ။

အတွေ့အကြုံမှအတွေးအခေါ်သို့

စာရေးသူအနေဖြင့် ဤဆောင်းပါးကိုရေးသားရခြင်း၏ ရည်ရွယ်ချက်မှာ လူတူပရိုင်းမိတ်များကို အခြေပြု၍ မျက်မှောက်ခေတ် မြန်မာလူသားတို့၏ ဆင့်ကဲတိုးတက်ပြောင်းလဲလာပုံ အဆင့်အချို့ကို လက်လှမ်းမီသလောက် အထောက်အထားများဖြင့် ပေါင်းစပ်ကာ အတွေးအမြင်သစ်တစ်ခုအဖြစ် တင်ပြလိုသောကြောင့် ဖြစ်သည်။ ယနေ့လက်ရှိကမ္ဘာ့ နိုင်ငံများမှ မနုဿဗေဒပညာရှင်များ အကြားရေပန်းစားလျက်ရှိသော အငြင်းပွားမှုတစ်ရပ်မှာ လူတူပရိုင်းမိတ် မူလဖြစ်စဉ် (Anthropoid Origin) ဖြစ်သည်။ အချို့က အာဖရိကမှစတင်သည်၊အချို့က အာရှမှ စတင်သည်။ ဤနှစ်မျိုးသာရှိသည်။ အငြင်းပွားမှု၏ အခြေခံအချက်မှာပြည့်စုံသော ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများနှင့် အတိတ်ပထဝီဝင် အချက်အလက်များ လုံလောက်စွာ မရရှိသေးခြင်းကြောင့်သာဖြစ်သည်။ သို့အတွက် ရရှိထားပြီးဖြစ်သော အထောက်အထားများကို အခြေခံလျက် ဖြစ်နိုင်ချေအဆင့်ဖြင့်သာ မယုတ်မလွန် တင်ပြပေးနေကြခြင်းသာဖြစ်သည်။ မြန်မာနိုင်ငံတွင် လူတူပရိုင်းမိတ် (Anthropoid Primate) နှင့် လူသားပရိုင်းမိတ် (Hominoid Primate) နှစ်မျိုးစလုံး အထောက်အထားများကို အတိုင်းအတာတစ်ခုအထိ ရှာဖွေတွေ့ရှိထားပြီးဖြစ်ရာ ၎င်းတို့အပေါ်တွင် အခြေခံ၍ ဆက်စပ်တွေးယူခြင်းအားဖြင့် မြန်မာပရိုင်းမိတ်သမိုင်းစဉ်ကို တစ်စိတ်တစ်ပိုင်း ပုံဖော်နိုင်လိမ့်မည်ဟု မျှော်လင့်သည်။ အောက်တွင်ဖော်ပြမည့် အကြောင်းအရာများမှာ စာရေးသူ၏ ဘူမိဗေဒပညာရပ်ဆိုင်ရာ စာတွေ့၊လက်တွေ့ အတွေ့အကြုံများနှင့်အတူ ၁၉၇၈ ခုနှစ်ကစတင်၍ ယနေ့အထိ ပါဝင် ဆောင်ရွက်ဆဲဖြစ်သော ပုံတောင်ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးလုပ်ငန်းများမှ ဗဟုသုတများပါ ပေါင်းစပ်ပြီး တင်ပြထားချက်များ ဖြစ်ပါသည်။

လူတူပရိုင်းမိတ်အဆင့်

မြန်မာနိုင်ငံပုံတောင်ဒေသမှ လူတူပရိုင်းမိတ်များအား ပညာရပ်ပိုင်းဆိုင်ရာလေ့လာမှုများအရ ၎င်းတို့တွင် အခြားနိုင်ငံများမှ လူတူပရိုင်းမိတ်များနှင့် ထပ်တူညီသော အင်္ဂါလက္ခဏာများမပါရှိဘဲ အချို့ အချက်အလက်များသာ အနည်းငယ် တူညီနေသည်။ သို့အတွက် ပုံတောင်ပရိုင်းမိတ်မျိုးစိတ်များမှာ အသစ်များသာဖြစ်ကြသည်။ တစ်နည်းဆိုသော် မြန်မာနိုင်ငံတစ်ခုတည်းတွင်သာ တွေ့ရှိရသော မျိုးစိတ်များဖြစ်၍ အိမ်နီးချင်းနိုင်ငံများတွင်ပင် မတွေ့ရှိရပေ။ (ဥပမာ–ပုံတောင်ဂီးယား ကော်တာရိုင်၊ အင်ဖီပိသိကပ် မိုးကောင်းဂျန်းစစ်၊ ဗဟင်းနီးယား ပုံတောင်ဂျန်းစစ်နှင့် မြန်မာပိသိကပ်ရာရှည်ယန်းစစ်)



၁၉၉၈ ခုနှစ်နိုဝင်ဘာလအတွင်း ရှာဖွေတွေ့ရှိခဲ့သော မြန်မာပိသိကပ်ယာရှည်ဂျန်းစစ်၏ အောက်မေးရိုးနှင့်သွားများ။

သုံးသပ်ချက်

အထက်ပါမျိုးစိတ်သစ်များ ပေါက်ပွားခဲ့ပုံကို ကြည့်ခြင်းအားဖြင့် လွန်ခဲ့သော နှစ်သန်းပေါင်း၄၀ခန့်က ပင် မြန်မာနိုင်ငံဖြစ်လာမည့်ဒေသ၌ လူတူပရိုင်းမိတ်များ အဖြစ် သီးခြားဖြစ်ပေါ်ခဲ့ကြသည်။ မည်သည့်ပရိုင်းမိတ်များနှင့်မျှ သွေးနှောပေါင်းစပ်ခြင်း မရှိခဲ့ကြ၊ ကိုယ့်ဒေသ၊ ကိုယ့်နယ်မြေပေါ်တွင်သာ ရှင်သန်ပေါက်ဖွားကြီးပြင်းခဲ့ကြသည်။ Locality Favourismအရ မြန်မာပရိုင်းမိတ်များသည် မြန်မာ့မြေကိုသာ ခင်တွယ်မြတ်နိုးခဲ့ကြသည့်သာဓကတစ်ခုဖြစ်သည်။ ပြင်ပမှ ဝင်ရောက်ပေါင်းစပ်ခဲ့သည့် အထောက်အထားမရှိခဲ့သလို ပြင်ပသို့ ပျံ့နှံ့ထွက်ခွာသွားလာခဲ့ကြသည့် အထောက်အထားများလည်း မတွေ့ရှိရချေ။

လူသားအဆင့်သို့

လူတူပရိုင်းမိတ်များ စတင်ခဲ့သည့် အီယိုဆင်းသက်တမ်းမှ ဆက်လက်၍ ကွင်းဆက်များကို လိုက်ကြည့်မိသည်။ အီယိုဆင်းခေတ်နောက်ပိုင်းအချိန်တွင် ပင်လယ်အခြေအနေသို့ ပြောင်းလဲသွားသည်။ ပင်လယ်အနယ်များဖြစ်သော ကျောက်လွှာစုကို ပုံတောင်ဒေသ တစ်ဝိုက်တွင်သာမက မြန်မာပြည်အလယ်ပိုင်း မင်းဘူးချိုင့်ဝှမ်းသို့တိုင်အောင် ကျယ်ပြန့်စွာ ပို့ချခဲ့သည်။ ပင်လယ်ပြင်ဖြစ်နေ၍ ပရိုင်းမိတ်မတွေ့နိုင်၊ ဆက်လက်၍ အော်လီဂိုဆင်းခေတ် ၂၃ ဒသမ ၈ မှ ၃၃ ဒသမ ၇ သန်းနှင့် မိုင်ယိုဆင်း ၅ ဒသမ ၃ မှ ၂၃ ဒသမ ၈ သန်းအတွင်း ကုန်းမြေအခြေအနေသို့ အချို့ဒေသများရောက်ရှိသွား၍ ကုန်းတွင်းပိုင်းကျအနည်များပို့ချခဲ့သည်။ ၎င်းတွင် အီဂျစ်မှ ဖယွန်းနှင့်ခေတ်ပြိုင်ပရိုင်းမိတ်များတွေ့ရှိနိုင်သည်။ သို့သော် အမျိုးအစားချင်း မတူနိုင်ချေ။ မြန်မာနိုင်ငံတွင် ၎င်းအချိန်ကာလအတွင်းဖြစ်ပေါ်ခဲ့သော ပရိုင်းမိတ် ရုပ်ကြွင်းကွင်းဆက်ပျောက်နေဆဲဖြစ်သည်။ သို့သော်လုံးဝ ပျောက်ကွယ်သွားခြင်းတော့မဟုတ်ချေ။ ကုန်းနေသတ္တဝါ၊ နို့တိုက်သတ္တဝါတို့၏ ရုပ်ကြွင်းများ တွေ့ရှိထားပြီးဖြစ်၍ ပရိုင်းမိတ်များလည်း ရှိနိုင်သည်။

မြန်မာရှေးဦးလူသားတို့ ကျောက်ချောခေတ်တွင် စတင်ပေါ်ပေါက်လာခဲ့သည်။ အမေရိကန်သုတေသီဒေါက်တာဒီတဲရားက မိုးကုတ်ဒေသရှိ ဂူအဝင်ပေါက်မှ အမျိုးသမီးတစ်ဦး၏ ဦးခေါင်းခွံကိုတွေ့ရှိခဲ့သည်။ ၎င်းသည် မျက်မှောက်ခေတ်အမျိုးသမီးတို့၏ ဦးခေါင်းခွံနှင့် လုံးဝခြားနားမှုမရှိပါဟု ပါမောက္ခအီးအေဟူတန်က ကောက်ချက်ချခဲ့သည်။ မြန်မာကျောက်ခေတ်မှ ရှေးဦးလူသားတို့မှာ ဥပရောပမှ ဟိုမိုအီရက်တပ်မျိုးစိတ် (Homo eractus)

၂၀၀၁ ခုနှစ် ဇန်နဝါရီလအတွင်း ရှာဖွေတွေ့ရှိခဲ့သော ပုံတောင်ဂီးယားကော့တရိုင်း၏ အောက်မေးရိုးနှင့်သွားများ။

ဖြစ်သော (Heidelberg, Neanderthal)ဟိုက်ဒဲဘာဂ်၊ နီယန်ဒါသယ်လူတို့ထက် နှစ်ပေါင်း လေးသိန်းစော၍ ဖြစ်ထွန်းလာခဲ့သည့်အတွက် ၎င်းတို့အချင်းချင်း ဆက်စပ်ခြင်း နီးကပ်ခြင်းမရှိခဲ့ကြပေ။ ဤအချက်ကလည်း ရှေးဦးလူသားမြန်မာများသည် မည်သည့်ဒေသများမှ ခေတ်ပြိုင်လူများနှင့်မျှ သွေးနှောခြင်းမရှိသည်ကို ဖော်ပြနေသည်။ မြန်မာ့မြေတွင် မြန်မာတို့သာ စတင်ခဲ့သည်မှာ ထင်ရှားသည်။

ဥရောပမှလူသားကျောက်ဖြစ်ရုပ်ကြွင်း

ဥရောပမှ အသက်အကြီးဆုံး လူသားကျောက်ဖြစ်ရုပ်ကြွင်းအချို့ကို ရောမနိုင်ငံရှိ ဂူတစ်ခုအတွင်းမှ တွေ့ရှိထားသည်။ နှစ်ပေါင်း ၃၄၀၀၀ မှ ၃၆၀၀၀ ကြားရှိသော ကျောက်ဖြစ်ရုပ်ကြွင်း မျိုးကွဲသုံးမျိုးဖြစ်သည်။ သို့ဖြစ်၍ ဥပရောပမျက်မှောက်ခေတ်လူသားများသည် လွန်ခဲ့သော နှစ်တစ်သန်းက ပေါ်ပေါက်ခဲ့သည့် နီယန်ဒါသယ်လူ (Neanderthal Man)များအပါအဝင် ပျောက်ကွယ်သွားခဲ့သော ဟိုမိနစ် (Hominid)ဆွေမျိုးသားချင်းများနှင့် အတူ ကမ္ဘာပေါ်ရှိတိုက်ကြီးတစ်တိုက်တည်းတွင် အတူတကွမျှဝေနေထိုင်ခဲ့ကြသည်ဟု ယုံကြည်ရသည်။ တစ်နည်းဆိုသော် ဥပရောပတွင် ကပြားဖြစ်စဉ်(Hybridization) ဖြစ်ထွန်းခဲ့သည်မှာ နှစ်တစ်သန်းခန့်ကတည်းကပင်ဖြစ်သည်။ ဥပရောပလူသားများနှင့် မီယန်ဒါသယ်လူများ အတူ ပူးပေါင်းနေထိုင်ခဲ့ပြီး မျိုးစပ်ပေါက်ပွားခဲ့ခြင်းကြောင့် ဖြစ်ပေါ် လာသည့်ရလဒ်ကို ယခုတွေ့ရှိရသော ဥပရောပမှ ကျောက်ဖြစ်ရုပ်ကြွင်းများက သက်သေခံနေသည်။ ပါမောက္ခ အဲရစ်ထရင်းကော့ (Professor Erik Trinkaus) နှင့် အပေါင်းပါများက National Academy of Science နှင့် Journal of Human Evolution တွင် ရေးသားဖော်ပြချက်အရ ဥရောပမှ ရုပ်ကြွင်းများမှာ မျက်မှောက်ခေတ်လူ (Homo sapien) များ ဖြစ်သည် ဆိုသည့်အချက်ကို ယုံမှားသံသယဖြစ်ဖွယ်မရှိပေ။ ၎င်းတွေ့ရှိချက်နှင့် ပတ်သက်၍ အကောင်းဆုံးရှင်းလင်းချက်မှာ မျက်မှောက်ခေတ်လူသားများ အာဖရိကမှ ပျံ့နှံ့ထွက်ခွာခဲ့ကြပြီး ၎င်းတို့ဒေသအတွင်းရှိ နီယန်ဒါသယ်လူကဲ့သို့သော ရှေးကျလူများနှင့် မျိုးနှောပေါင်းစပ်သွားခဲ့ကြသည်ဟု အမေရိကန်ပြည်ထောင်စု စိန့်လူဝစ်ပြည်နယ် ဝါရှင်တန်တက္ကသိုလ် မနုဿဗေဒဌာနမှ ဟဲမင်းဝေး ပါမောက္ခ မေရီတိုင်စတန် (Mary Tileston, Hemenway Professor of Anthropology at Washington University in St. Louis, US.) က ဆိုသည်။

အထက်ပါတွေ့ရှိချက်ကြောင့် နှစ်ပေါင်းကြာမြင့်စွာ လက်ခံထားခဲ့ကြသည့် အဆိုဖြစ်သည့် "မျက်မှောက်ခေတ်လူသားများသည် နီယန်ဒါသယ်လူ အပါအဝင် ရှေးခေတ်ဟောင်းလူတို့ အား ဖယ်ရှားပစ်ခဲ့ကြသည်"ဟူသည့် အယူအဆအပေါ် ယခုအခါ သံသယရှိလာကြသည်။

ဥရောပမှသွေးနှောမှုကို တရုတ်ပြည်တွင်လည်း တွေ့ရှိရသည်။ တရုတ်ပြည် "ချိုကိုကျန့်"အပေါ်ဂူမှ တွေ့ရသော အဘိုးအိုတစ်ဦး၏ ဦးခေါင်းခွံ အထောက်အထားအရ သိနိုင်သည်။ ၎င်းကို ပါမောက္ခ ဖရန့်ဝစ်နာရစ်ချ် (Prof. Frang Weidnereich)က ဥရောပလူဖြူဟု သတ်မှတ်ကာ သြစတြေလွိုက် (Australoid) သွေး သိသာစွာနှောလျက်ရှိကြောင်း ဖော်ပြခဲ့သည်။ အလားတူပင် ဂျပန်ပြည်တွင်လည်း အိန်နု(Ainu)ခေါ် မူရင်း ဥရောပနွယ်ဖွားသမိုင်းမတင်မီခေတ် လူသားများရှိခဲ့သည်။

လူတူပရိုင်းမိတ်မှတစ်ဆင့်

အထက်ပါအထောက်အထားများအရ သမိုင်းမတင်မီရှေးနှစ်ပေါင်း မြောက်မြားစွာကတည်းကပင် ဥရောပလူသားများ၏ သွေးနှောမှုသည် ၎င်းတို့၏ ဒေသအတွင်းသာမက အာရှတစ်လွှား နေရာဒေသအတော်များများသို့ ဝင်ရောက်ပျံ့နှံ့ခဲ့သည်မှာ ထင်ရှားလှသည်။ သို့ရာတွင် မြန်မာနိုင်ငံမှ မြန်မာလူသားများသည် မည်သူနှင့်မှ သွေးနှောရောယှက်၍ ပေါက်ဖွားဆင်းသက်ခဲ့ခြင်းမဟုတ်ဘဲ လူတူပရိုင်းမိတ်အဆင့်မှသည် မျက်မှောက်ခေတ် လူသားအဆင့်သို့တိုင်အောင် မိမိတို့၏ ဒေသအရင်းအမြစ်အစစ်အမှန်အတိုင်း ပေါ်ထွန်းလာခဲ့ကြသူများသာဖြစ်ကြောင်း နိုင်ငံတော်နှင့် လူမျိုးအတွက် ဂုဏ်ယူဝင့်ကြွားစွာ ရေးသားတင်ပြလိုက်ရပါသည်။ ။

ကိုးကားချက်

ဗိုလ်မှူးချုပ်သန်းထွန်း–မြန်မာ့ဦးစွန်းမြန်မာ့မော်ကွန်း

Johnathan Amos, 2003. Human Fossil Set European Record B. B. C. Science

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြတ်စွယ်တော်လှည့်လည် အပူဇော်ခံပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

ပြည်ခရိုင် ပေါက်ခေါင်းမြို့ လေးမျက်နှာစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၂၈)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် မြို့တွင်းသို့ လှည့်လည်အပူဇော်ခံပွဲကို ဇန်နဝါရီ ၁၀ရက် (စနေနေ့)က ကျင်းပရာ မြို့ပေါ်ငါးရပ်ကွက်မှ ယိမ်းအက၊ အလှပြများအပြင် ရန်ကုန်မြို့မှ အဆိုတော်များဖြစ်သော ရင်ဂို၊ ချောစုခင်၊ ဖြိုးကြီး၊ သျှားအိဘိုဘိုဟန်တို့၏ သီဆိုဖျော်ဖြေမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။ **(က-ပ)**

စာတ်ပုံပညာရှင်များအမျိုးသားရေးတာဝန်ကိုခေတ်အဆက်ဆက်ဦးထိပ်ပန်ဆင်ခဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးတွင်ကျရာအခန်းကဏ္ဍကပါဝင်

ရန်ကုန် ဇန်နဝါရီ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပခဲ့သော (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး (အပေါ်ပုံ) ဆုများကို ချီးမြှင့်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌနှင့် ဓာတ်ပုံပညာရှင်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် ဆုရဓာတ်ပုံပညာရှင်များ တက်ရောက်ကြသည်။

အနုပညာစွမ်းရည်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ ဓာတ်ပုံပညာရှင်များ၏ အရည်အသွေး တိုးတက်မြင့်မားရေးနှင့် ယနေ့ တည်ဆောက်နေသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်၏ ပုံရိပ်များ၊ တန်ဖိုးကြီးမားသော ယဉ်ကျေးမှုအမွေအနှစ်များကို ဓာတ်ပုံပညာဖြင့် ပီပြင်ထိရောက်စွာ ဖော်ထုတ်ပြသနိုင်ရေးတို့ကို အလေးထားဆောင်ရွက်နေသကဲ့သို့ ဆက်လက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဓာတ်ပုံပြိုင်ပွဲများ ကျင်းပရခြင်းသည် နိုင်ငံတစ်ဝန်းလုံး၌ရှိသည့် ဓာတ်ပုံပညာရှင်များအနေဖြင့် မိမိတို့၏ အနုပညာစွမ်းရည်ကိုပြသသည့် ဓာတ်ပုံများကို ဖော်ထုတ်နိုင်ကြရန်ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံသည် သဘာဝ တော၊ တောင်၊ ရေ၊ မြေ အလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် သာယာလှပမြတ်နိုးဖွယ်ကောင်းသည့်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံ၏ မြောက်ဘက်တွင် နှင်းဖုံးတောင်တန်းကြီးများရှိသကဲ့သို့ နိုင်ငံ၏ အနောက်ဘက်နှင့် တောင်ဘက်တို့တွင် ရှည်လျားသော သဲသောင်ဖွေးဖွေး ရှုမောဖွယ်ရာ ပင်လယ်ကမ်းခြေ အလှအပများရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ သယံဇာတကြွယ်ဝပုံ၊ မြန်မာ့ရေ၊ မြေ၊ တော၊ တောင်၏ ဆွဲဆောင်မှုရှိပြီး လှပပုံများကို ဖော်ထုတ်ပြသကြရမည်ဖြစ်ကြောင်း။

ပီပြင်စွာဖော်ညွှန်း

ယနေ့အချိန်အခါတွင် မြန်မာတိုင်းရင်းသားအပေါင်းသည်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို မူဝါဒလမ်းစဉ် ခုနစ်ရပ်ချမှတ်ပြီး တည်ဆောက်နေကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်သစ်ဆီသို့ အရှိန်အဟုန်ပြင်းစွာ တည်ဆောက်နေကြပုံများကိုလည်း ဓာတ်ပုံပညာရှင်များအနေဖြင့် ပီပြင်စွာ ဖော်ညွှန်းသွားကြရန် လိုကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဓာတ်ပုံပညာ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်သော်လည်းကောင်း၊ မြန်မာနိုင်ငံဓာတ်ပုံအသင်းဝင်များ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်သော်လည်းကောင်း အမြဲတမ်း ပူးပေါင်းဆောင်ရွက်ရန်၊ ပံ့ပိုးကူညီရန်အသင့်ရှိကြောင်းကို ပြောကြားလိုကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ မီဒီယာလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် ဓာတ်ပုံပညာရှင်များကလည်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

ဓာတ်ပုံပညာရှင်များသည် အမျိုးသားရေးတာဝန်ကို ခေတ်အဆက်ဆက် ဦးထိပ်ပန်ဆင် ဆောင်ရွက်ခဲ့ခြင်းကို ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့ခဲ့ရကြောင်း၊ ဆက်လက်၍လည်း ယနေ့ကြိုးပမ်း အကောင်အထည်ဖော်နေသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင်လည်း ကျရာအခန်းကဏ္ဍက ပါဝင်တည်ဆောက်ရေး၊ ဓာတ်ပုံလောက အဆင့်အတန်း ပိုမိုမြင့်မားရေးနှင့် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ အဏ်ထော်ဏီ (မော်လမြိုင်)၊ ဒုတိယဆုရ ချစ်စရာ (ရန်ကင်း)နှင့် တတိယဆုရ ရွှေလှေမျိုးအောင်တို့အား ဆုများကို ချီးမြှင့်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အထူးဆုရရှိကြသော မောင်ဘဦး (မန္တလေး)၊ ညောင်ဦးဖိုးချို၊ ဦးနိုင်ဇေယျ (ဓာတ်ပုံကိုကိုနိုင်-စစ်ကိုင်း)၊ ဦးကျော်သာနှင့် စိုင်းခမ်းလင်းတို့အားလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က အထူးဆုရရှိကြသော ဆန်းဦး (တိမ်လွှာ)နှင့် ဦးစိုးမင်း (အောင်သီဟ)တို့အားလည်းကောင်း ဆုများကိုချီးမြှင့်ကြပြီး ဆုရဓာတ်ပုံပညာရှင်များကိုယ်စား ပထမဆုရ အဏ်ထော်ဏီ(မော်လမြိုင်)က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဆုရဓာတ်ပုံများကို ကြည့်ရှုပြီး ဆုရဓာတ်ပုံပညာရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ ဆုရရှိသူများ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားတွင် ဆုရရှိသူတစ်ဦးအားဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အိုင်တီပညာဖွံ့ဖြိုးရေးသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF)နှင့် The Association for Overseas Technical Scholarship (AOTS) တို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် Application Systems Engineer Examination Course (MYAE) သင်တန်းကို လှိုင်တက္ကသိုလ်နယ်မြေ MICT Park ရှိ e-Learning Center ၌ ဖေဖော်ဝါရီ ၂၃ ရက်မှစ၍ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

စိတ်ပါဝင်စားသည့် အသက် ၂၀ နှင့် ၄၀ အတွင်းရှိ ဘွဲ့တစ်ခုခုရရှိပြီး IT ပညာရပ်တွင် အတွေ့အကြုံ အနည်းဆုံးသုံးနှစ်ရှိသူမည်သူမဆို ဇန်နဝါရီ ၂၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ရုံး ဖုန်း-၆၅၂၃၀၇၊ ၇၀၇၅၀၃ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၁)အဖွဲ့ဥက္ကဋ္ဌ တိုင်းရင်းသား ခေါင်းဆောင် ဦးဖုန်ကြားရှင်နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧဒယျာသီရိ ဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြကြသည်။

တင်ပြဆွေးနွေး

ဆက်လက်၍ တိုင်းရင်းသားခေါင်းဆောင်များက မူးယစ်ဆေးဝါး ပပျောက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစားထိုးသီးနှံ စိုက်ပျိုးရေးကိုလည်း အစိုးရလမ်းညွှန်မှုဖြင့် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ လမ်းတံတားလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်က ကူညီပံ့ပိုးပေးရေးတင်ပြဆွေးနွေးကြသည်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းလုပ်ငန်းညှိနှိုင်းစည်းဝေး ပြည်တွင်းသုံးစွဲမှုဖူလုံစေရန်တိုးတက်ထုတ်လုပ်ရေးဝန်ကြီးမှာကြား

ရန်ကုန် ဇန်နဝါရီ ၁၉

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယမန်နေ့နံနက် ၈ နာရီက ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ၂၀၀၃-၂၀၀၄ခုနှစ် စတုတ္ထသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။(အောက်ပုံ) အစည်းအဝေးတွင် လွန်ခဲ့သည့် တတိယသုံးလပတ်ကာလအတွင်း ရေနံမြေအလိုက် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော် ထုတ်လုပ်နိုင်ခဲ့မှုအခြေအနေများကို ပြန်လည်သုံးသပ်ပြီး စတုတ္ထသုံးလပတ်ကာလအတွက် ရေနံမြေအလိုက်ရေနံနှင့် သဘာဝဓာတ် ငွေ့တူးဖော်ထုတ်လုပ်ရမည့် အစီအစဉ် များကို ချမှတ်သည်။ ထို့နောက် ဝန်ကြီးက ပြည်တွင်းသုံးစွဲမှုဖူလုံစေရန် ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်ရေး၊ အလေအလွင့်ထိန်းသိမ်းရေးနှင့် မသမာမှုလျော့နည်းပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် နိဂုံးချုပ်အမှာစကားပြောကြားသည်။

ညနေ ၅ နာရီတွင် အဆိုပါ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသော မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်း၏ ၂၀၀၃-၂၀၀၄ ခုနှစ် စတုတ္ထသုံးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ဝန်ကြီးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ အစည်းအဝေးတွင် ပြီးစီးခဲ့သည့် တတိယသုံးလပတ် ကာလအတွင်း ဓာတ်မြေသြဇာထုတ်လုပ်နိုင်မှု အခြေအနေများကို ပြန်လည်သုံးသပ်ပြီး စတုတ္ထသုံးလပတ် ကာလအတွက် ဓာတ်မြေသြဇာစက်ရုံများချောမွေ့စွာ လည်ပတ်ထုတ်လုပ်နိုင်ရေး၊ လိုအပ်သော သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးကာ စက်ရုံအလိုက် ဓာတ်မြေသြဇာ တိုးတက်ထုတ်လုပ်ရမည့် အစီအစဉ်များကို ချမှတ်ခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ ICT ရက်သတ္တပတ်၊ ၂၀၀၄(ဇန်နဝါရီ ၂၁ – ဇန်နဝါရီ ၂၇)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၁)ရက်	
၀၇:၃၀ နာရီ	ဖွင့်ပွဲအခမ်းအနား Projects Launching
၁၃:၀၀ နာရီ	Professional Certification (Seminar & Ceremony)
၁၃:၀၀ နာရီ	Capability Maturity Model Integration (Workshop)
၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၂)ရက်	
၀၉:၀၀ နာရီ	Role of women in ICT Industry (Workshop)
၀၉:၀၀ နာရီ	PKI application (CA)
၁၃:၀၀ နာရီ	Myanmar Language Implementation (Workshop)
၁၃:၀၀ နာရီ	Hardware Trend for software developers (Seminar)
၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၃)ရက်	
၀၉:၀၀ နာရီ	Database Trend Technology (Workshop)
၁၃:၀၀ နာရီ	Object Oriented Software Development With Unified Modeling Language (Workshop)
၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၄)ရက်	
၀၉:၀၀ နာရီ	Software Products for SME (Presentation & Promotion)
၁၃:၀၀ နာရီ	Software Products for SME (Presentation & Promotion)
၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၅)ရက်	
၀၉:၀၀ နာရီ	Security issues and related products (Seminar)
၁၃:၀၀ နာရီ	e-Procurement (Seminar)
၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၆)ရက်	
၀၉:၀၀ နာရီ	Wireless and broadband application (Seminar)
၁၃:၀၀ နာရီ	Myanmar National Counter-Strike Championship Final

နည်းပညာပြပွဲများကို ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၁)ရက်နေ့မှ ဇန်နဝါရီလ(၂၇)ရက်နေ့ အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသမည်ဖြစ်ပါသည်။
ကျင်းပပြုလုပ်မည့်နေရာ ။ ။ MICT Park ရန်ကုန်မြို့။

မြန်မာ ICT ရက်သတ္တပတ်
၂၀၀၄ ခုနှစ်
(၂၁-၁-၂၀၀၄)ရက်မှ (၂၇-၁-၂၀၀၄)ရက်ထိ
MICT Park၊ ရန်ကုန်မြို့

မြသိင်္ဂီဓမ္မာရုံ တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

တာမွေမြို့နယ် ကျားကွက်သစ်(စံပြ)ရပ်ကွက် မြသိင်္ဂီဓမ္မာရုံက ကြီးမှူးကျင်းပသော ပဌမအကြိမ် အထူးတရားပွဲများကို ဣန္ဒြာသယလမ်း ဓမ္မသဘင်၌ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၀ရက်တွင် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ–သထုံ)၊ ၂၁ ရက်တွင် အရှင်အာစာရာလင်္ကာရ(ရွှေဟင်္သာတောရ–စစ်ကိုင်း)၊ ၂၂ရက်တွင် အရှင်သီရိန္ဒာဘိဝံသ(ယောဆရာတော်)၊ ၂၃ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်) အရှင်သူမြတ်တို့က ညစဉ် တရားတော်များကို ဟောကြား ပြသမည်ဖြစ်ကြောင်း သိရသည်။**(က–ပ)**

သာယာမည်

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့သာယာမည်။

ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်ပုံမှန်သက်တမ်းတိုးခြင်း သက်မှတ်ကာလမကုန်ဆုံးမီဆောင်ရွက်နိုင်ရန်အသိပေးနှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၁၉

၂၀၀၃ခုနှစ်တွင် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသော ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များ၏ လိုင်စင်သက်တမ်းမှာ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ကုန်ဆုံးပြီဖြစ်သည်။

၂၀၀၄ခုနှစ်အတွက် လိုင်စင်ခွန်ပေးဆောင်၍ သက်တမ်းတိုးမြှင့်ခြင်းနှင့်ပတ်သက်၍ ၂၀၀၃ခုနှစ် နိုဝင်ဘာ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်လိုင်စင်ခွန်များပေးဆောင်ရန် နှိုးဆော်ချက်ကို နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပြီးဖြစ်သည်။

ဖော်ပြပါနှိုးဆော်ချက်၌ ၂၀၀၄ခုနှစ်အတွက် လိုင်စင်ခွန်ပေးဆောင်၍ သက်တမ်းတိုးမြှင့်ခြင်းကို သက်တမ်းကုန်ဆုံးသည့်နေ့မှ ရက်ပေါင်း၃၀ အတွင်း ပြုလုပ်ရမည်ဖြစ်ပြီး သတ်မှတ်ရက်ကျော်လွန်မှ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားပါက ရက်လွန်ကြေး ကျပ် ၃၀၀၀ ပေးဆောင်ရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ၂၀၀၄ခုနှစ်အတွက် လိုင်စင်များ ပုံမှန်သက်တမ်းတိုးခြင်းကို ဇန်နဝါရီ ၁ ရက်မှ ၃၀ ရက်အထိ အပြီးဆောင်ရွက်ကြရန် သက်ဆိုင်ရာက အသိပေးနှိုးဆော်ချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေ့နေချုပ်နှင့် ပြည်နယ်/တိုင်းဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပပြီးစီး

ရန်ကုန် ဇန်နဝါရီ ၁၉

ရှေ့နေချုပ်နှင့် ပြည်နယ်/တိုင်း ဥပဒေအရာရှိများ၏ (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ(၂)၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲသို့ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယ ရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်၊ ဦးဟန်ရှိန်နှင့် ဦးမြင့်နိုင်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်း၊ ရှေ့နေချုပ် ရုံးခွဲ(မန္တလေး) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်း ဥပဒေအရာရှိများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ရှေ့နေချုပ်ရုံး ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲတွင် ပြည်နယ်/တိုင်း ဥပဒေအရာရှိများ၏ အစီရင်ခံစာများအပေါ် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးများက မိမိတို့ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အမှာစကားပြော

ဆက်လက်၍ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်၊ ဦးဟန်ရှိန်၊ ဦးမြင့်နိုင်နှင့် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းတို့က ဆွေးနွေးမှာကြားပြီး ရှေ့နေချုပ် ဦးအေးမောင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

ဟာသဂျာနယ် အတွဲ(၂)၊အမှတ်(၂၅)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၉

ကာတွန်းမြင့်သိန်း၏ မျက်နှာဖုံး ကာတွန်းနှင့် စံရွှေမြင့်ကာတွန်းဇာတ်လမ်းအပါအဝင် ဆရာသာဂဒိုး၊ မြေဇာ၊ ဆောင်းဝင်းလတ်၊ စိန်ကတုံး၊ ဆြာကြီးထိန်၊ ဆြာလိုင်သက်ခင်း၊ သန်လျင်မောင်မောင်ဦး၊ ကာတွန်းမြင့်စိုးလေး၊ မောင်ဉာဏ်ကျယ်၊ ဖိုးဉာဏ်၊ ချစ်ကိုကိုယု၊ ဆကာကြီး ထိပ်တင်ဗလရှင်၊ မာန်သွေးသစ်မင်း၊ ကျော်ဇောဟိန်း(ဒေါပုံ)တို့၏ ဟာသရသအတွေးအရေးများဖြင့် ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၂၅)ကို ဝါမိုးအောင်စာပေ အမှတ်၅၂၉၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့က ယနေ့ဖြန့်ချိကြောင်းသိရသည်။ **(အပေါ်ပုံ) (က–ပ)**

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲဆုချီးမြှင့်

သားငါးပွံ့ပြိုး ပြည်အကျိုး

ရန်ကုန် ဇန်နဝါရီ ၁၉

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်(IFT)နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်(TFM)တို့ ကြီးမှူးကျင်းပသော အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကများ၊ အပြည်ပြည်ဆိုင်ရာ တင်းနစ်ဖွံ့ဖြိုးရေးအရာရှိ Mr. Suresh Menon နှင့် အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF)မှတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများနှင့်သံရုံးအဖွဲ့ဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co.,Ltd.)နှင့် အတွင်းရေးမှူး ဒေါက်တာတင်အောင်လင်း (Aung Mingalar Co., Ltd.)၊ အမှုဆောင်အဖွဲ့ဝင် ဗိုလ်မှူးတင်စောနိုင် (ကာကွယ်ရေးဝန်ကြီးဌာန)နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ တင်းနစ်ဖွံ့ဖြိုးရေးအရာရှိ Mr. Suresh Menonကဆုချီးမြှင့်ပွဲ အထိမ်းအမှတ်အဖြစ် ကျေးဇူးတင်စကား ပြောကြားသည်။

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲ အမျိုးအစား တစ်ခုချင်းစီ၌ ဆုရရှိခဲ့ကြသော ဆုရအားကစားသမားများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co., Ltd.)တို့က ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲ၏အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ မြန်မာအသင်းမှ ဖြိုးမင်းသာနှင့် အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုရ မလေးရှားအသင်းမှ Noordin၊ အကောင်းဆုံးအမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲဝင်အသင်းအဖြစ် မြန်မာအသင်းမှ ဖြိုးမင်းသာနှင့် ဝင်းထက်ပိုင်တို့ကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်းက ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြိုင်ပွဲ၏ အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ မြန်မာအသင်းမှ ဖြိုးမင်းသာအား ချီးမြှင့်ပေးအပ်သော ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းက ပြိုင်ပွဲ၏ အမျိုးသား အကောင်းဆုံးအားကစားသမား ဆုရ ဖြိုးမင်းသာအား ချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများမှ အသင်းခေါင်းဆောင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြိုင်ပွဲဝင်နိုင်ငံအသီးသီးမှတာဝန်ရှိသူများနှင့် အားကစားသမားအသီးသီးက တေးသံသာများသီဆိုပြီးအဖွဲ့လိုက် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့သော ဆပ်ကော်မတီများအား တာဝန်ရှိသူများက အဖွဲ့လိုက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက်ပြိုင်ပွဲဝင်အသင်းများ၏ ကိုယ်စား အသင်းခေါင်းဆောင်တစ်ဦးနှင့် အားကစားသမားတစ်ဦးတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။

ဆုချီးမြှင့်ပွဲအပြီးတွင် မြန်မာနိုင်ငံတင်းနစ် အဖွဲ့ချုပ်က တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြိုင်ပွဲ၏အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ မြန်မာအသင်းမှ ဖြိုးမင်းသာအား ချီးမြှင့်ပေးအပ်သော ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယကဗိုလ်ချုပ်ကျော်ဝင်းက ပြိုင်ပွဲ၏ အမျိုးသားအကောင်းဆုံးအားကစားသမားဆုရ ဖြိုးမင်းသာအား ဆုချီးမြှင့်ပေးအပ်စဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် နှုတ်ဆက်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲတွင် အကောင်းဆုံးအားကစားသမားဆု ရရှိသူများနှင့် အမှတ်တရ ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲဒုတိယအကျော့ပွဲစဉ်များပြီးစီး အမျိုးသားတစ်ဦးချင်းပွဲစဉ်တွင် ဖြိုးမင်းသာပထမဆုနှင့် အကောင်းဆုံးအားကစားသမားဆုဆွတ်ခူး

ရန်ကုန် ဇန်နဝါရီ ၁၉

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF)နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်(TFM)တို့ကြီးမှူးကျင်းပသော အသက် (၁၄)နှစ်နှင့်အောက် အာရှဇုန် (၂) တင်းနစ်ပြိုင်ပွဲ (ITF 14 & Under Asian Championships 2004 Zone (2)) ဒုတိယအကျော့ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co., Ltd.) နှင့် အတွင်းရေးမှူး ဒေါက်တာတင်အောင်လင်း (Aung Mingalar Co., Ltd.)၊ အမှုဆောင်အဖွဲ့ဝင် ဗိုလ်မှူးတင်စောနိုင် (ကာကွယ်ရေးဝန်ကြီးဌာန)နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ တင်းနစ်အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

အမျိုးသားတစ်ဦးချင်း

အမျိုးသားတစ်ဦးချင်းဗိုလ်လုပွဲတွင် မြန်မာအသင်းမှ ဖြိုးမင်းသာက မွန်ဂိုလီးယားမှ Batrakh Munkhbastar ကို ၇–၅၊ ၆–၁ ဖြင့် အနိုင်ရရှိပြီး ပထမရရှိသွားသည်။

အမျိုးသမီးတစ်ဦးချင်း ဗိုလ်လုပွဲတွင် မလေးရှားမှ Noordin က သီရိလင်္ကာမှ Arudpragasamကို ၆–၁၊ ၆–၃ဖြင့် အနိုင်ရရှိပြီး ပထမရရှိသွားသည်။

အမျိုးသားနှစ်ယောက်တွဲ

အမျိုးသား နှစ်ယောက်တွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းမှ ဖြိုးမင်းသာနှင့် ဝင်းထက်ပိုင်တို့အတွဲက ပါကစ္စတန်မှ Babar နှင့် Nazir တို့ အတွဲကို ၂–၆၊ ၆–၂၊ ၆–၄ ဖြင့် အနိုင်ရရှိပြီး ပထမရရှိသွားသည်။

အမျိုးသမီးနှစ်ယောက်တွဲဗိုလ်လုပွဲ ပွဲစဉ်တွင် မလေးရှားမှ Noordin နှင့် Vythinathan တို့ အတွဲက သီရိလင်္ကာမှ Jayatilaka နှင့် မလေးရှားမှ Thirumalaichelvam တို့ အတွဲကို ၆–၂၊ ၆–၄ဖြင့် အနိုင်ရရှိပြီး ပထမရရှိသွားသည်။

အသက် ၁၄နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲ(ITF 14 & Under Asian Championships 2004 Zone-2) ယနေ့ပြီးစီးသွားပြီဖြစ်ရာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာအသင်းမှ ဖြိုးမင်းသာက ပထမအကျော့ပြိုင်ပွဲနှင့် ဒုတိယအကျော့ပြိုင်ပွဲ နှစ်ရပ်စလုံးတွင်ပထမဆုရရှိပြီး အမှတ်အများဆုံးဖြင့် ပထမရရှိသွားသည်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မလေးရှားမှ Noordin က ပထမအကျော့ပြိုင်ပွဲနှင့် ဒုတိယအကျော့ပြိုင်ပွဲ နှစ်ရပ်စလုံးတွင်ပထမဆုရရှိပြီး အမှတ်အများဆုံးဖြင့် ပထမရရှိသွားသည်။

အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းမှ ဖြိုးမင်းသာနှင့် ဝင်းထက်ပိုင်တို့အတွဲက ပထမအကျော့ပြိုင်ပွဲနှင့် ဒုတိယအကျော့ပြိုင်ပွဲ နှစ်ရပ်စလုံးတွင် ပထမရရှိသွားသည်။

အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမအကျော့ပြိုင်ပွဲ၌ မလေးရှားမှ Noordin နှင့် သီရိလင်္ကာမှ Jayatilaka တို့အတွဲက ပထမ၊ ဒုတိယအကျော့ပြိုင်ပွဲတွင် မလေးရှားမှ Noordin နှင့် Vythinathan တို့အတွဲက ပထမရရှိသွားကြသည်။

ပြိုင်ပွဲ၏ အမျိုးသားအကောင်းဆုံးအားကစားသမားဆုကို မြန်မာအသင်းမှ ဖြိုးမင်းသာနှင့် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုကို မလေးရှားအသင်းမှ Noordinတို့ ဆွတ်ခူးရရှိသွားကြသည်။

ရွေးချယ်ခံရ

ပြိုင်ပွဲအပြီးတွင် ပြိုင်ပွဲအမျိုးအစားတစ်ခုစီမှ အဆင့် (၁)မှ (၄)အထိ ရရှိသူများအား ITF Team အဖြစ် ရွေးချယ်ရာ ITF အမျိုးသားအသင်းတွင် တစ်နိုင်ငံတည်းမှ အားကစားသမားအများဆုံး နှစ်ဦးသာ ပါဝင်ခွင့်ရှိရာ မြန်မာနိုင်ငံမှ ဖြိုးမင်းသာနှင့် ဇင်ဘို၊ ITF အမျိုးသမီးအသင်းတွင် မြန်မာနိုင်ငံမှ မိုးချစ်သဲတို့ ရွေးချယ်ခံရသည်။

အဆိုပါ ITF ဇုန်(၂) ကိုယ်စားပြုအသင်းသည် လာမည့်ဖေဖော်ဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် Asian Championships ပြိုင်ပွဲသို့ တိုက်ရိုက်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

(သတင်းစဉ်)

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် အမျိုးသားတစ်ဦးချင်းဗိုလ်လုပွဲတွင် မွန်ဂိုလီးယားမှ Batrakh Munkhbastar ကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသွားသောမြန်မာနိုင်ငံမှ ဖြိုးမင်းသာအား ဖခင်ဖြစ်သူ ဦးကျော်၏ ကြည်နူးမှုနှင့်အတူ မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်ဦးက ဂုဏ်ပြုအနမ်းဖြင့် ဤသို့နှုတ်ဆက်ခဲ့သည်။

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

● *ထွန်းတောက်လာတော့မည့်မှ*

ဒုတိယအကျော့ပွဲစဉ်တွေ စစချင်း မွန်ဂိုလီးယားက Batrakh Munkhbastar နဲ့ မြန်မာက အောင်ကျော်နိုင် (ပလောင်တိုင်းရင်းသားကလေး)တို့ တွေ့ကြတယ်။ ဓာတ်ပုံထဲမှာ တွေ့ကြတဲ့အတိုင်းပဲ ကြက်တည်လေးနဲ့ စစ်တကောင်းကြက်ဖကြီးတို့ ခွပ်လိုက်ကြတာ၊ ဒီပွဲမှာတော့ အောင်ကျော်နိုင် (မြန်မာ)က ၆–၁၊၆–၂ နဲ့ ရှုံးသွားတယ်။

အဲဒီနေ့က ကမ္ဘာ့တင်းနစ်အဖွဲ့ချုပ်က Suresh Menonက ပြောတယ်။ မွန်ဂိုလီးယားအသင်း ပထမအကျော့ပွဲစဉ်မမီတာ မင်းတို့မြန်မာအသင်းကံကောင်းတယ်။ မဟုတ်ရင် ဖြိုးမင်းသာလည်း ပထမ မရနိုင်ဘူးလို့ ဆိုလာတယ်။ ဆိုလည်းဆိုလောက်တယ်။ Batrakh Munkhbastar ဆိုတဲ့ (၁၄)နှစ်အောက် တင်းနစ်သမားလေးက အရပ် (၆ ပေ ၂ လက်မ)ကိုယ်အလေးချိန်က ၁၃၅ ပေါင်၊ (၁၄)နှစ်အောက်မှာ ကစားနေတာ သုံးနှစ်ရှိပြီ။ သည်နှစ်နောက်ဆုံး မလေးရှားမှာကျင်းပတဲ့ Asian Junior Circut ရဲ့ Champion ဖြစ်တယ်။

မြန်မာ့တင်းနစ်ပရိသတ်ကလည်း မွန်ဂိုလီးယားအသင်းကို သိပ်ကို စိတ်ဝင်စားနေကြတယ်။ ကလေးတွေက ထွားထွားကြိုင်းကြိုင်းကြီးတွေ၊ အသားအရည်ကလည်း ဖွေးဖွေးနုနုနဲ့ ရဲတွတ်နေကြတယ်။ ထူးခြားတာက သုံးယောက်စလုံးရဲ့ခေါင်းက ဆံပင်တွေက တစ်ယောက်က အစိမ်း၊ တစ်ယောက်က အနီနဲ့ တစ်ယောက်က အဖြူရောင်ဆေးတွေ ဆိုးထားကြတယ်။

နောက်ဆုံးတော့ ဇန်နဝါရီ ၁၉ ရက်နေ့ နံနက် ၉ နာရီမှာ ဖြိုးမင်းသာနဲ့ မွန်ဂိုလီးယားက အကောင်းဆုံးဆိုတဲ့ (Batrakh Munkhbastar) ဆံပင်အဖြူရောင်တို့ ဖိုင်နယ်မှာ တွေ့ကြပြီ။ နာယက၊ အားကစားဝန်ကြီး၊ ဥက္ကဋ္ဌ၊ သံတမန်တွေ၊ တင်းနစ်ဝါသနာရှင်တွေနဲ့ ကျောင်းသား ကျောင်းသူတွေပါ ကွင်းလုံးပြည့်နေကြတယ်။ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယကကြီး ကိုယ်တိုင်က "ဖြိုးမင်းသာ မနိုင်နိုင်ဘူးဆိုတဲ့ တင်းနစ်သမားရဲ့လက်ရည်ကို သိအောင်လေ့လာရမယ်။ ကျွန်တော်တို့ မြန်မာကလေးတွေ ဘယ်လောက်ထပ်ကြိုးစားဖို့ လိုမလဲဆိုတာ သည်ပွဲမှာကြည့်ရမယ်လို့"ဝန်ကြီးကို ပြောသံကြားလိုက်ရတယ်။

ဆင်နဲ့ဆိတ်၊ ကြက်တည်လေးနဲ့ စစ်တကောင်းကြက်ဖကြီးတို့ရဲ့ပြိုင်ပွဲက စပါပြီ။ Batrakh Munkhbastar ကလည်း ကျော်သလောက်လည်း တော်ပါပေတယ်။ ပွဲစစချင်း ၅ ဂိမ်းဆက်တိုက်ရသွားတယ်။ ဖြိုးမင်းသာက တစ်ဂိမ်းပဲရသေးတယ်။ ပရိသတ်လည်း တော်တော်စိုးရိမ်သွားတယ်။ ဒါပေမယ့် လုံးဝအလျှော့မပေးဘူး။ ကောင်းလိုက်တဲ့စိတ်ဓာတ်၊ တော်လိုက်တဲ့ကလေး၊ ကြိုးစားလိုက်တဲ့ မြန်မာလေး။ လူကောင်သေးသလောက် ရိုက်ချက်တွေက တစ်ဂိမ်းထက်တစ်ဂိမ်းပြင်းပြင်းလာတယ်။ လက်ပြန်ရိုက်ချက် Back Hand ရော၊ လက်မှန်ရိုက်ချက် Fore Hand တွေပါ အမှားနည်းတယ်။ ခေါင်းပေါ်က ဖြတ်ရိုက်ချက် Over Headတွေများ ကောင်းသလားမမေးနဲ့ ပြင်းလည်းပြင်း မှန်လည်းမှန်။ "မြန်မာ့သတ္တိ၊ မြန်မာ့သွေးနဲ့ ဖြိုးမင်းသာလေး ကြိုးစားလိုက်စမ်း။ ပရိသတ်တွေရဲ့ ဩဘာသံကလည်း တစ်ဖြောင်းဖြောင်း၊ ဖြိုးမင်းသာရဲ့ ရိုက်ချက်တွေကလည်း ကောင်းမှကောင်း။ ၅–၁ ကနေ ၅–၂၊ ၅–၃၊ ၅–၄၊ ၅–၅၊ ၅–၆၊ ၅–၇ နဲ့ "ဖြိုးမင်းသာနိုင်ပြီ" ၆ ဂိမ်းဆက်တိုက် အနိုင်ရသွားတယ်။ ပရိသတ်တွေရင်ထဲမှာ ပီတိလှိုင်းတွေရိုက်ကုန်ပြီ၊ အားပေးနေကြတဲ့ မြန်မာ့အမျိုးသမီးတချို့ ဝမ်းသာလုံးဆို့ပြီး မျက်ရည်ကျကုန်ကြပြီ။

မွန်ဂိုလူထွားလေးလည်း အံ့အားသင့်နေပြီ။ မှန်းချက်နဲ့ နှမ်းထွက်က တစ်ခြားစီ၊ ဒုတိယပွဲစဉ်စတော့ ဖြိုးမင်းသာက အပေါ်စီး ၅–၀နဲ့ ဦးဆောင်ကစားနေပြီ။ Batrakh Munkhbastarက ဖြိုးမင်းသာရဲ့ကစားကွက်ထဲမှာ မိနေပြီ၊ ဘယ်ညာထောင့်လေးတွေထဲမှာပဲ အမှတ်တွေက တစ်မှတ်ပြီးတစ်မှတ် ဆေးနေရပြီ၊ ကြာလေလေ Batrakh Munkhbastar ရဲ့ကစားကွက်က ပျက်လေလေ၊ ဖြိုးမင်းသာရဲ့ လူကောင်သေးသလောက် Batrakh Munkhbastarနဲ့စာရင် လက်မောင်း၊ လက်ဖျံတွေသေးသလောက် ပခုံးအားသုံးပြီး တဝုန်းဝုန်း ရိုက်သွားတဲ့ ရိုက်ချက်တွေအောက်မှာ နာမည်ကြီး မွန်ဂိုလူထွားလေး Batrakh Munkhbastar ဟာ နှစ်ပွဲအပြတ်နဲ့ အရှုံးပေးသွားခဲ့ရပြီ။

လူကောင်ချင်းက အဆမတန်ကွာသော်လည်း လျင်မြန်မှု၊ တိကျသေချာမှု၊ သက်လုံကောင်းမှု၊ လေ့ကျင့်သားပြည့်ဝမှု၊ ပရိသတ်ရဲ့ အားပေးမှုတွေနဲ့ ၂၀၀၄ခုနှစ် အာရှဇုန်(၂) အမျိုးသားတစ်ဦးချင်းပြိုင်ပွဲမှာ ဖြိုးမင်းသာက မြန်မာ့ဂုဏ်ကို ဆောင်နိုင်ခဲ့တယ်။ ဝန်ကြီးနဲ့ နာယက၊ ဥက္ကဋ္ဌတို့ကလည်း အောင်နိုင်သူကို ချီးမြှောက်ဖို့ ကွင်းထဲဝင်လာကြတယ်။ နာယကကြီးကလည်း လက်ဆွဲနှုတ်ဆက်၊ ဥက္ကဋ္ဌကလည်း ဖြိုးမင်းသာလေးကို ချီးမြှောက်အားပေးနေချိန် ပရိသတ်ရဲ့ လက်ခုပ်သံကလည်း မစဲနိုင်ဘူးပေါ့။ ကွင်းလုံးပြည့် မြန်မာပရိသတ်တွေရဲ့ မျက်နှာပေါ်မှာတော့ ဂုဏ်ယူဝင့်ကြွားမှုတွေ တွေ့နေရတယ်။

စေတနာရှင်တွေကလည်း ဆုငွေတွေချီးမြှင့်လိုက်ကြတာ တစ်ထိုင်တည်းနဲ့ ကျပ်၁၀သိန်းကျော်ပဲ။ ယမန်နေ့ပွဲတွေနဲ့ပါ ပေါင်းလိုက်ရင် ပွဲကြည့်ပရိသတ်တွေရဲ့ ဆုကြေးငွေ ကျပ်သိန်း၂၀ကျော် ဖြိုးမင်းသာလေး လက်ခံရရှိလိုက်တယ်။ ပွဲစဉ်တွေပြီးတော့ နာယကနဲ့ ဥက္ကဋ္ဌက ရှေ့ဆက်ပြီးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တွေနဲ့ ယခုပြိုင်ပွဲရဲ့အားနည်းချက်၊ အားသာချက်တွေကို အရှိကို အရှိအတိုင်း သတင်းနဲ့စာနယ်ဇင်းသမားတွေကိုဖိတ်ပြီး ရှင်းပြပါ့မယ်လို့ ပြောတယ်။ လေးစားဂုဏ်ယူပါတယ် တင်းနစ်အဖွဲ့ချုပ်လို့သာ ပြောလိုက်ချင်ပါတော့တယ်။ ။

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက် (အဖိတ်နေ့)

၂၀–၁–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၁၀ ၆။ အကပြိုင်ပွဲ
၈:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar Made Easy

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၇:၃၀ ၇။ ခံစားနားဆင် တေးဓာတ်ဝင်
၁၇:၄၀ ၈။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၇:၅၀ ၉။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၂။ Milo Success in Soccer
၁၉:၁၀ ၁၃။ Myanmar ICT Week ဂုဏ်ပြုအစီအစဉ်(အပိုင်း–၂)
၁၉:၂၅ ၁၄။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၁၉:၄၀ ၁၅။ ယှဉ်ပြိုင်ကာနွဲ့အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **" တုံ့မယူလို "**(အပိုင်း–၁၆)
၂၀။ Calcio Serie A High-light
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၂၀–၁–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှုးဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ပထမနှစ်(စိတ်ပညာ)
(ခ)ပထမနှစ်(ဒဿနိကဗေဒ)
၅:၃၀ ၈။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ မြန်မာ့ရှုခင်း
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အချစ်လေပြည်"** (အပိုင်း–၈)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ လျှပ်တစ်ပြက်
၁၉။ တိုင်းကျိုးပြည်ပြုတည်ဆောင်မှု
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (အပိုင်း–၂၀)

မြန်မာ့မီးရထားအငြိမ်းစားများ သင်းလုံးကျွတ်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာ့မီးရထားအငြိမ်းစားများ အသင်း၏ ၂၀၀၄ခုနှစ်အတွက် သင်းလုံးကျွတ်အထူးအစည်းအဝေးကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့မီးရထားရုံးချုပ် မြေညီထပ် အစည်းအဝေးခန်းမ၌ ဇန်နဝါရီ၂၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်၍ အသင်းဝင်များ အစည်းအဝေးမစမီ နံနက်၁၁ နာရီ အရောက် မပျက်မကွက် လာရောက်ကြရန် အငြိမ်းစား အသင်းဝင်များအား ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

ဆရာဦးလေးမြိုင် စီစဉ်သည့် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလထုတ် ဓမ္မရတနာဓမ္မမဂ္ဂဇင်းကို နှလုံးလှစာပေ၊ အမှတ် ၅၊ လမ်း ၁၀၀၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၂၉၀၉၈၁ က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သော ဓမ္မရတနာ ဓမ္မမဂ္ဂဇင်း မျက်နှာဖုံး။

(က–ပ)

ဂွမြို့ပင်လယ်ကမ်းရိုးတန်းဒုတိယဝန်ကြီးလှည့်လည်စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၆ ရက်တွင် ရခိုင်ပြည်နယ် ဂွမြို့သို့ရောက်ရှိကာ ပင်လယ်ကမ်းရိုးတန်း တစ်လျှောက် ကင်းစခန်းချထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ထို့နောက် သံတွဲမြို့သို့ရောက်ရှိပြီး ခရိုင်ဦးစီးဌာနမှူးရုံးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ခရိုင်နှင့် မြို့နယ်ဝန်ထမ်းများအားတွေ့ဆုံ၍ လိုအပ်သည်များကိုမှာကြားသည်။

ဇန်နဝါရီ ၁၇ ရက်တွင် ဇရာဝတီတိုင်း ပုသိမ်မြို့သို့ရောက်ရှိပြီး တိုင်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ တိုင်း၊ ခရိုင်၊ မြို့နယ်ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၁၈ ရက်တွင် မြောင်းမြ–အိမ်မဲ–ဝါးခယ်မမြစ်ဆုံသို့ရောက်ရှိပြီး ပင်လယ်ဘက်မှ သင်္ဘောများ၊ စက်လှေကြီးများ ဝင်/ထွက် သွားလာမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားကြောင်းသတင်း ရရှိသည်။

(သတင်းစဉ်)

ဟုမ္မလင်းမြို့နယ်အားကစားရုံဖွင့်ပွဲကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၁၉

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် အားကစားရုံဖွင့်ပွဲကို ဇန်နဝါရီ ၁၃ရက် မွန်းလွဲ ၂နာရီကကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အနောက်မြောက်တိုင်းစစ်ဌာန ချုပ်မှ ဗိုလ်မှူးကြီးထွန်းညို၊ ဟုမ္မလင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားဝါသနာရှင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးက စက်ခလုတ်နှိပ်၍ အားကစားရုံကို ဖွင့်လှစ်ပေးပြီး အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်ရေးအတွက် နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ အားကစားကွင်း၊ အားကစားရုံများကိုလည်း တိုးချဲ့တည်ဆောက်ပေးလျက်ရှိကြောင်း၊ ယခုအားကစားရုံကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းစောင့်ရှောက်သွားရန်၊ အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပ၍ မျိုးဆက်သစ်အားကစားသမားများ ရွေးချယ်ဖော်ထုတ်သွားကြရန် မှာကြားသည်။ ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက အားကစားရုံ တည်ဆောက်မှု အခြေအနေများကို တင်ပြသည်။ ဆက်လက်၍ ဝန်ကြီးက အားကစားပစ္စည်းများကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဝန်ကြီးသည် ဇန်နဝါရီ ၁၄ရက်တွင် ဟုမ္မလင်းမြို့နယ် ထမံသီကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်း ဖွင့်ပွဲသို့ တက်ရောက်၍ စခန်းကို ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် ထမံသီ ကျေးရွာတိုက်နယ်ဆေးရုံတွင် ကျေးရွာလူထုအား တွေ့ဆုံ၍ ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားစက် တစ်လုံးနှင့် အားကစားပစ္စည်းများကို ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်းအတွက် ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ၁၆ရက်က မရမ်းကုန်းမြို့နယ် အမှတ် (၉)ရပ်ကွက် ဝိဇ္ဇောတာရုံ စာသင်ကျောင်းတိုက်၌ သာသနာ့ဝင်စီစစ်ရေးကတ်ပြားများ ပေးအပ်ပွဲ အခမ်းအနား ကျင်းပပြုလုပ်ရာ ရဟန်း၊ သာမဏေ ၁၈၅ ပါးတို့အား မြို့နယ် သာသနာရေးဦးစီးဌာနမှူး ဦးကိုကိုသော်က သာသနာ့ဝင် စီစစ်ရေးကတ် ဆက်ကပ်လှူဒါန်းစဉ်။

(၄၂၁)

ဦးငွေအောင်၏သားမောင်ရဲမြတ် ရောင်စဉ်ပုံနှိပ်တိုက် အမှတ်၁၆၃၊ ၄၈လမ်း ဗိုလ်တထောင်မြို့နယ်တို့က နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ငွေကျပ် နှစ်သိန်း တန်ဖိုးရှိ ဂုဏ်ပြုလွှာကတ်ပြားနှစ်ထောင်ကိုလှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန့်နှင့်ဒုတိယဥက္ကဋ္ဌ ဦးကျော်သူတို့က လက်ခံယူကြစဉ်။

(က-ပ)

ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးအသင်း သစ်သီးနှင့်ပန်းအလှပြင်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်း၏ သစ်သီးနှင့်ပန်း အလှပြင်သင်တန်း အမှတ်စဉ် (၂/၂၀၀၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမ ဆောင်၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီနာယက ဒေါ်ခင်သက်ဌေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက ပန်းအလှပြင် ဆုရရှိကြသူများကို လည်းကောင်း**(ယာပုံ)**၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ဇနီး ဒေါက်တာခင်ဆန်းနွယ်က သစ်သီးအလှပြင် ဆုရရှိကြသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီ နာယကအဖွဲ့ဝင် ဒေါ်ဆွေဆွေဦးနှင့် ဒေါ်ဝင်းဝင်းမော်တို့က သင်တန်းနည်းပြဆရာများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီနာယကအဖွဲ့ဝင် ဒေါ်နန်းလှစီက သင်တန်းဆင်း လက်မှတ်များကို သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်း

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ Peony Co., Ltd. မှ ဒါရိုက်တာ ဦးအောင်အောင်၊ Steel Line Co., Ltd.မှ ဦးအောင်ဇော်ဝင်း၊ ကံ့ကော်ဆောက်လုပ်ရေးမှ ဦးသန်းထိုက်တို့က အလှူငွေကျပ် နှစ်သိန်းစီ၊ ဦးကြူမိသားစုဂျုံစက်မှ ဦးမျိုးဦးက အလှူငွေကျပ်တစ်သိန်း အပါဝင် အလှူရှင်များက အလှူငွေကျပ်ခုနစ်သိန်းကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

(သတင်းစဉ်)

လှမောင်လတ် ရေးသား ပူဇော်ပြီး လှိုင်ဆမ်ဆစ် စာပေ ဖုန်း-၂၂၅၇၀၂ က စီစဉ်ထုတ်ဝေသော ပါရမီခရီးလမ်းမှ မိုင်းဖုန်းဆရာတော်စာအုပ်မျက်နှာဖုံး။

(က-ပ)



လူ့စွမ်းအားနှင့်ပျံသန်းခြင်း စာအုပ်ထွက်လာ

ရန်ကုန် ဇန်နဝါရီ ၁၉

Wright brothers တို့ လေဟုန်စီးလေယာဉ် စတင်စမ်းသပ်ပျံသန်းခဲ့သည့်နေ့မှာ ၁၉၀၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်ဖြစ်၍ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်က နှစ် (၁၀၀) ပြည့်ခဲ့သည်။ စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်၏မြေး 'ဂျူနီယာဝင်း' ပြုစုရေးသားသည့် 'လူ့စွမ်းအားနှင့် ပျံသန်းခြင်း'စာအုပ်သည် လေယာဉ်သမိုင်းအစမှ ယခုထိ အဆင့်ဆင့်တိုးတက် တီထွင်ကြံဆ အကောင်အထည် ဖော်ခဲ့ကြသည်များကို အသေးစိတ် လေ့လာရေးသားဖော်ပြထားသည်။ ဒေါင်း စာပေက ဖြန့်ချိသည်။

(ဝဲပုံ) (က-ပ)

ဆုချီးမြှင့်

ဇန်နဝါရီ ၅ ရက်က လှိုင်သာယာမြို့နယ် အထက (၂) စုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးဖေမာန်က တက္ကသိုလ်ဝင်တန်း သုံးဘာသာဂုဏ်ထူးရှင် မယမင်းဆွေအား ဆုချီးမြှင့်စဉ်။

(က-ပ)

ဆုချီးမြှင့်

ဇန်နဝါရီ ၃ ရက်က ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကိုဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမက(၁၀) ခန်းမတွင် ပြုလုပ်ရာ ကျောင်းအုပ်ဆရာကြီးက စတုတ္ထတန်း(ခ)မှ မသင်းလဲ့သဇင်အား ဆုချီးမြှင့်စဉ်။

(က-ပ)

သောဘနာလင်္ကာရာဘယရုံသိမ်သမုတ်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

မန္တလေးတိုင်း မန္တလေးမြို့ မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော် သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တ သာသနာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်နှင့် မန်းမြို့ မြင်းဝန်မင်းကြီးတိုက် မန်းခေတ္တရာကျောင်းဆရာတော် ဘဒ္ဒန္တ ကုန္ဒကပဏ္ဍိတအဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအား အမှူးထားလျက် နောက်ပါသံဃာတော်ရှစ်ပါးတို့နှင့်အတူ (၁၃၆၅ ခု တပို့တွဲလဆန်း ၉၊ ၁၀ ရက်) ဇန်နဝါရီ ၃၀၊ ၃၁ ရက်မှစ၍ ဧယျာဝတီမြို့ ဧယျာဝတီ ဆရာတော် ဘဒ္ဒန္တ သောဘန၏ ဓမ္မာရုံကျောင်းတိုက်ကြီးတွင် သောဘနာ လင်္ကာရာဘယရုံသီဝိသုံဂါမသိမ်သမုတ်ပွဲ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

ဇန်နဝါရီ ၃ ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ် (၁၁) အခြေခံပညာ မူလတန်းကျောင်းတွင် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေး စုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွဲ့နွဲ့ရီက သူငယ်တန်းတွင် ဘက်စုံထူးချွန်ဆုရရှိသူ မခင်သူထက်အား ဆုချီးမြှင့်စဉ်။

(က-ပ)

▼ *ကျောဖုံးမှ*

ပြည်ထောင်စုကြီးတွင် မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးတို့တွင် ယင်းတို့၏ ဘာသာစကား၊ စာပေယဉ်ကျေးမှုဓလေ့ထုံးစံ၊ အနုပညာနှင့် ရိုးရာဓလေ့ရာသီပွဲတော်များ အသီးသီးရှိကြရာ ကယားတိုင်းရင်းသားတို့၏ ကယားရိုးရာကောက်သစ်စားပွဲတော်သည်လည်း ထင်ရှားသောပွဲတော်တစ်ခုဖြစ်သည်။

ငွေတောင်ပြည်

ကယားယဉ်ကျေးမှုနှင့် ရိုးရာနှစ်သစ်ကူးကောက်သစ်စားပွဲအကြောင်းကို ကယားစာပေနှင့်ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)ဥက္ကဋ္ဌ ဦးသေးရယ်က ရှင်းလင်းပြောကြားရာတွင် ကယားပြည်နယ်တွင် ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်များရှိကြကြောင်း၊ ငွေတောင်ကိုအကြောင်းပြု၍ ကယားတို့ဌာနီ ငွေတောင်ပြည်ဟုတင်စားခေါ်ကြကြောင်းရှင်းပြသည်။

ကယားတိုင်းရင်းသားလူမျိုးများသည် တောတောင်ထူထပ်ရာ ဒေသများတွင် နေထိုင်ကြပြီး တောင်ယာခုတ်၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြကြောင်း၊ တောင်ယာ၊ လယ်ယာမှ စပါးကောက်ပဲ သီးနှံရိတ်သိမ်းပြီးစီး၍ စပါးသီးနှံ အောင်မြင်ပြီးစီးကြောင်း အထိမ်းအမှတ်ဖြင့် ကောက်သစ်ဆန်များ၊ သီးနှံများကို ဦးဦးဖျားဖျားချက်ပြုတ်စားသောက်ပြီး အလှူပွဲများ ပြုလုပ်ကြကြောင်း ဆက်လက်ရှင်းပြသည်။

ရည်ရွယ်ချက်

ရိုးရာဓလေ့ပွဲများကျင်းပသောအခါ တစ်နယ်တစ်ရပ်မှ မိတ်ဆွေသင်္ဂဟများ၊ ဆွေမျိုးသားချင်းများအားလုံးကို ဖိတ်ကြားပြီး အစုံအလင်ရောက်လာသောအခါ လူငယ်မောင်မယ်များသည် လက်တွဲညီညီ အေးအတူပူအမျှ အတူတကွစည်းလုံးညီညွတ်စွာနေထိုင်ရေး၊ မိမိတို့ရပ်ရွာဒေသကို ချစ်မြတ်နိုး၍ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံ အစဉ်ထိန်းသိမ်းစောင့်ရှောက်ရေးစသည့် ကောင်းမြတ်သောရည်ရွယ်ချက်များဖြင့် ကြွရောက်လာကြသော မိတ်သင်္ဂဟများနှင့် ဧည့်သည်တော်များကို ကောက်သစ်ထမင်းများနှင့် ခေါင်ရည်၊ ထမင်းဟင်းလျာများဖြင့် ဧည့်ခံကျွေးမွေးကြကြောင်း သိရသည်။

ကယားတိုင်းရင်းသားတို့၏ ထင်ရှားသော ရာသီပွဲတော်များမှာ ကူးတိုးဘိုးခေါ် တံခွန်တိုင်ပွဲတော်၊ ဒီးကူခေါ် ကောက်ညှင်းထုပ်ပွဲတော်၊ ငှက်လိုက်ပွဲ၊ တောလိုက်ပွဲနှင့် ဖားစည်ပွဲတော်တို့ ဖြစ်ကြသည်။

ထိုရာသီပွဲတော်များအနက် ဒီးကူခေါ် ကောက်ညှင်းထုပ်ပွဲတော်သည် ဒုတိယအကြီးကျယ်ဆုံးနှင့် ပျော်စရာကောင်းသော ပွဲတော်ဖြစ်သည်။

ကောက်ညှင်းထုပ်များကို တစ်အိမ်နှင့်တစ်အိမ်၊ တစ်ရွာနှင့်တစ်ရွာ အပြန်အလှန် လက်ဆောင်အဖြစ် ပို့ပေးကာ မိတ်ဆွေသင်္ဂဟများ ချစ်ခင်ရင်းနှီးစွာ ကောက်ညှင်းကဲ့သို့ စည်းလုံးညီညွတ်မှု ခိုင်မြဲစေရန်ဖြစ်သည်။

ကောက်ညှင်းထုပ်ပွဲတော်

ကောက်ညှင်းထုပ် ပွဲတော်ကို ကျင်းပခြင်းအားဖြင့်ဆန်စပါး၊ကောက်ပဲသီးနှံ ကောင်းမွန်စွာဖြစ်ထွန်းစေရန် ဘေးအန္တရာယ်မကောင်းဟူသမျှနှင့် ကင်းရှင်းစေရန်၊ ရောဂါဘယ ကင်းရှင်းပပျောက်စေရန်နှင့် ဆွေမျိုးသားချင်းများ အချင်းချင်း စည်းလုံးညီညွတ်မှု ခိုင်မြဲစေရန်ဟူသော ကောင်းမြတ်သော ရည်ရွယ်ချက်များဖြင့် ကျင်းပကြသည်။

ကောက်သစ်စားပွဲတော် ကျင်းပခြင်းအားဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစေပြီး ယဉ်ကျေးမှုကို အစဉ်အမြဲထိန်းသိမ်းရေးစသည့် ကောင်းကျိုးများကို ခံစားရရှိပေသည်။

ကယားရိုးရာ ကောက်သစ်စားပွဲတော်ကို ဇန်နဝါရီ၁၅ ရက်မှ ၁၉ ရက်အထိ တိုင်းရင်းသားရိုးရာကပွဲများ၊ ရိုးရာခြင်းအလှခတ်ပြပွဲ၊ မျက် လှည့်ပွဲ၊ အငြိမ့်ပွဲနှင့် ကယားရိုးရာ အားကစားပြိုင်ပွဲများ ကျင်းပခဲ့ရာ လာရောက်ကြည့်ရှုအားပေးသူများဖြင့် အထူးစည်ကားခဲ့ပါကြောင်း ရေးသားတင်ပြအပ်ပေသည်။ ။

(မြန်မာ့အလင်း)

"ကောက်သစ်စားပွဲတော်ကျင်းပခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစေပါတယ်"
ဦးသေးရယ်
ကယားစာပေနှင့်ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)။

အမှတ်၃၂/A(1) ပြည်ထောင်စုရိပ်သာလမ်းနေ ဒေါက်တာအောင်မြင့် – ဒေါ်ခင်အေးမူ မိသားစုက ဗြဟ္မာဝိဟာရ ပရိယတ္တိစာသင်တိုက် ၁၆/၂ သဃ်ၤန်းကျွန်းရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ပေးအပ်လှူဒါန်းသည့် ငွေကျပ်တစ်သိန်းကို နာရေးကူညီမှုအသင်း အတွင်းရေးမှူး ဦးညွန့်တင်က လက်ခံရယူစဉ်။ (က–ပ)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌဖလားဆောင်းရာသီ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ၃၁ ရက် နံနက် ၆ နာရီတွင် မြို့တော်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် UMFCCI အသင်းသားများ၊ အသင်းဝင်ကုမ္ပဏီများနှင့် သမဝါယမအသင်းများမှ ဒါရိုက်တာများ၊ UMFCCI လက်အောက်ရှိ အသင်းများမှ အလုပ်အမှုဆောင်များတို့သည် ဇန်နဝါရီ ၂၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အမှတ် ၅၀၄/၅၀၆ ကုန်သည်လမ်း (၃၉လမ်းထောင့်) ကျောက်တံတားမြို့နယ်သို့ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။**(မြန်မာ့အလင်း)**

အိုလံပစ်ဂျာနယ် အမှတ်(၃၃၃)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၉

၂၀၀၃ခုနှစ် မြန်မာ့ဘောလုံးလှုပ်ရှားမှုမှတ်တမ်း၊ ပွဲစဉ်ထက်ဝက်ကျိုးကာနီးလာတဲ့ အဆင့်မြင့်တန်းအမှတ်ပေးပွဲ၊ ၂၀၀၄ခုနှစ် မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ၊ ဘက်ခမ်းပြဇာတ်၊ အရှိန်မြင့်မား အင်္ဂလန်နှင့် အီတလီပြိုင်ပွဲများ၊ ပရီမီးယားရှစ်၊ စပိန်လာလီဂါ၊ အီတလီစီးရီးအေ၊ သမိုင်းထဲကဘောလုံးစသည့် ဆောင်းပါးများ၊ မောင်ရဲဝင်း၊ သီဟအောင်၊ ကိုထွေး၊ ပလာယာ၊ ခန့်မောင်ထက်၊ ဖြူလင်း၊ စိုးမင်းထက်၊ လူသန့်အေး၊ ဟိန်းသန့်နှင့် လင်းသစ်တို့၏လက်ရာများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသော အိုလံပစ်ဂျာနယ်**(အပေါ်ပုံ)**ကိုထုတ်ဝေဖြန့်ချိထားကြောင်းသိရသည်။

(က–ပ)

ဘိန်းစိမ်း ၂၀ ဒသမ ၆၆ ကီလိုပင်လောင်းမြို့နယ်၌ဖမ်းမိ

ရန်ကုန် ဇန်နဝါရီ ၁၉

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာအုပ်စု ထိတလီကျေးရွာနေ ဦးအုန်း၏သားဦးပန်ဖေ၏နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ အိမ်ရှင်ဦးပန်ဖေအား ဘိန်းစိမ်း ၁၃ ဒသမ ၇၂ ကီလို၊ ငွေကျပ် ၁၁၀၀၀ တို့နှင့် အတူဖမ်းဆီးရမိခဲ့ပြီး သတင်းကွင်းဆက်ဖော်ထုတ်ချက်အရ တစ်ရွာတည်းနေ ဦးအုန်း၏သား ဦးအေးမောင်အား နေအိမ်သို့ ဆက်လက် သွားရောက်ရှာဖွေခဲ့ရာ အိမ်ရှင်ဦးအေးမောင်အား ဘိန်းစိမ်း ၆ ဒသမ ၉၄ ကီလိုနှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်းနှင့် ယင်းဖြစ်စဉ်တွင် တရားခံနှစ်ဦးအား စုစုပေါင်း ဘိန်းစိမ်း ၂၀ ဒသမ ၆၆ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိ တရားခံများနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၂ ရက်က ပင်လောင်းမြို့နယ်နေ ဦးပန်ဖေအား ဘိန်းစိမ်း ၁၃ ဒသမ ၇၂ ကီလိုနှင့်အတူ ဖမ်းမိစဉ်။
(သတင်းစဉ်)



၂၀၀၃–၂၀၀၄ ပညာသင်နှစ်တွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၏ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ညဘက်စာဖတ်စခန်းတွင် အားဖြည့်အာဟာရကျွေးမွေးခြင်းကို အလှူရှင် ဦးကုလားနှင့် မိသားစုက ဇန်နဝါရီ ၁၁ ရက်က တိုက်ကျွေးစဉ်။

(က–ပ)

ကူးစက်မြန်(ဦးနှောက်အမြှေးရောင်)ရောဂါကာကွယ်ရေး

(က) ရောဂါဖြစ်ပွားပုံ

* ဤရောဂါသည် ဘက်တီးရီးယားပိုးကြောင့်ဖြစ်သည်။
* တစ်ဦးမှတစ်ဦးသို့အသက်ရှူလမ်းကြောင်းမှတစ်ဆင့်ကူးစက်သည်။
* အသက်အရွယ်မရွေးရောဂါဖြစ်နိုင်ပြီး ကလေးသူငယ်များတွင် ပိုမိုဖြစ်နိုင်သည်။
* လူစုလူဝေးနှင့်နေထိုင်မှုသည် ရောဂါပိုမိုပြန့်လွယ်သည်။
* ဆောင်းနှင့် နွေရာသီတွင် ရောဂါအဖြစ်များလေ့ရှိသည်။
* ဤရောဂါသည်ကူးစက်မြန်ပြီး လူအများစုတွင်တစ်ပြိုင်တည်း ဖြစ်တတ်သည်။

(ခ) ရောဂါလက္ခဏာများ

* ရုတ်တရက် ပြင်းထန်စွာဖျားခြင်း။
* ပြင်းထန်စွာ ခေါင်းကိုက်ခြင်း၊ ဇက်တောင့်ခြင်း၊ အော့အန်ခြင်း၊ တက်ခြင်း၊ သတိလစ်ခြင်း။
* ကြွက်သားများ နာကျင်ခြင်း။
* အရေပြား၌ သွေးခြည်ဥခြင်း၊အနီစက်အနီကွက်များဖြစ်ပေါ်လေ့ရှိခြင်း။
* သွေးလန့်မှုဖြစ်တတ်ခြင်း။
* ရုတ်တရက် အသက်ဆုံးရှုံးနိုင်ခြင်း။

(ဂ) ကြိုတင်ကာကွယ်နိုင်ခြင်း

* တစ်ကိုယ်ရေသန့်ရှင်းရေးကိုအလေးထားဆောင်ရွက်ပါ။
* အာဟာရပြည့်ဝသောအစားအစာများကို စားသုံးပါ။
* လုံလောက်စွာအနားယူပါ။
* ပွဲလမ်းသဘင်၊ လူထူထပ်သောနေရာနှင့် ဖုံထူထပ်သောနေရာများကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
* နှာစေး၊ ချောင်းဆိုးလျှင် ရောဂါမပြန့်ပွားစေရန် လက်ကိုင်ပဝါကို အသုံးပြုပါ။
* တစ်ဦးအသုံးပြုထားသောအသုံးအဆောင်နှင့် အဝတ်အထည်များကို အခြားတစ်ဦးမှအသုံးပြုခြင်းကိုရှောင်ပါ။

(ဃ) ရောဂါလက္ခဏာများရှိလျှင် အသက်ဆုံးရှုံးမှုနှင့် ရောဂါပြန့်ပွားမှုများမှကာကွယ်နိုင်ရန်နီးရာကျန်းမာရေးဌာနတွင် ဆောလျင်စွာ ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ဘင်္ဂလား/ အခွန်အသင်းက မြန်မာလူငယ်ကိုအနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၁၉

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလအတွင်း ထိုင်းနိုင်ငံ၌ကျင်းပမည့် ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်း(မ်)စတက် (BIMST. EC) လူငယ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည့် မြန်မာလူငယ်လက်ရွေးစင်(က)ဘောလုံးအသင်းနှင့် အဆင့်မြင့်တန်းမှ ဘင်္ဂလား/အခွန်ဘောလုံးအသင်းတို့၏ ခြေစမ်းဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပရာ ဘင်္ဂလား/အခွန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာလူငယ်(က)အသင်းအတွက် ပွဲစပြီး ၃ မိနစ်အကြာတွင် ဘိုဘိုအောင်က အဖွင့်ဂိုးသွင်းယူပေးသည်။ ပထမပိုင်းအပြီးတွင် မြန်မာလူငယ်(က)အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ဘင်္ဂလား/အခွန်အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးသွင်းယူခဲ့ရာ ၆၅ မိနစ်တွင် လွင်ဦးက ပထမဂိုး၊ ၇၅ မိနစ်တွင် အောင်ကျော်မြင့်က ဒုတိယဂိုးသွင်းယူသည်။

မြန်မာလူငယ်(က)အသင်းသည် ဇန်နဝါရီ ၁၅ ရက်တွင် မြန်မာလူငယ်(ခ)အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ဇန်နဝါရီ ၁၇ ရက်တွင် မြန်မာလူငယ်(က)အသင်းနှင့် အဆင့်မြင့်တန်းမှ ဆောက်လုပ်ရေးအသင်းတို့ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရာ ဆောက်လုပ်ရေးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(မြန်မာ့အလင်း)**

ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ

အမက(၂၆) (၂)မြောက်ရပ်ကွက် သာကေတမြို့နယ်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဆရာမများအား ကျောင်းသားကျောင်းသူဟောင်းများမှ ဒုတိယအကြိမ် ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ပါ၍ အခမ်းအနားကို မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် – **၂၅-၁-၂၀၀၄ ရက် (တနင်္ဂနွေနေ့)**
အချိန် – **နံနက် ၉ နာရီတိတိ**
နေရာ – **အမက (၂၆)သာကေတ**

ကျောင်းသားကျောင်းသူဟောင်းများ။

Ph: 340893
Ph: 704422, 587205

အဆင့်မြင့်တန်းပြိုင်ပွဲ စွမ်းအင်နှင့် မလိခ တစ်ဂိုးစီသရေကျ

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ဆက်လက်ကျင်းပရာ စွမ်းအင်အသင်းနှင့် မလိခအသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်သွားသည်။

ပထမပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်၍ ဂိုးမရှိသရေပွဲဖြစ်နေသည်။ ဒုတိယပိုင်းတွင် မလိခအသင်းက အဖွင့်ဂိုးရရှိရာ ၇၁မိနစ်တွင် အောင်မျိုးဝင်းကသွင်းယူသည်။ စွမ်းအင်အသင်းအတွက် ချေပဂိုးကို ၈၈ မိနစ်တွင် နိုင်ဝင်းကသွင်းယူပေးသည်။ ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို မလိခအသင်းမှ ကျော်ကျော်မင်းက ရရှိသည်။

ယနေ့ပွဲ

ဇန်နဝါရီ ၂၀ ရက် ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ တံခွန်အသင်းနှင့် သတ္တုတွင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဦးသိမ်းစိုး သီဟရတနာ စာပေတိုက် အမှတ် ၁၀၀-D အင်းလျားလမ်း ရန်ကုန်မြို့က ဒုတိယအကြိမ်ထုတ်ဝေလိုက်သည့် စာရေးဆရာကြီး တက်တိုး၏ မေတ္တာမွန်စာအုပ် မျက်နှာဖုံး။ (က-ပ)

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြော်ငြာချက်အမှတ်(၂/၂၀၀၄)
လေယာဉ်မောင်၊ လေယာဉ်မယ် လူတွေ့စစ်ဆေးရန်ကိစ္စ

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းမှ ခေါ်ယူထားသော လေယာဉ်မောင်၊ လေယာဉ်မယ် ရာထူးလျှောက်ထားသူများအနက် ပဏာမ၊ လူတွေ့စစ်ဆေးမှုအောင်မြင်သူများ၏ အမည်စာရင်းနှင့်အပြီးသတ်စစ်ဆေးမှု ဖြေဆိုကြရမည့် နေ့ရက်၊ အချိန်၊ နေရာ၊ အစီအစဉ်များအား ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၂၀ရက်နေ့ ၁၀း၀၀နာရီအချိန်တွင် မြန်မာ့လေကြောင်း(ရုံးချုပ်)၊ အမှတ် ၁၀၄၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ကြေညာပါမည်။

အပြီးသတ် စစ်ဆေးမှု ဖြေဆိုကြမည့်သူများသည် မိမိတို့ ဖြေဆိုရမည့်နေ့ရက်တွင် မြန်မာ့လေကြောင်း(ရုံးချုပ်)၊ အမှတ် ၁၀၄၊ကမ်းနားလမ်း၊ ရန်ကုန်မြို့သို့ နံနက် ၀၈း၀၀နာရီအရောက် အောက်ဖော်ပြပါ စာရွက်စာတမ်းများ မပျက်မကွက်(မပျက်မကွက်) ယူဆောင်လာ၍ သတင်းပို့ရပါမည်။

(က) မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း
(ခ) အခြေခံပညာအထက်တန်းစာမေးပွဲ(က)အဆင့်ဖြင့် အောင်လက်မှတ် မူရင်း
(ဂ) အိမ်ထောင်စုစာရင်းမိတ္တူ
(ဃ) အလုပ်သမားမှတ်ပုံတင်ကတ်မူရင်း
(င) အိမ်ထောင်မရှိ(လူပျို၊အပျိုဖြစ်ကြောင်း)သက်ဆိုင်ရာ (ရယက) ၏ ထောက်ခံချက်မူရင်း

မြန်မာ့လေကြောင်း။

မအေးချောစုစုခိုင်[၁၁/ရပန(နိုင်)၀၄၅၃၉၅]နှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မဌေးဌေးမြင့်(၁၂/လမန(နိုင်)၀၃၆၃၂၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် မဌေးဌေးမြင့်သည် ဦးစိုးနိုင်(G/RGN-၀၀၆၀၂၈)နှင့် ဒေါ်ခင်ပြုံးချို(၁၂/လသန(နိုင်)၀၀၆၀၆၂)တို့၏ တူမအရင်းဖြစ်ပါသည်။ ဦးစိုးနိုင်နှင့် ဒေါ်ခင်ပြုံးချိုတို့သည် ၎င်းတို့အမည်ပေါက် ပိုင်ဆိုင်ခဲ့ကြသော ဒဂုံမြို့သစ်(တောင်ပိုင်း) ၂၀ ရပ်ကွက် မောင်းမကန် ကမ်းသာယာလမ်း အမှတ် ၁၅၅၈/ကဟု ခေါ်တွင်သော (ဒေါ်ခင်ပြုံးချိုအမည်ပေါက်) (ပေ ၂၀xပေ ၆၀) မြေကွက်နှင့် ၎င်းမြေပေါ်ရှိ အိမ်တို့ကိုလည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) ၂၀ ရပ်ကွက် အဝေရာ ၁ လမ်း အမှတ် ၁၅၃၈/က ဟု ခေါ်တွင်သော (ဦးစိုးနိုင်အမည်ပေါက်) (ပေ ၂၀x ပေ ၆၀)မြေကွက်နှင့် ၎င်းမြေပေါ်ရှိ အိမ်တို့ကိုလည်းကောင်း၊ နှစ် ၆၀ မြေငှားဂရန်များနှင့်အတူ မဌေးဌေးမြင့်အား ယုံကြည်စွာ အပ်နှံထားခဲ့ပါသည်။

မဌေးဌေးမြင့်သည် ဒေါ်ခင်ပြုံးချိုအမည်ပေါက် မြေနှင့်အိမ်ပေါ်တွင် နေထိုင်ခဲ့ပြီး ဦးစိုးနိုင် အမည်ပေါက်အိမ်နှင့် မြေပေါ်တွင် အိမ်ငှားများ ငှားရမ်းချထားခဲ့ပါသည်။

အဆိုပါ ဦးစိုးနိုင်နှင့် ဒေါ်ခင်ပြုံးချိုအမည်ပေါက် နှစ် ၆၀ မြေငှားဂရန်စာချုပ်နှစ်စောင်မှာ လွန်ခဲ့သောသုံးလခန့်က ပျောက်ဆုံးသွားခဲ့ပါသည်။ ကျွန်ုပ်အမှုသည်က စုံစမ်းခဲ့ရာ မအေးချောစုစုခိုင်သည် ကျွန်ုပ်အမှုသည်၏ အိမ်ကို ဝင်/ထွက်သွားလာရင်း ခိုးယူသွားပြီး တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ ပေါင်နှံခြင်းများပြုလုပ်ထားကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ မအေးချောစုစုခိုင်အနေနှင့် ဦးစိုးနိုင်၊ ဒေါ်ခင်ပြုံးချိုတို့၏ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်များအားပေးအပ်၍ ပြုလုပ်ထားသော အရောင်း/အဝယ်ကိစ္စများ၊ အပေါင်အနှံ ကိစ္စများအားလုံးသည် ခိုးရာပါပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် လိမ်ညာဆောင်ရွက်ခဲ့သော ကိစ္စရပ်များသာဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ထို့အပြင် အဆိုပါမြေငှားဂရန်များ လက်ဝယ်ရှိသူတို့သည် ယခုကြေညာသည့်ရက်မှ ၇ ရက်အတွင်း ကျွန်ုပ်အမှုသည်ထံတွင်ဖြစ်စေ၊ ကျွန်ုပ်ထံတွင်ဖြစ်စေ မြေငှားဂရန်များအား လက်ရောက်ပေးအပ်ရှင်းလင်းကြပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မဌေးဌေးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ –

ဦးအုန်းမြင့်
B.Sc(Q),H.G.P,R.L,D.B.L,D.M.L
အထက်တန်းရှေ့နေ(စဉ်-၂၀၈၉၈)
အမှတ် ၇၄၅၊ မြရတနာ ၆ လမ်း၊
၂၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ကြော်ငြာစာအမှတ်(၁/၂၀၀၄)
[၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်]
လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာနိုင်ငံအစိုးရပုံနှိပ်တိုက် မန္တလေးတွင်ခန့်အပ်ရန် အောက်ပါရာထူးများအတွက် ဝန်ထမ်းများအလိုရှိပါသည်။

	ရာထူး/လစာနှုန်း		ပညာအရည်အချင်း	ဦးရေ
(က)	စက်ပြင်/လျှပ်စစ်ကျွမ်းကျင်-၃ (၄၈၀၀ိ-၁၀၀ိ-၅၃၀၀ိ)	–	G.T.I(စက်/လျှပ်စစ်) အောင်မြင်သူဖြစ်ရမည်။	၄
(ခ)	အငယ်တန်းစာရေး/စာရင်းကိုင်-၄ စီစဉ်ရေး (၄၂၀၀ိ-၁၀၀ိ-၄၇၀၀ိ)	–	အခြေခံပညာအထက်တန်း(ခ)အဆင့် အောင်မြင်ရမည်။	၁၀
(ဂ)	လက်နှိပ်စက်ရိုက် (၄၂၀၀ိ-၁၀၀ိ-၄၇၀၀ိ)	–	အခြေခံအလယ်တန်းအောင်မြင်၍ လက်နှိပ်စက် အောင်လက်မှတ်ရှိရမည်။	၁
(ဃ)	ပုံနှိပ်ကျွမ်းကျင်-၄(ကွန်ပျူတာ) (၄၂၀၀ိ-၁၀၀ိ-၄၇၀၀ိ)	–	အခြေခံပညာအထက်တန်း(ခ)အဆင့် အောင်မြင်ပြီး ကွန်ပျူတာတတ်ကျွမ်းရမည်။	၄
(င)	ပုံနှိပ်ကျွမ်းကျင်-၄(စက်) (၄၂၀၀ိ-၁၀၀ိ-၄၇၀၀ိ)	–	အခြေခံပညာအထက်တန်း(ခ)အဆင့် အောင်မြင်ရမည်။ T.H.Sအောင်မြင်ရမည်။	၁၀
(စ)	စက်မှုကျွမ်းကျင်-၅ (၃၆၀၀ိ-၁၀၀ိ-၄၁၀၀ိ)	–	T.H.Sအောင်မြင်ရမည်။ (စက်မှုလက်မှု)	၈
*(ဆ)	လုပ်သား(ပုံနှိပ်) (ကျား) (၃၀၀၀ိ-၁၀၀ိ-၃၅၀၀ိ)	–	အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ရမည်။	၄၀
(ဇ)	လုပ်သား(စာအုပ်ချုပ်) (ကျား-၁၅/မ-၁၅) (၃၀၀၀ိ-၁၀၀ိ-၃၅၀၀ိ)	–	အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ရမည်။	၃၀
(ဈ)	လုပ်သား(ခုတ်ပုံ) (ကျား) (၃၀၀၀ိ-၁၀၀ိ-၃၅၀၀ိ)	–	အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ရမည်။	၁၀
(ည)	လုံခြုံရေး (၃၀၀၀ိ-၁၀၀ိ-၃၅၀၀ိ)	–	မြန်မာစာ ရေးတတ်/ဖတ်တတ်ရမည်။	၂
(ဋ)	သန့်ရှင်းရေး (၃၀၀၀ိ-၁၀၀ိ-၃၅၀၀ိ)	–	မြန်မာစာ ရေးတတ်/ဖတ်တတ်ရမည်။	၂

မှတ်ချက်
* (၁) ပုံနှိပ်လုပ်သားများအတွက် အရည်အချင်းပြည့်ဝမှုပေါ်မူတည်၍ ချက်ချင်း ပုံနှိပ်ကျွမ်းကျင်-၅ရာထူးသို့ တင်ပေးမည်။
(၂) အခြားဝန်ထမ်းများနည်းတူ အကျိုးခံစားခွင့် ရှိရမည်။

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁-၁-၂၀၀၄ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး ရာထူးအားလုံးအတွက် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) အလုပ်သမား(လေဘာ)မှတ်ပုံတင်လက်မှတ် ရှိရမည်။
(ဃ) မန္တလေးတွင်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ရန်ကုန်/မန္တလေးတွင် သင်တန်းလာရောက်တက်နိုင်သူများ ဖြစ်ရမည်။

၃။ အထက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံသူများသည် အမျိုးသားမှတ်ပုံတင်၊ လေဘာ၊ ကျောင်းအောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီထောက်ခံချက်များနှင့်အတူ ဦးဆောင်ညွှန်ကြားရေးမှူး ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ အမှတ်-၃၇၉/၃၈၃၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်နှင့် စာတည်းမှူး ကိုယ်ပွားသတင်းစာတိုက်၊ လမ်း၂၀နှင့် ၂၁လမ်း၊ ၈၂နှင့် ၈၃လမ်းကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မန္တလေးမြို့သို့ ၅-၂-၂၀၀၄နေ့အရောက် ပေးပို့လျှောက်ထားနိုင်ပါသည်။

ကားစီးလုံးငှားမည်
MT&K Tourism Co., Ltd.
Ph: 663161, 666220, 4411043
09-2042015, 09-5016937

သာယာမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

နှစ်ပေါင်း (၃၀) အောင်မြင်နေသော
အထူးကုဆေးခန်း
၃၄၂ (ပထပ်) ရွှေဘုံသာအထက်လမ်း ရန်ကုန်မြို့။

၂၀၀၃ ခုနှစ် ကမ္ဘာ့ အကောင်းဆုံးဘောလုံးသမားတို့၏ ပုံရိပ်လွှာများ



သတင်းဆောင်းပါး-မောင်မောင်ထွေး

၁၉၈၂ ခုနှစ် စပိန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ။ ရွှေဝါရောင်ဂျာစီ အကျႌဝတ်အသင်းနှင့် အပြာရောင် ဂျာစီအကျႌဝတ်အသင်းတို့ ကွင်းအတွင်း အကြိတ်အနယ် ယှဉ်ပြိုင်နေကြသည်။ အဝါရောင်ဂျာစီဝတ်အသင်းက ဦးဆောင်ဂိုး နှစ်ဂိုးသွင်းယူထားသော်လည်း မကြာပါ တစ်ဖက်ပြိုင်ဘက်အသင်းမှ ဘောလုံးသမားတစ်ဦးတည်းက သုံးဂိုး ဆက်တိုက်သွင်းယူလိုက်၍ အဝါရောင်ဂျာစီဝတ်အသင်း ရှုံးနိမ့်သွားသည်။

အဖြူအမည်း ရုပ်သံလွှင့်စက်ရှေ့တွင် စိတ်ပါဝင်စားစွာ ကြည့်နေသည့် အသက်ငါးနှစ်အရွယ် လူငယ်ကလေးမှာ သူအားပေးသည့်အသင်း ပြိုင်ပွဲမှ ထွက်ခဲ့ရ၍ ပွဲအပြီးတွင် ရှိုက်ကြီးတငင် ငိုရှိုက်ကျန်ရစ်ခဲ့သည်။

ထိုစဉ်ကအဖြစ်ကို ဓာတ်ပေါင်းသော် ရွှေဝါရောင်ဂျာစီဝတ်စုံနှင့်အသင်းမှာ ဇစ်ကို၊ ဆိုကရေးတီး၊ ဖကာအိုစသည့် ကမ္ဘာကျော်တို့ပါဝင်သော ထိုစဉ်က လျှမ်းလျှမ်းတောက်ဘရာဇီး ဘောလုံးအသင်း၊ အပြာရောင်ဂျာစီဝတ်စုံနှင့်အသင်းမှာ ထိုစဉ်က ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့သော အီတလီဘောလုံးအသင်းတို့ ဖြစ်ပေသည်။ ပွဲအပြီးတွင် ရှိုက်ကြီးတငင်ဖြင့် ငိုကြွေးနေသူ အသက်ငါးနှစ်အရွယ် ကလေးငယ်မှာမူ ယခု ကမ္ဘာကျော်ဘောလုံးသမား ရိုနယ်ဒိုလူးအစ်နာဇာရီယိုဒီလီမားခေါ် ရိုနယ်ဒို တည်း။

ဘောလုံးအားကစား၏ အရှုံးအနိုင်တစ်ရပ်သည် သက်ဆိုင်ရာပြည်သူတို့အပေါ် မည်မျှ အတိုင်းအတာအထိ တန်ပြန်သက်ရောက်မှုရှိသည်ကို ဘရာဇီးသားလေး ရိုနယ်ဒို၏ ဖြစ်ရပ်ကို လေ့လာကြည့်လျှင် သိနိုင်ပေသည်။

ရိုနယ်ဒို၏ ကလေးဘဝသည် အခြား ဘရာဇီးကလေးငယ်အများစုကဲ့သို့ပင် ခက်ခဲကြမ်းတမ်းလှသည်။ မိဘများကလည်း ဆင်းရဲလှရာ ရိုနယ်ဒိုလေး၏ ငယ်ဘဝမှာ ကန္တာရပမာသာ။ သို့သော် ကန္တာရပမာ ငယ်ဘဝ၏ အိုအေစစ်ထွက်ပေါက်လေးမှာမူ ဘောလုံးမှ ဘောလုံးသာ ဖြစ်ပေသည်။ သူ့အသက် လေးနှစ်အရွယ်တွင် သူ့ဖခင်က ဘောလုံးငယ်လေးတစ်လုံး ဝယ်ပေးသည်မှ အစပြု၍ ဘောလုံးသည် သူ၏ အရင်းနှီးဆုံးဘဝအဖော် ဖြစ်လာသည်။ ဘောလုံးကြောင့် သူဝမ်းသာခဲ့ရမှုများ ရှိခဲ့သလို ဘောလုံးကြောင့် ဝမ်းနည်းခဲ့ရမှုများလည်း ကြုံတွေ့ခဲ့ရသည်။ ၁၉၈၆ ခုနှစ် မက္ကဆီကို ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းသည် ပြင်သစ်ကို ကွာတားဖိုင်နယ်တွင် ပိုင်နယ်တီ အဆုံးအဖြတ်ဖြင့် ရှုံးပြီး ပြိုင်ပွဲမှထွက်ခဲ့ပြန်ရာ ထိုစဉ်က ကိုးနှစ်အရွယ်ရှိ ရိုနယ်ဒိုလေးမှာ ပြင်းထန်စွာ ခံစားကြေကွဲရပြန်သည်။ ထိုအချိန်တွင် ရိုနယ်ဒိုလေးမှာ ရပ်ကွက်တွင်း ဘောလုံးပွဲများတွင် နာမည်ရစပြုနေခဲ့ပြီ ဖြစ်သည်။ ကမ္ဘာ့ဖလားပွဲအပြီးတွင် သူတို့ မြို့ကလေးမှ လူငယ်အသင်းတစ်သင်းနှင့် ဆက်သွယ်မိသည်။ သူ အသက်(၁၃)နှစ်ရွယ်သို့ ရောက်သောအခါ နာမည်ကြီး ဖလာမင်ဂိုကလပ်က ရိုနယ်ဒိုကို အစမ်းလာကစားပြရန် ဆက်သွယ်လာသည်။ ရိုနယ်ဒို၏ မိသားစုက ခရီးစရိတ်ပေးရန် တောင်းဆိုရာ ကလပ်အသင်းက ရိုနယ်ဒိုလေးကို အိမ်ပြန်ပို့လိုက်သည်။ တစ်နေ့ ကမ္ဘာကျော်ဘောလုံးသမားဖြစ်လာမည့် ရိုနယ်ဒိုလေး၏ ထိုစဉ်က ခံစားမှုမှာ နှလုံးသားကွဲကြေမတတ် မျက်ရည်အရွဲသား ဖြစ်ခဲ့ရသည်။

ရိုနယ်ဒို၏ ငယ်ဘဝကား ကြေကွဲဖွယ်ရာ မျက်ရည်များဖြင့်သာ အတိပြီးခဲ့သည်။ ၁၉၉၀ ပြည့်နှစ် အီတလီ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရေပန်းစားနေသော ဘရာဇီး ဘောလုံးအသင်းသည် ရှုံးထွက်ပွဲစဉ်အဆင့်တွင် အစဉ်အလာပြိုင်ဘက် အာဂျင်တီးနား၏ ချေမှုန်းမှုကိုခံရပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရပြန်ရာ အသက်(၁၃)နှစ် အရွယ် လူပျိုပေါက်ဝင်ခါစ ရိုနယ်ဒိုမှာ ကြေကွဲမှုကို ထိန်းမထားနိုင်ခဲ့ပြန်ပေ။

၁၉၉၀ ပြည့်နှစ် စက်တင်ဘာလတွင် ရိုနယ်ဒို အသက်(၁၄)နှစ်ပြည့်ပြီဖြစ်ရာ ဩဂုတ်တွင် ဆာအိုခရစ်တိုဗာအိုကလပ်တွင် ပထမဆုံး ပါဝင်ယှဉ်ပြိုင်ကစားခွင့် ရခဲ့သည်။ ဂိုးသွင်းစံချိန်များမှာ ၅၄ ပွဲတွင် ၃၆ ဂိုးအထိ သွင်းယူနိုင်ခဲ့၍ ပထမတန်းမှ ခရူဇီရိုကလပ်အသင်းက ပြောင်းရွှေ့ကြေးပေး၍ စာချုပ်လိုက်သည်။

ဆုကြေးစားဘောလုံးသမားအဖြစ် ပထမဆုံး ကစားရသောပွဲ ၅၀ တွင် ရိုနယ်ဒို၏ သွင်းဂိုးများက မယုံနိုင်ဖွယ်ရာ ၄၉ ဂိုး ဖြစ်သည်။ ပွဲ ၆၀ တွင် ၅၈ ဂိုး ရှိလာသောအခါ ထင်ပေါ်လာ၍ ဘရာဇီး လက်ရွေးစင်အသင်းကြီးက ၁၇ နှစ်သားအရွယ် ရိုနယ်ဒိုလေးကို စင်တော်ကောက်ယူခဲ့သည်။

ငယ်စဉ်ကတည်းက စွဲလမ်းငြိတွယ်ခဲ့သော လက်ရွေးစင်အသင်းကြီးသို့ ရိုနယ်ဒို ရောက်လာခဲ့ပါပြီ။

၁၉၉၄ ခုနှစ် မတ်လ ၂၃ ရက် အာဂျင်တီးနားနှင့် ခြေစမ်းပွဲတွင် အသက် ၁၇ နှစ်စွန်းစ ရိုနယ်ဒိုလေးမှာ ပွဲပြီးရန် ၁၀ မိနစ်အလိုတွင် ဘီဘက်တိုအစား ဝင်ကစားခွင့်ရခဲ့သည်။ ထို့နောက် တစ်လအကြာတွင် အိုက်စလန်နှင့် ပွဲ၌ သူ ဒုတိယအကြိမ် ကစားခွင့်ရခဲ့ပြန်ရာ တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးက တစ်စစ နီးကပ်လာသည်။ သို့သော် ၁၉၉၄ ခုနှစ် အမေရိကန် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်မူ ရိုနယ်ဒိုလေးမှာ တစ်ပွဲမျှ ခြေစွမ်းပြခွင့်မရခဲ့ပေ။ ခြေစွမ်းရှိသော်လည်း ငယ်ရွယ်ပြီး အတွေ့အကြုံနုနယ်သည်က တစ်ကြောင်း၊ နာမည်ကျော် ရိုမာရီယိုနှင့် ဘီဘက်တိုတို့ အတွဲကို မကျော်တက်နိုင်သေးသည်က တစ်ကြောင်းကြောင့် ဖြစ်သည်။

အမေရိကန် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရိုနယ်ဒိုလေး ပါဝင်ကစားခွင့် မရသော်လည်း ဘရာဇီးအသင်းမှာမူ လေးကြိမ်မြောက် ဖိုလ်စွဲနိုင်ခဲ့ပေသည်။

သို့သော် ဘရာဇီးဘောလုံးလောကတွင် ရိုနယ်ဒိုမှ ရိုနယ်ဒို ဖြစ်နေသည်။ ၅၄ ပွဲကစားရာတွင် ၅၄ ဂိုး သွင်းယူနိုင်ခဲ့၍ ကမ္ဘာကျော် ကလပ်အသင်းကြီးများက ရိုနယ်ဒိုကို ခေါ်ယူနိုင်ရေးအတွက် အလုအယက် ဖြစ်လာသည်။

သို့ဖြင့် ရိုနယ်ဒိုတစ်ယောက် ပြင်ပ ကမ္ဘာ့ဘောလုံးလောကဆီသို့ တစ်ကိုယ်တော်ခရီးနှင်ခဲ့ရာ သူ ရွေးချယ်လိုက်သည့် ကလပ်အသင်းက ဟော်လန်မှ ပီအက်ဗ်ဗီအင်ဒိုဗန် ဖြစ်သည်။ ထူးချွန်သူတို့အတွက် စိန်ခေါ်မှုများသည် မှတ်ကျောက်တစ်ခုမျှသာ ဖြစ်သည်။ ပထမဆုံး ဘောလုံးရာသီမှာပင် ၃၈ ဂိုးသွင်းယူပြီး သူ၏တန်ဖိုးကို ပြသနိုင်ခဲ့သည်။ သို့သော် သူ၏ဘဝကို အပြင်းထန်ဆုံး ထိုးနှက်စိန်ခေါ်မှုဖြစ်လာမည့် ဖြစ်ရပ်သည်လည်း ထိုကလပ်မှာပင် အစပြုခဲ့သည်။ ထိုဖြစ်ရပ်မှာ ရိုနယ်ဒို၏ ဒူးတွင် ဒဏ်ရာပြင်းစွာရခဲ့ခြင်း ဖြစ်သည်။ လေ့ကျင့်ခန်းများ၊ ကုသမှုများကြောင့် ရိုနယ်ဒို နာလန်ပြန်ထလာသော်လည်း ရှင်းရှင်းမပျောက်ကင်းခဲ့ချေ။

သို့သော် သူ၏တန်ဖိုးမှာမူ လျော့နည်းမသွားခဲ့ပေ။ စပိန်ဘောလုံးလောကမှ နာမည်ကြီး ဘာစီလိုနာကလပ်က ရိုနယ်ဒိုကို ပြောင်းရွှေ့ကြေး သန်း ၂၀ တန်ဖိုးဖြင့် ခေါ်ယူသွားခဲ့သည်။ စပိန်မြေနှင့် ရိုနယ်ဒိုတို့ သဟဇာတဖြစ်ခဲ့သည်။ ဘာစီလိုနာပရိသတ်တို့ကလည်း ရိုနယ်ဒိုမှ ရိုနယ်ဒိုပင်။ သူ၏ ရှုမငြီးစရာ ခြေစွမ်းပြသနိုင်မှုကြောင့် ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဖီဖာ၏ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ပထမအကြိမ် ဆွတ်ခူးနိုင်ခဲ့သည်။

မကြာပါ၊ ၁၉၉၇ ခုနှစ် နွေဦးကာလများတွင် ရိုနယ်ဒိုက ဘာစီလိုနာမှ အီတလီ အင်တာမီလန်ကလပ်သို့ ပြောင်းရွှေ့ရန် ခြေလှမ်းပြင်လာသည်။ ၁၉၉၇ ခုနှစ် ဩဂုတ်လတွင် အကြိုလေ့ကျင့်ရန် အီတလီမြေသို့ ရောက်လာသည်။ အင်တာတွင် ဘောလုံးရာသီအစ ရှစ်ပွဲတွင် ရိုနယ်ဒိုက ခြောက်ဂိုးသွင်းယူပြီး ကမ္ဘာကျော် နောက်တန်းသမားများကို စတင်စိန်ခေါ်ခဲ့သည်။ အီတလီစီးရီးအေတွင် ဆက်လက်ခြေစွမ်းပြနိုင်ခဲ့မှုကြောင့် ဖီဖာ၏ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ၁၉၉၈ ခုနှစ် ဇန်နဝါရီလတွင် ဒုတိယအကြိမ် ထပ်မံဆွတ်ခူးနိုင်ခဲ့ရာ ကမ္ဘာ့အကောင်းဆုံးဆုကို နှစ်ကြိမ်ဆက်ဆွတ်ခူးနိုင်သည့် ပထမဆုံး ကစားသမားဖြစ်လာသည်။

ဘရာဇီးပြည်သူတို့၏ မျှော်လင့်ချက်များက ပို၍ပို၍ဖြစ်လာသည်။ ၁၉၉၈ ခုနှစ် ပြင်သစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဘရာဇီးအသင်းနှင့် ကမ္ဘာကျော်တိုက်စစ်မှူး ရိုနယ်ဒိုတို့အပေါ် မျှော်လင့်ချက်များက ဗဟိုချက်မသဖွယ် စုပြုံလာခဲ့ပေပြီ။ တစ်ကမ္ဘာလုံးကလည်း ရိုနယ်ဒိုကို မျှော်လင့်စောင့်မျှော်နေကြပေပြီ။

ရိုနယ်ဒို၏ခြေစွမ်းမှာ အကောင်းဆုံး မဟုတ်သေးသော်လည်း ဘရာဇီးအသင်း နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်နိုင်ရေးအတွက် လေးဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ဘရာဇီးအသင်းနှင့် ဗိုလ်လုပွဲတွင် ဆုံတွေ့သည့်အသင်းက အိမ်ရှင် ပြင်သစ်ဖြစ်သည်။ ပြိုင်ပွဲခရီးစဉ်တစ်လျှောက် ပြင်သစ်အသင်းမှာ ခြေစွမ်းအားဖြင့် အကောင်းဆုံး မပြနိုင်သေး၍ လက်ရှိချန်ပီယံ ဘရာဇီးပင် ချန်ပီယံဘွဲ့ကို ထိန်းထားနိုင်မည်ဟု တစ်ကမ္ဘာလုံးက မျှော်လင့်လျက်ရှိသည်။

သို့သော် ဗိုလ်လုပွဲမတိုင်မီမှာပင် ဘရာဇီးအသင်းအတွက် စိတ်လှုပ်ရှားဖွယ်ရာ ပြဿနာများက ဆက်တိုက်ဖြစ်ပေါ်လာသည်။ ထိုပြဿနာ၏ အဓိကဇာတ်ဆောင်မှာ ရိုနယ်ဒိုပင်။ ဗိုလ်လုပွဲမကစားမီ ရုတ်တရက် သတိလစ်သလို၊ တက်သလိုဖြစ်ခဲ့ရာမှ မပါမဖြစ် ဝင်ကစားခဲ့ရသည်။ သို့သော် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုမှာမူ နတ္ထိဖြစ်ခဲ့၍ အိမ်ရှင်အသင်း၏ နှိပ်ကွပ်မှုကို ဘရာဇီးအသင်း ခံစားသွားခဲ့ရသည်။ သုံးဂိုးပြတ်ရှုံးနိမ့်ပြီး လက်ရှိချန်ပီယံဘွဲ့ကို စွန့်လွှတ်ခဲ့ရ၍ ဘရာဇီးကစားသမားများမှာ ပွဲအပြီးတွင် မယုံနိုင်စရာ အိပ်မက်ပမာထင်နေကြဆဲ။

ထိုအချိန်ကာလများက အစပြု၍ ကမ္ဘာကျော် ရိုနယ်ဒို၏ခရီးလမ်းမှာ ရုတ်တရက် ဆူးပွမ်းသော ကန္တာရလမ်းကို လျှောက်လှမ်းရသကဲ့သို့ ရုတ်ချည်းပြောင်းလဲသွားခဲ့ပေသည်။ အင်တာမီလန်ကလပ်တွင် ပြန်လည်ကစားစဉ် ယခင်ကဖြစ်ခဲ့သည့် ဒူးဒဏ်ရာကို ပြန်ထိပြီး ဆေးကုသနေရ၍ ဘောလုံးရာသီကုန်အထိ မကစားနိုင်ဖြစ်ခဲ့ရသည်။

၂၀၀၀ ပြည့်နှစ် နှစ်ဦးတွင် ဒူးဒဏ်ရာ သက်သာပျောက်ကင်းပြီဖြစ်၍ ရိုနယ်ဒို ဘောလုံးကွင်းဆီသို့ ပြန်လာသည်။ ပြိုင်ပွဲများနှင့် ငါးလကြာ ကင်းဝေးနေခဲ့ရာမှ ၂၀၀၀ ပြည့်နှစ် ဧပြီ ၁၂ ရက်တွင် အီတလီ ရှုံးထွက်ဖလားဗိုလ်လုပွဲအဖြစ် လာဇီယိုနှင့် ဖလားလုရန် အင်တာမီလန်အသင်းတွင် ပထမဆုံးပြန်ကစားမည်ဖြစ်ရာ ပရိသတ်များ ကွင်းပြည့်ကွင်းလျှံ လာရောက်အားပေးခဲ့သည်။

သူတို့အချစ်တော် ကမ္ဘာကျော်ကစားသမားလေးမှာ ဒုတိယပိုင်းတွင် လူစားဝင်ကစား၍ တစ်ခဲနက် ဩဘာပေးခဲ့ကြသည်။ သို့သော် လူစားဝင်ကစားပြီး ခြောက်မိနစ်သာရှိသေးသည် ရိုနယ်ဒိုမှာ တစ်ဦးတည်း ဘောလုံးဆွဲပြေးရာမှ ရုတ်တရက် ပုံလျက်လဲကျပြီး ဒဏ်ရာပြင်းထန်စွာ ပြန်ရသွားသည်။ သူ့ခံစားမှုများကို ကြည့်မြင်ရသူတိုင်း စိတ်မကောင်းဖြစ်ခဲ့ကြရသည်။ ချက်ချင်းပင် သူ့ဒဏ်ရာကို ပြန်လည်ခွဲစိတ်ကုသခဲ့ရာ သုံးကြိမ်မြောက် ခွဲစိတ်မှုပင်။

၁၉၉၈ ခုနှစ် ပြင်သစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအပြီးကတည်းက ရိုနယ်ဒိုမှာ ဒဏ်ရာများဖြင့်သာ နှစ်ပါးသွားနေခဲ့ရာ ၁၉၉၉ ခုနှစ် နိုဝင်ဘာလတွင် ဒူးဒဏ်ရာကို ဒုတိယအကြိမ် ခွဲစိတ်ကုသခဲ့ရပြီး အနားယူခဲ့ရာမှ ၂၀၀၀ ပြည့်တွင် ခြောက်မိနစ်သာ ကစားခဲ့ရပြီး တတိယအကြိမ် ခွဲစိတ်ကုသမှုခံယူရပြန်၍ ကမ္ဘာ့ဘောလုံးဇာတ်ခုံပေါ်မှ ကာလအတန်ကြာ ပျောက်ကွယ်သွားခဲ့သည်။

၂၀၀၁ ခုနှစ် ဧပြီလတွင် ရိုနယ်ဒို ပြန်ရောက်လာသည်။ ဒဏ်ရာများကို မလျှော့သောဇွဲလုံ့လစိတ်ဓာတ်ဖြင့် အပြင်းအထန် တွန်းလှန်ကျော်ဖြတ်ပြီး အင်တာမီလန် လေ့ကျင့်ရေးကွင်းသို့ ရောက်လာသည်။ ဒဏ်ရာရပြီး ၁၇ လအကြာတွင် ပြန်ကစားရ၍ စိတ်ဓာတ်တက်ကြွလာသည်။ ကြို့ကြား ကြို့ကြား လူစားဝင်ကစားပြီး ဂိုးများပင် သွင်းယူနိုင်၍ အတော် အားတက်လာသည်။

သို့သော် ၂၀၀၁-၂၀၀၂ အီတလီစီးရီးအေ ဘောလုံးရာသီ ပြီးဆုံးသွားသောအခါတွင်မူ ရိုနယ်ဒို ပါဝင်သော အင်တာအသင်းမှာ ပန်းဝင်ခါနီးမှ ခြေချော်ကာ လာဇီယိုကို ရှုံးသွား၍ တတိယနေရာသာရချိတ်ခဲ့သည်။ ဒဏ်ရာပျောက်ကင်းစ ရိုနယ်ဒိုအတွက် ဘူးလေးရာ ဖရုံဆင့်သကဲ့သို့ အတော် စိတ်ထိခိုက်သွားသည်။

၂၀၀၂ ခုနှစ် တောင်ကိုရီးယား-ဂျပန် ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရန် ရက်ပိုင်းသာလိုသည်။ ဘရာဇီးအသင်းတွင် ပြန်လည်ရွေးချယ်ခံရ၍ တိတ်တခိုး မျှော်လင့်ချက်များကမူ ရိုနယ်ဒို၏ရင်တွင် အစီအရီ။ ပွဲဦးထွက် တူရကီကို အနိုင်ရသောပွဲတွင် ရိုနယ်ဒို ဖွင့်ဆော်ဦး တစ်ဂိုးသွင်းယူနိုင်၍ စိတ်ဓာတ်နှင့် ယုံကြည်မှု ပိုတက်လာသည်။

ထို့နောက် တရုတ်နှင့် ဒုတိယပွဲစဉ်တွင် တစ်ဂိုး၊ ကော့စတာရီကာနှင့်ပွဲတွင် နှစ်ဂိုး၊ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ် ဘယ်လ်ဂျီယံနှင့်ပွဲတွင် တစ်ဂိုးဖြင့် ပွဲစဉ်ဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့ရာ အင်္ဂလန်နှင့် ကွာတားဖိုင်နယ် ပွဲစဉ်တွင်မူ ဂိုးမရခဲ့သော်လည်း သွင်းဂိုးအများဆုံး သွင်းသူဖြစ်နေပေပြီ။

ဘရာဇီးနှင့် ရိုနယ်ဒိုတို့အတွက် အောင်မြင်မှုပန်းတိုင်က လက်နှစ်ကမ်းအကွာသာ ကျန်တော့သည်။ သူငယ်စဉ်ကတည်းက ရင်တွင်းငြိတွယ်ခဲ့ရသည့် ဘရာဇီးအသင်းနှင့် ပြည်သူများအတွက် အပြင်းအထန်ကြိုးစားခဲ့ရာ အကြိုဗိုလ်လုပွဲတွင် တစ်ကျော့ပြန်ဆုံတွေ့သူ တူရကီကို ရိုနယ်ဒို၏သွင်းဂိုး တစ်ဂိုးတည်းဖြင့် ကျော်ဖြတ်နိုင်ရုံမက ဗိုလ်လုပွဲတွင် သမိုင်းတစ်လျှောက် ပထမဦးဆုံးတွေ့သူ ဂျာမနီကို ရိုနယ်ဒို၏သွင်းဂိုး နှစ်ဂိုးဖြင့်ပင် အနိုင်ယူပြီး သူချစ်သော ဘရာဇီးအသင်းကို ပြိုင်ဘက်မရှိ ငါးကြိမ်မြောက် ချန်ပီယံဖြစ်လာစေရန် စွမ်းဆောင်ပေးခဲ့သည်။ သူကိုယ်တိုင်လည်း ၁၉၉၈ ခုနှစ် ပြင်သစ် ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲတွင် ကျရောက်ခဲ့သည့်အရိပ်မည်းကြီးကို ယခု ပြိုင်ပွဲတစ်လျှောက်တွင် သွင်းဂိုးရှစ်ဂိုးဖြင့် ဂိုးသွင်းအများဆုံးဆုကို ဆွတ်ခူးခဲ့ပြီး ချေဖျက်ပြသွားနိုင်သည်။

ထို့ပြင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံးမဂ္ဂဇင်းတို့က ချီးမြှင့်ခဲ့သည့် ၂၀၀၂ ခုနှစ် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ရိုနယ်ဒိုပင် တတိယအကြိမ် ဆွတ်ခူးနိုင်ခဲ့ရာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို သုံးကြိမ် (၁၉၉၆၊ ၁၉၉၇၊ ၂၀၀၂)ဆွတ်ခူးနိုင်ခဲ့သော ပထမဦးဆုံး ဘောလုံးသမားဖြစ်လာသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ရိုနယ်ဒို၏ ဘဝသည် အရာရာပြောင်းလဲသွားခဲ့ချေပြီ။ ဒဏ်ရာအနာတရများကြောင့် ဘဝပျက်မတတ် ဆုံးရှုံးခဲ့ရာမှ အောင်မြင်သူပြန်ဖြစ်လာသည်။ အင်တာမီလန်တွင် ကစားနေရာမှ နာမည်ကြီး ရီးယဲလ်မက်ဒရစ်အသင်းရှိရာ စပိန်မြေသို့ တစ်ကျော့ပြန် ကူးပြောင်းသွားခဲ့သည်။ စပိန်မြေသည် ရိုနယ်ဒိုအတွက် ဘူမိနက်သန် အခြေစိုက်ရာ အောင်မြေဟု ဆိုရပေမည်။ ၁၉၉၇ ခုနှစ်တွင် ဘာစီလိုနာနှင့်အတူ အောင်မြင်ခဲ့ပြီး ယခု ရီးယဲလ်မက်ဒရစ်နှင့်လည်း ခြေစွမ်းပြကာ အောင်မြင်မှုများ ပြန်ရခဲ့၍ ယခု ၂၀၀၃ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ဇီဒန်း၊ အွန်နရီတို့နောက် တတိယနေရာတွင် ရွေးချယ်ခံခဲ့ရပေသည်။

အထက်ပါ ရိုနယ်ဒို၏ ဘဝကောက်ကြောင်း အကျဉ်းကို မြန်မာမျိုးဆက်သစ် ဘောလုံးဝါသနာရှင်များ၊ ဘောလုံးသမားများအတွက် တင်ပြရာတွင် အောင်မြင်သော ကမ္ဘာကျော် ဘောလုံးသမားတစ်ဦးသည် ခြေစွမ်းအားဖြင့်သာမက အနိုင်မခံ အရှုံးမပေးသည့် တည်တံ့မြဲမြံသော စိတ်ဓာတ်၊ ခွန်အား၊ တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်ပါ ကိန်းအောင်နေသူများဖြစ်ကြောင်းကို အားကျ အတုယူစေရန် အလို့ငှာ ရည်ရွယ်ဖော်ပြလိုက်ရခြင်း ဖြစ်ပေသည်။ ။

ရန်ကုန် ကုန်စည်ပြပွဲ ၂၀၀၄
ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနတွင် စည်ကားစွာကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြု ပံ့ပိုးကူညီမှုဖြင့် ရန်ကုန် ကုန်စည်ပြပွဲ ၂၀၀၄ "Yangon Trade Fair 2004" ကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ရန်ကုန်မြို့ ပုဇွန်တောင်လမ်းမရှိ ကုန်သွယ်မှုဗဟိုဌာန Yangon Trade Centre တွင် Quartz International Co., Ltd. မှ အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

အဆိုပါပြပွဲတွင် ပြည်တွင်းပြည်ပမှ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးပစ္စည်းအမျိုးမျိုး၊ အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုး၊ စက္ကူ စာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်းအမျိုးမျိုး၊ အသေးစားစက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်းအမျိုးမျိုး၊ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးတို့ကို ပြပွဲ လာရောက်သူများအတွက် ကံစမ်းမဲအစီအစဉ်၊ ပြခန်းအလှဆုံးပြင်ဆင်မှု ရွေးချယ်ခြင်းနှင့် Star Entertainment၏ ကုန်ပစ္စည်းဆိုင်ရာ သရုပ်ပြပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပမည် ဖြစ်သည်။

(က-ပ)

သမ္ဗုတနိဗ္ဗာန်ကုန်နှင့် သက်န်းတိုက် မိသားစု ရှင် ၁၀၈ ပါး ရှင်ပြုပွဲနှင့် ဒေသဖွံ့ဖြိုးရေးလှူဒါန်းပွဲကျင်းပ

ရမ်းဗြဲ ဇန်နဝါရီ ၁၅

ရန်ကုန်မြို့ သမ္ဗုတနိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်မိသားစု၏ အဋ္ဌမအကြိမ် ရှင် ၁၀၈ပါး ရှင်ပြုပွဲနှင့် ဒေသဖွံ့ဖြိုးရေး လှူဒါန်းပွဲများကို ရမ်းဗြဲမြို့နယ် တိမ်ပြင်ကျေးရွာတွင် ဇန်နဝါရီ၁၀ရက်က ကျင်းပသည်။ အဆိုပါ ရှင်ပြုပွဲကို တိမ်ပြင်ကျေးရွာ ဇမ္ဗူထိန်လင်းကျောင်းတိုက်၌ကျင်းပရာ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ပြည်တွင်းပြည်ပ သာသနာပြု အလိုတော်ပြည့် ဆရာတော်ကြီး ဘဒ္ဒန္တ အရိယာဝံသနှင့် ပင့်သံဃာတော်အရှင်မြတ် ၄၅ပါးတို့အား လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ (ယာပုံ) **အလိုတော်ပြည့်ဆရာတော်ကြီးထံမှ အနုမောဒနာတရားများ နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။**

အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ပြည်တွင်းပြည်ပ သာသနာပြုအလိုတော်ပြည့်ဆရာတော်ကြီး ဘဒ္ဒန္တအရိယာဝံသနှင့်အလှူရှင် သမ္ဗုတနိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်ပိုင်ရှင် သီဟသုဓမ္မ မဏိဇောတဓရ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ မိသားစုတို့က ဆောက်လုပ် လှူဒါန်းခဲ့သော တိမ်ပြင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၊ စာကြည့်တိုက်၊ ကျေးလက်ဆေးပေး ခန်း၊ တံတား၊ ရေတွင်းများကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးပြီး ဒေသခံ ပြည်သူလူထု ၁၀၀၀ တို့အား စောင်၊ အဝတ်အထည်၊ ဆေးဝါးပစ္စည်းများ လှူဒါန်းကြသည်။ ထို့နောက် အလှူရှင် ဦးသန်းနိုင်က စာသင်ကျောင်း၊ ကျေးလက်ဆေးပေး ခန်း၊ စာကြည့်တိုက်တို့နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များထံ လွှဲပြောင်းပေးအပ်သည်။ သမ္ဗုတနိဗ္ဗာန် ကုန်နှင့် သက်န်းတိုက် မိသားစု၏ ရှင်ပြုပွဲနှင့် ဒေသဖွံ့ဖြိုးရေး လှူဒါန်းပွဲတွင် ရခိုင်ရိုးရာအကပဒေသာများ၊ ရိုးရာ အားကစားပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး လှူဒါန်းမှုအရပ်ရပ်၏ တန်ဖိုးစုစုပေါင်းမှာ ကျပ်သိန်း ၄၅၀ ရှိကြောင်း သိရသည်။

(က-ပ)

ဇန်နဝါရီ ၉ရက်က သထုံမြို့ ကေလာသတောင် ရွှေပါရမီတောရ ကျောင်းဆရာတော်အရှင်ဆန္ဒာဓိက၏ မွေးနေ့ မင်္ဂလာအထိမ်းအမှတ် အဖြစ် နာရေးကူညီမှုအသင်း (ရန်ကုန်) သို့ ငွေကျပ်ငါးသိန်း လှူဒါန်းရာ ဒုတိယ ဥက္ကဋ္ဌ အကယ်ဒမီဦးကျော်သူက လက်ခံယူစဉ်။ (က-ပ)

အခြေခံမီးသတ်သင်တန်းဖွင့်

ရပ်စောက် ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ယမ်းတွင်း ငါးကြောင်ကျေးရွာအုပ်စု ထီးခမ်းကျေးရွာအကြို အခြေခံ မီးသတ်သင်တန်း ဖွင့်ပွဲကို ဇန်နဝါရီ ၅ရက် နံနက်က အဆိုပါ ကျေးရွာတွင် ကျင်းပသည်။ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဟန်၊ မြို့နယ် မီးသတ် တပ်ဖွဲ့မှူး ဦးကံဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊သင်တန်းနည်းပြများ သင်တန်းသားများ တက်ရောက်ကြသည်။ သင်တန်းသို့ သင်တန်းသား ၆၀ တက်ရောက်ကြပြီး သင်တန်း ကာလမှာ ရက်သတ္တ နှစ်ပတ်ဖြစ်သည်။

(မြို့နယ်ပြန်/ဆက်)

ပညာသင်ထောက်ပံ့ငွေပေးအပ်

ထားဝယ် ဒီဇင်ဘာ ၃၁

ထားဝယ်မြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ အဖွဲ့ဝင် သားသမီးများအား ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက်က အဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြွယ်က စစ်မှုထမ်းဟောင်းအဖွဲ့၏ လုပ်ငန်းစဉ်ငါးရပ်အား ရှင်းလင်းပြီး မြို့နယ် စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီး ငွေသိန်း(ငြိမ်း)က အဖွဲ့၏ လက်ရှိ လုပ်ငန်းဆောင်ရွက်နေမှု၊ ဘဏ္ဍာရေး အခြေအနေနှင့် ပညာသင် ထောက်ပံ့ငွေ ပေးအပ်ရခြင်းတို့ကို ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်ကြွယ်က မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့သို့ အလှူငွေကျပ် ၃၀၀၀၀ပေးအပ်ပြီး ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌတို့က အဆင့်မြင့်တန်း၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် အဖွဲ့ဝင်များ၏ သားသမီး ကျောင်းသားကျောင်းသူ ၁၀၃ဦးအား ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။

(အောက်ပုံ) (က-ပ)

လှိုင်လင်မြို့ စိန်တောင်ကျောင်းလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကျင်းပ

လှိုင်လင် ဇန်နဝါရီ ၁၀

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်လင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော လှိုင်လင်မြို့စိန်တောင်ကျောင်းလမ်း ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက်က အဆိုပါလမ်းမုခ်ဦးရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် စိန်တောင်ကျောင်းလမ်း ကျောက်ချောလမ်းကို ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးအေးမောင်ကြည် နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ကျောက်ချောလမ်းမှာ အရှည် ၁၂၆၂ပေ၊ အကျယ် ၁၂ပေရှိပြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၄၆၄၀၀ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြဝတီမြို့ အမှတ်(၂)မူလတန်းလွန်ကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်

မြဝတီ ဇန်နဝါရီ ၁၅

ကရင်ပြည်နယ်မြဝတီမြို့တွင် ဇန်နဝါရီ ၁၀ ရက် နံနက် ၉နာရီက အမှတ်(၂)အခြေခံပညာမူလတန်းလွန် နှစ်ထပ်ကျောင်းဆောင်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ရာ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီး နီအောင်တို့က ဖဲကြိုးဖြတ်၍ကျောင်းသစ်အား ဖွင့်လှစ်ပေးပြီးဗိုလ်မှူးချုပ်ကျော်သူက ကျောင်း၏ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ)

ထို့နောက် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီး နီအောင်တို့က ကျောင်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားများ ပြောကြားပြီး မြို့နယ် ဥက္ကဋ္ဌ ဗိုလ်ကြီးနီအောင်က အမှတ်(၂) အခြေခံပညာမူလတန်းလွန်နှင့် ပတ်သက်၍ ငွေစာရင်း ရှင်းတမ်းများ ဖတ်ကြားပြီး မြို့နယ်ပညာရေးမှူး ဦးစောစံတင်ထံသို့ကျောင်းနှင့် ပတ်သက်သော စာရွက် စာတမ်းများကို လွှဲပြောင်းပေးအပ်၍ အလှူငွေထည့်ဝင်ကြသောအလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ကြသည်။ **(က-ပ)**

အမေနေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

ဖျာပုံ ဇန်နဝါရီ ၁၀

ဖျာပုံမြို့နယ်(ပထမအကြိမ်) အမေနေ့ ကျင်းပရေးကော်မတီ၏ အမေနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဇန်နဝါရီ ၆ရက်ညတွင် ပထမလမ်း စည်ပင် သာယာရေးအဖွဲ့ရုံးရှေ့ စင်မြင့်တွင် ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံမြို့ ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာမှ အသက် ၁၀၂ နှစ်ရှိ ဘွားသက်ရှည် ဒေါ်အုန်းရင်အား ရန်ကုန်မြို့ ဆရာကြီး ဦးသုခ ပေးပို့လှူဒါန်းငွေနှင့် ကော်မတီမှ ဖြည့်စွက်လှူဒါန်းသည့် အလှူငွေနှင့် ပစ္စည်းများကို ကော်မတီဝင်များက ပေးအပ်လှူဒါန်းကန်တော့ကြသည်။ ထို့နောက် မောင်သွေးသစ်၊ မောင်သိန်းဆိုင်နှင့် ချစ်စံဝင်းတို့က စာပေရေးရာများ ဟောပြောကြသည်။ **(၁၅၈)**

ကွန်ပျူတာသင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၉

ACE Data Systems ၏ Software Engineering သင်တန်းများကို အခြေခံမှစတင်၍ လုပ်ငန်းခွင်ဝင်ရောက်နိုင်သည်အထိ သင်တန်းအဆင့်ဆင့်ကို ၃၈လမ်း ပလာဇာ (ဒုတိယထပ်) ဆိပ်ကမ်းသာလမ်းရှိ သင်တန်းခန်းမတွင် လစဉ် ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

Software Engineering Level II တန်းခွဲသစ်ကို ဇန်နဝါရီ ၂၆ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ Level I သင်တန်းအောင်မြင်ပြီးသူများ၊ Programming အခြေခံရှိပြီးသူများ တက်ရောက်နိုင်သည်။ သင်တန်းကာလမှာ သုံးလဖြစ်ပြီး Networking Concepts C++ Programming, Advanced Java Programming, Visual Basic for Application with MS Access တို့ကို သင်ကြားပေးမည်ဖြစ်ရာ သင်တန်းများအတွက် အသေးစိတ်ကို အထက်ပါလိပ်စာ ဖုန်း-၂၅၄၈၂၄၊ ၄၄၁၁၂၁၇သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။**(က-ပ)**

အမှာစကားပြောကြား

ဇန်နဝါရီ ၁ရက်က ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲကို ကျိုက်လတ်မြို့ ပြည်သူ့အားကစားကွင်းတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့် အဖွင့်အမှာစကားပြောကြားစဉ်။

(၀၅၈)

ဦးတော်(အမရပူရ)၏ အဘိဓမ္မာနှင့်သောတာပန်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၉

ဘာသာရေးအသင်းအဖွဲ့များ၊ ဓမ္မဒါနလုပ်လိုသူများအတွက် ပစ်တိုင်းထောင် စာအုပ်ဆိုင် အမှတ် ၁ စကြံ ရန်ကုန်ဘူတာကြီး ဖုန်း-၂၄၃၅၂၂၊ ၂၄၉၀၂၄၊ အထက်မြန်မာပြည် မန္တလေး ကိုထွန်းဦးစာပေ၊ နဂါးစာပေ၊ မြည္ဍန့်ဆွေစာပေဆိုင်များတွင် ဖြန့်ချိလျက်ရှိသည်။ **(ယာပုံ) (က-ပ)**



မြန်မာစကား၊ မြန်မာစာရုပ်ပုံလွှာ စာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာဘာသာ စကား၏ သွင်ပြင်လက္ခဏာများကို လေ့လာတင်ပြသော မောင်ခင်မင် (ဓနုဖြူ)၏ စာအုပ်ဖြစ်သည်။ မိမိတို့ နေ့စဉ် ပြောဆိုသုံးစွဲနေသော မြန်မာ ဘာသာ စကားအကြောင်းကို စာဖတ် ပရိသတ်ပြည်သူများ ပေါ့ပေါ့ပါးပါး ဖတ်ရှုသိရှိနိုင်စေရန် ရည်ရွယ်ပြုစု ထားပြီး ရူပစာအုပ် တိုက်(၂၁၂) ၃၁လမ်း ဖုန်း-၇၀၆၀၅၅ က ဖြန့်ချိသည်။

(ဝဲပုံ) (က-ပ)

ပုသိမ်မြို့အမှတ်(၁)အလကမြို့မကျောင်းသူ ကျောင်းသားဟောင်းများ၏
ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ

ပုသိမ်မြို့ အမှတ်(၁)အလက မြို့မကျောင်းသူ ကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂–၅–၂၀၀၄ ရက် (၁၃၆၆ခုနှစ် ကဆုန်လဆန်း ၁၄ရက်) တနင်္ဂနွေနေ့တွင် ပုသိမ်မြို့ အမှတ်(၁)အလက အားကစားခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ကျောင်းသူ ကျောင်းသားဟောင်းများအနေဖြင့် အောက်ဖော်ပြပါနေရာများ၌ အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

၁။ ဦးမြင့်ဦးချို	ထူးကျော်ရောင်းဝယ်ရေး သိမ်ကြီးဈေး (D)ရုံ၊ရန်ကုန်မြို့ ဖုန်း– အိမ်– ၀၁–၃၇၉၇၀၇ ဆိုင်– ၀၁–၂၄၀၆၀၀၊ လိုင်းခွဲ – ၁၂၁
၂။ ကိုအောင်နိုင်ဦး	ရွှေဝင်းသော်ဆန်ပွဲရုံ ဓ–၆၇၊အာသောကလမ်း၊ရန်ကုန်မြို့ ဖုန်း– ၀၉–၅၀–၁၅၈၃၁
၃။ ဦးခင်မောင်ဝင်း	ပုသိမ်ခရိုင် ဥပဒေအရာရှိ ဖုန်း–အိမ်–၀၄၂–၂၂၀၄၀ ရုံး–၀၄၂–၂၂၆၀၅
၄။ ဒေါ်ခင်စောမြင့်	ကျောင်းအုပ်ဆရာမကြီး အလက(၁)ပုသိမ်မြို့ ဖုန်း–ကျောင်း–၀၄၂–၂၁၂၅၇
၅။ ဦးကျော်မြ	ရိုးရိုးယဉ်ရွှေပန်းထိမ် ၇၄၊ ရွှေပြည်သာဈေး၊ပုသိမ်မြို့
၆။ ဦးမျိုးသန့်	ရွှေစံကောင်းစတိုးနှင့်ရွှေဆိုင်၊ပုသိမ်မြို့ ဖုန်း–၀၄၂–၂၂၇၉၂
၇။ ဦးယဉ်အေး	ကောင်းမွန်ဟာလဝါ၊ပုသိမ်မြို့ ဖုန်း–၀၄၂–၂၂၄၆၈
၈။ ဦးစိုးနိုင်	မြန်မာ့ကိုးဖိနပ်လုပ်ငန်း၊ပုသိမ်မြို့ ဖုန်း–အိမ်– ၀၄၂–၂၂၀၃၇ ဆိုင်–၀၄၂–၂၂၄၈၂
၉။ ဒေါ်စန်းစန်းငွေ	သရဝဏ်ရွှေဆိုင်၊ပုသိမ်မြို့ ဖုန်း– ၀၄၂–၂၁၅၂၄ ၊ ၀၄၂–၂၁၅၇၃
၁၀။ဦးမြင့်ဦး(Pioneers)	၁၃၊မဟာဗန္ဓုလလမ်း၊ပုသိမ်မြို့ ဖုန်း– ၀၄၂–၂၄၂၁၇



သိမ်နှင့်သိမ်ကျောင်းနှိုးဆော်စာ

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ခရပ်ကွက် (မေခအိမ်ရာ၊ ကုလားစုမှတ်တိုင်) လေးထောင့်ကန်လမ်းမကြီး အောင်ရာမြေ ပရိယတ္တိစာသင်တိုက်၊ ပဓာန နာယက (အမ်း–ချင်းသာသနာပြု ဆရာတော်ကြီး) ဘဒ္ဒန္တ ဝရာလင်္ကာရနှင့်စာချ၊ စာသင် ရဟန်း၊ သာမဏေ ၉၈ ပါးသီတင်းသုံးလျက်ရှိသည်။ သိမ်နှင့် သုံးထပ်သိမ်ကျောင်း ဆောက်လုပ်ရန် လိုအပ်လာပါသဖြင့် ၁၀–၁၀–၂၀၀၃ ရက်မှ စတင်တည်ဆောက်နေပြီး ယခုအခါ ၆၅ရာခိုင်နှုန်း တည်ဆောက် ပြီးစီးလျက်ရှိရာ ပဋ္ဌာန်းဆက်ပါသူများ၊ ဒါနပါရမီဖြည့်လိုသူများ ကျောင်းတိုက်ဖုန်း–၀၁–၅၇၃၃၄၇သို့ ဆက်သွယ်လာရောက် လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

သိမ်နှင့်သိမ်ကျောင်းဖြစ်မြောက်ရေး ကျောင်းဒါယကာများအဖွဲ့

ဂုဏ်ယူဝမ်းမြောက်ပါသည်

စာတည်းမှူး ဦးမွှေးကြည်နှင့် ဒု–ကြီးကြပ်ရေးမှူး ဦးမြင့်ဆွေတို့အား ၄–၁–၂၀၀၄ ရက် ထုတ်ပြန်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၄ဖြင့် စီမံထူးချွန်(တတိယဆင့်)နှင့် စက်မှုစီးပွားထူးချွန် (တတိယဆင့်) ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ဖြစ်ရပါကြောင်း။

ကိုယ်ပွားသတင်းစာတိုက်ဝန်ထမ်းများ၊မန္တလေးမြို့

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်ကိုကိုဦး** ၉/မနတ(နိုင်)၀၀၁၀၂၃ နှင့် ကျွန်မ **မနန်းစံညို** ၁၂/ဗတထ (နိုင်) ၀၀၁၉၀၂တို့သည် ၁၂–၁–၂၀၀၄ရက်တွင် တရားရုံးချုပ်ရှေ့နေ ဦးဝင်းမောင်၏ရှေ့မှောက်၌ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။ **မောင်ကိုကိုဦး–မနန်းစံညို**

ဟသ်ာတမြို့ အလက (၂)
အာစရိယပူဇော်ပွဲ ကျင်းပရန် အသိပေးခြင်း

ဟသ်ာတမြို့ အလက(၂)ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၁၂–၂–၂၀၀၄ရက်(ပြည်ထောင်စုနေ့) မွန်းလွဲ ၁း၀၀ နာရီတွင် ဟသ်ာတမြို့ မန္တလေးကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဝေးရောက် ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေထည့်ဝင်လိုသူများသည် အောက်ပါပုဂ္ဂိုလ်များထံ အချိန်မီဆက်သွယ်၍ လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) ဦးမင်းဟန် ၀၁–၆၈၀၇၅၈ (၄) ဒေါက်တာကျော်စိုးသိန်း ၀၄၄–၂၁၃၈၁
(၂) ဒေါ်မြင့်မြင့်ထွေး ၀၁–၂၉၈၄၂၆ (၅) ဦးသက်နိုင် ၀၄၄–၂၁၀၇၃
(၃) ဦးညွန့်ဦး ၀၄၄–၂၁၅၆၂ (၆) ဦးကြည်တိုး ၀၄၄–၂၁၁၈၄ ၀၁–၆၈၀၉၂၅

(၁၁)ကြိမ်မြောက်(စင်ထရယ်)အထက(၁)လသာ
ကျောင်းသားဟောင်းများ၏ ဂါရဝပြုပွဲနှင့် မိတ်ဆုံစားပွဲ

၁၉၆၅–၂၀၀၀ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသားဟောင်းများ၏ မြတ်ဆရာများအား ဂါရဝပြုပွဲနှင့် မိတ်ဆုံစားပွဲ

နေ့ရက် – ၈–၂–၂၀၀၄ ရက် (တနင်္ဂနွေနေ့)
အချိန် – နံနက် ၉း၀၀ နာရီ
နေရာ – အထက(၁)လသာ(ဗဟိုစံပြခန်းမ)

ဆန္ဒ/အာသိသ/သူငယ်ချင်းများအားလုံးစုံညီစွာမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန် – ကိုစိန်ထွန်းလင်း ၂၄၅၃၀၈၊ ၀၉–၈၀၃၃၅၆၃၊ ကိုအောင်ခိုင် (စိုးမိုးကျော်) ၀၉–၉၉–၂၆၁၈၅၊ ဗိုလ်မှူးချစ်ညွန့်(ခဃက) ၀၉–၅၀၀၁၃၇၈၊ ကိုသာခင်(ရွှေသီရိ) ၂၅၂၀၃၀၊ ကိုလှဝင်း(သကြား)၀၉–၉၉–၂၂၀၆၀၊ ကိုခင်မောင်စိန် (စာစစ်) ၃၇၃၆၅၃၊ ကိုအောင်ကြည်၊ ကိုသော်တာဝင်း ၂၈၁၀၇၂၊ **ကျင်းပရေးကော်မတီ။**



သက်ဆိုင်သူများသိသာရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

မိတ္ထီလာမြို့ ဟံလင်းမဟာစည်သာသနာ့ရိပ်သာဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့၏ ညွှန်ကြားချက်အရ သက်ဆိုင်သူများ သိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မိတ္ထီလာမြို့ ဟံလင်းမဟာစည်သာသနာ့ရိပ်သာတွင် အမြဲတမ်းနေထိုင်လျက် အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် စာရင်းကိုင်တာဝန်ကိုထမ်းဆောင်လျက်ရှိသော မှတ်ပုံတင်အမှတ် MTA–၀၉၉၈၄၉ နှင့် နိုင်ငံသားစိစစ်ရေးလက်မှတ် အမှတ် ၇/ပခန(နိုင်)၀၈၅၃၁၉ ကိုင်ဆောင်သူ(အဖ) ဦးကြိုင်၏သား ဦးမင်းချို (ပဲခူးမြို့နယ်သမစာရင်းစစ်အငြိမ်းစား ယခင် ၂၄၂၊ စစ်တန်းဟောင်းလမ်း ရုံးကြီးရပ် ပဲခူးမြို့နှင့် ဆေးရုံဟောင်းလမ်း ရုံးကြီးရပ် ပဲခူးမြို့)နေထိုင်ခဲ့သူ ဦးမင်းချိုသည်၂၀–၁၂–၂၀၀၃ရက်တွင် မိတ္ထီလာမြို့ မဟာစည်သာသနာ့ရိပ်သာတွင် ကွယ်လွန်ခဲ့၍ သဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူ ဦးမင်းချိုကျန်ရစ်ခဲ့သော ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် ပတ်သက်၍ မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ် အောင်ချမ်းသာ (၁၂) လမ်းနေ(အဖ)ဦးမောင်သိန်း၏သမီးများဖြစ်သည့် နိုင်ငံသားစိစစ်ရေးလက်မှတ် အမှတ် ၉/မထလ(နိုင်)၀၁၂၅၁၅ ကိုင်ဆောင်သူ ဒေါ်ယဉ်ယဉ်ထွေးနှင့် နိုင်ငံသားစိစစ်ရေးလက်မှတ် အမှတ် ၉/မထလ(နိုင်)၀၁၂၅၁၇ ကိုင်ဆောင်သူ ဒေါ်မြင့်မြင့်သိန်း၊ ဦးမင်းချို၏ တူမဝမ်းကွဲတော်စပ်သူများမှ လွှဲပြောင်းပေးအပ်ပါရန် ၃၀–၁၂–၂၀၀၃ရက်တွင် မိတ္ထီလာမြို့ ဟံလင်းမဟာစည်သာသနာ့ရိပ်သာဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ထံ လျှောက်ထားတောင်းခံလာပါသည်။

၎င်းလျှောက်ထားတောင်းခံမှုအပေါ် သက်ဆိုင်ရာဆွေမျိုးတော်စပ်သူများမှ ၁၅ ရက်အတွင်း အထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက လျှောက်ထားလာသူများအပေါ် လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း။ **မိတ္ထီလာမြို့ ဟံလင်းမဟာစည်သာသနာ့ရိပ်သာအမှုဆောင်အဖွဲ့၏ ညွှန်ကြားချက်အရ**

ဦးခင်မောင်မြင့် (ဥပဒေဘွဲ့ရ) တရားရုံးချုပ်ရှေ့နေ (စဉ်–၃၇၂၇)
လေတပ်လမ်း၊ ဘုတာဟောင်း၊ အောင်ဇေယျာရပ်၊မိတ္ထီလာမြို့

ဒီဇင်ဘာ ၁၂ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) ဥပဒေ၊ အခွန်နှင့်စစ်ဆေးရေးဌာန ညွှန်ကြားရေးမှူး ဦးကျော်လှိုင်ကော့ကရိတ်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုးဥယျာဉ်အတွင်းစိုက်ပျိုးထားသောပန်းအလှပင်နှင့်အရိပ်ရပင်များကို ကြည့်ရှုစစ်ဆေးရာ မြို့နယ် အမှုဆောင်အရာရှိ ဦးခင်မောင်သန်းက ရှင်းလင်း ပြသစဉ်။
(၀၂၄)

မော်ဘီမြို့နယ် ၂၀၀၃ခုနှစ် မြို့နယ်အဆင့် လူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ် ဆွေးနွေးပွဲကို ဇန်နဝါရီ ၅ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေး ခန်းမတွင် ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော် အမှာစကား ပြောကြားစဉ်။
(က–ပ)

ဇန်နဝါရီ ၃ရက်က သန်လျင်မြို့နယ် ရေနံ့ အခြေခံ ပညာမူလတန်းလွန်ကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆုနှင်းသဘင် အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေး အေးမြင့်က ဆဋ္ဌမတန်းပထမ ဆုနှင့် ခုနစ်နှစ်ဆက်တိုက်ပညာ ရည် ထူးချွန်တံခွန်စိုက်ဆုရမဝေဝေဖူးသော်အား ဆုချီးမြှင့်စဉ်။ (က–ပ)

ဒီဇင်ဘာ ၉ရက်က ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၌ ကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်း အမှတ် ဓာတ်ပုံ၊ ပိုစတာ၊ နံရံကပ်စာစောင် ဟောပြောပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်နှင့်မြို့နယ်ဆရာဝန်ဒေါက်တာ နီလာစိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာများ တင်သွင်းရန်
ကြေညာချက် (၁/၂၀၀၄)

ရန်ကုန်မြို့၊ ၁၃၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၈ ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၄ ခုနှစ် (ဧပြီ၊ မေ၊ ဇွန်လ)များအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော် ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များနှင့် လစ်လပ်ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ-၁၂၊ ပုဒ်မ-၁၃၊ ပုဒ်မ-၁၅ တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်) အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်တစ်သိန်း ပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့် လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း၊ ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်းစသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များ နှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည် ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း၊ ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထား စာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊ အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင်လွှဲပြောင်းခြင်း မပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်(၁၂၃/၉၉)အတိုင်း လိုက်နာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄။ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်သည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များ၊တူးဖော်ထုတ်လုပ်ဆဲ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့် ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေအကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက် ရမည်ဖြစ်ပါသည်။ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာ သုံးနှစ်ဖြစ်ပြီး အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာ ကျပ် ၁၀ သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့် အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့ တူးဖော်လိုသည့် သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့်ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများ တင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများ တင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံဖော်ပြခြင်း မပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည် တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည်၂၀၀၄ခုနှစ် ဇန်နဝါရီလ ၁၂ရက်မှစ၍ အမှတ်(၆၆) ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများ ထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာ တင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ (သမ-၁)တို့ တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ (ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ် နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၂ရက်မှ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) အမှတ် (၆၆) ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

ဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် နိုင်ငံတော်က ချီးမြှင့်သော'သီဟသုဓမ္မမဏိဇောတဓရ'ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသူ ဦးကင်းစိန် (အုပ်ချုပ်မှုဒါရိုက်တာ၊ အဏ္ဏဝါစိုးမိုးထရေးဒင်း ကုမ္ပဏီ လီမိတက်)အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

အဏ္ဏဝါစိုးမိုးထရေးဒင်းကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်
(၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်ဝင်ငွေ၊ပုဂ္ဂလိကဝင်ငွေ၊အမျိုးသားဝင်ငွေများ တိုးတက်ရရှိရန်နှင့် နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာဈေးကွက် တိုးတက်ဖြစ်ထွန်းရန်စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၄ခုနှစ် မတ်လတွင် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စီစဉ်ကျင်းပမည်ဖြစ်ပါသည်။ ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များများတက်ရောက်စေရန် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာဌာနများ၊ ရတနာကုန်သည်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ရတနာပြပွဲတွင် သင့်တော်သည့် အခြေခံ ရောင်းဈေးသတ်မှတ်သည့် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည်ဖြစ်၍ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်၍ တင်ပြရောင်းချရန် အထူးလိုအပ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ယခင်ရတနာပြပွဲများအတိုင်း ရောင်းရငွေများအမြန်ရရှိရေး၊ ပြည်ပမှ ရတနာကုန်သည်များ ဝယ်ယူသည့် ကျောက်မျက်ရတနာ များကို ပြည်ပသို့ အမြန်တင်ပို့ရေး၊ နိုင်ငံသားများ၏ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning)အဖြစ်သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် မတ်လတွင် ကျင်းပမည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသား ကျောက်မျက်ရတနာ လုပ်ငန်းရှင်များမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၆ရက်မှ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် သတ်မှတ်ချက်များနှင့်အညီ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)နှင့်၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေခံပြုသည့် ကျောက်စိမ်း/ကျောက်မျက်တူးဖော်ရေးဌာန (စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါသည်။

၅။ ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့ အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် လမ်းခရီး၌ အခက်အခဲရှိပါက အထက်စာပိုဒ်(၄)ပါလုပ်ငန်း၊ ဌာန၊ ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနရှိ အသုံးမပြုတော့သည့် အောက်ဖော်ပြပါ မော်တော်ယာဉ်အဟောင်းများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့်လေလံတင်ရောင်းချမည် ဖြစ်ပါသည်။

စဉ်	ယာဉ်အမျိုးအစား	အရေအတွက်	ယာဉ်တည်နေရာ
၁။	မော်တော်ယာဉ်မျိုးစုံ	(၂၀)စီး	ရန်ကုန်မြို့

၂။ တင်ဒါစည်းကမ်းနှင့်လျှောက်လွှာပုံစံရောင်းချမည့်နေ = ၁၉-၁-၂၀၀၄မှ ၂-၂-၂၀၀၄ရက်အထိ (ရုံးချိန်အတွင်း)
၃။ တင်ဒါစတင်သွင်းရမည့်နေ့ = ၂၁-၁-၂၀၀၄ ရက်မှစ၍ (ရုံးချိန်အတွင်း)
၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ = ၃-၂-၂၀၀၄ ရက် (၁၂:၀၀) နာရီ
၅။ တင်ဒါဖွင့်လှစ်ရောင်းချမည့်နေ့ = ၃-၂-၂၀၀၄ ရက် (၁၃:၀၀) နာရီ
၆။ တင်ဒါတင်သွင်းရမည့်နေရာ = ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်) အမှတ်၆၂၂ (ဒုတိယထပ်)၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ရန်ကုန်မြို့။
၇။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ကျပ် ၂၅၀၀ (ကျပ်နှစ်ထောင် ငါးရာတိတိ) နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန။

အများသိစေရန်ကြေညာချက်

[illegible]

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ဗဟန်းမြို့နယ် ရွှေဂုန်ရိပ်မွန်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှရရှိထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲပေးခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြေညာသည့်နေ့မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	မူလပိုင်ရှင်အမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်း လျှောက်သည့်တိုက် နှင့် အခန်းအမှတ်
၁။	ဒေါ်ရင်လှ ဝိုင်ကေအင်န်- ၀၁၃၁၆၇	ဦးအောင်ဝင်းနိုင် ၉/မကန(နိုင်) ၀၀၁၉၆၃	တိုက် ၁၂ အခန်း ၂၄ ရွှေဂုန်ရိပ်မွန်အိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)

လွမ်းဆွတ်တမ်းတသတိရခြင်း
ဒေါ်ပြုံးကြည် အသက် (၆၁)နှစ်

B.Ed.အထပြ(ငြိမ်း) ပြွန်တန်ဆာမြို့ ကွယ်လွန်ခဲ့သည်မှာ ၂၀-၁-၂၀၀၄ ရက်တွင် တစ်လပြည့်ပြီဖြစ်သော်လည်း အမြဲတမ်းလွမ်းဆွတ်တမ်းတ သတိရလျက်ရှိပါသည်။ ပြုခဲ့သမျှ ကုသိုလ်ကောင်းမှု အစုစုကို မြင့်မြတ် အေးချမ်းသော ဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ချစ်ခင်ပွန်း - ဦးလှမြင့် (သီရိရတနာရွှေဆိုင်)
ချစ်သမီး - မသီရိရတနာမြင့်

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါ သည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

ဦး P.N ဘစ္စဝပ်
Sri Sri Bengali Kalj Temple
(ဘဏ္ဍာရေးမှူး)
စက်ရုံအုပ်ကြီး(ငြိမ်း)၊ မြန်မာ့မီးရထား တောင်ငူမြို့
အသက် (၇၄)နှစ်

တောင်ငူမြို့ မင်းကြီးညို ရပ်ကွက် ၊ အမှတ် ၂၁၊ ဂါမဏိလမ်းနေ ဒေါ်လှစိန်၏ခင်ပွန်း၊ မနုနုစိန်၊ ကိုလှဝင်း-မနုနုကြည်၊ မနုနုဆွေ၊ မနုနုရီ၊ ကိုကျော်ကျော်ထွန်း (ခယကရုံး - တောင်ငူ)-မသီတာလွင်၊ မနုနုထွေး [အငယ်တန်းအင်ဂျင်နီယာ(၃) မြို့ပြ-ဆောက်လုပ်ရေး၊ သံတောင်]၊ မနုနုငယ်၊ မောင်အောင်မြင့်၊ မောင်အောင်ဗိုလ်မင်း တို့၏ဖခင်၊ ပွင့်ဦးမေနှင့် ရွှေရည်ဖြိုး တို့၏အဘိုးသည် ၁၄-၁-၂၀၀၄ ရက်တွင် ကွယ်လွန် သွားပါသဖြင့် ၁၅-၁-၂၀၀၄ ရက်တွင် တောင်ငူမြို့ အနောက်ဟိန္ဒူသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်တင်တင်မြ(ခ)ဒေါ်မြမြ
ကျန်းမာရေးဝန်ကြီးဌာန(ငြိမ်း)
အသက်(၅၈)နှစ်

ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် ၁၁၊ အခန်း ၇၃နေ (ဦးအုန်းမြင့်–ဒေါ်သန်းတင်)တို့၏သမီး၊ ဦးဌေးအောင်(နယ်စပ်စည်ပင်၊ ငြိမ်း)–ဒေါ်တင်တင်မြင့်(စီးပွား/ကူးသန်းဝန်ကြီးဌာန)တို့၏ ညီမ၊ ဦးမြင့်သူ (မြို့ရွာ/အိုးအိမ်)–ဒေါ်လဲ့လဲ့ရှိန်(မြို့ရွာ/အိုးအိမ်)၊ ဦးကျော်နိုင်(မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ငြိမ်း)(ဇေဝရတ်ဗီဒီယိုရိုက်ကူးရေး)–ဒေါ်လှဝင်းစိန်၊ ဒေါ်ဝင်းဝင်းမြင့်(ချေးငွေကြီးကြပ်ဌာန၊ မစဘ ရုံးချုပ်)၊ ဦးမြင့်အောင်(လမ်း/တံတား၊ မြို့တော်စည်ပင်)–ဒေါ်ဇင်မင်းထိုက်၊ ဦးရွှေစင်–ဒေါ်လှလှမြင့်၊ ဒေါ်လဲ့လဲ့မြင့်(ဇေဝရတ်ဗီဒီယိုရိုက်ကူးရေး)တို့၏ အစ်မ၊ မသဇင်ဝင်း(Myanmar Travel Ltd.)၊မငုဝါဝင်း(Gulliver Travels & Tours)တို့၏မိခင်သည် ၁၈–၁–၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၈:၃၀နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၀–၁–၂၀၀၄ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးထူးမြင့်စိုး (O.T.S°–၈၅)
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်မှတ်တမ်းရုံးဝင်း၊ တိုက်အမှတ် ၂၁၆၊ အခန်း၉နေ (ဦးခင်မောင်စိုး–ဒေါ်တင် မြင့်)တို့၏ သားထွေး၊ ဦးအောင်သိန်း–ဒေါ်မော်မော်တို့၏ သားသမက်၊ ဒေါ်အိအိအောင်(မြန်မာမေဖလားဝါးဘဏ်)၏ ခင်ပွန်း၊ မအင်ကြင်းမိုး၏ဖခင်၊ ဦးအောင်မြင့်စိုး–ဒေါ်ဝင်းဝင်းဆွေ(အလက–၂၊ တာမွေ)၊ ဦးသန်းလွင်ဦး(ဒုဌာနမှူး၊ ပတ်/သန့်၊ မြို့တော်စည်ပင်)–ဒေါ်ချို ဇင်စိုး(အထက–၂၊လသာ)၊ ဦးမောင်မောင်အေး(လ/ထဌာနမှူး၊ ယာ/အံ့၊ မြို့တော် စည်ပင်) – ဒေါ်အေးဇင်စိုး(ဥပဒေအကြံပေး၊ မြို့တော်စည်ပင်)၊ ဒေါ်ငြိမ်းဇင်စိုး (နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန)၊ ဦးလှိုင်မြင့်စိုးတို့၏ ညီ/မောင်သည် ၁၇–၁–၂၀၀၄ရက် ည ၇ နာရီတွင် တပ်မတော် အသည်းရောဂါ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၁–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် တပ်မတော်ဆေးရုံကြီးအအေးတိုက်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သဂြိုဟ် ပါမည်။ ကျန်ရစ်သူမိသားစု။

မခင်ဖြိုးကြည် (ကွမ်းခြံကုန်း)
(အထက–၄၊ ဗိုလ်တထောင်ကျောင်းသူဟောင်း)
ဒုတိယနှစ်၊ (ဝါဏိဇ္ဇဗေဒ)စီးပွားရေးတက္ကသိုလ်
Diploma In Information System Nanyang Institute Of Management Singapore
အသက်(၁၉)နှစ်

ရန်ကုန်မြို့၊သာကေတမြို့နယ်၊ အမှတ် B(1)၊ ဝန်ထမ်းအိမ်ရာ (ရန်ကုန်သန်လျင်တံတား)နေ ဦးကျော်စိုး(အကြီးတန်းလိုင်စင် အင်/ယာ ATG Construction Team)၊ ဒေါ်ကြည်ဝင်း(အငယ်တန်းအင်/ယာ–၂၊ တံတားအထူးအဖွဲ့–၁၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)တို့၏ဒုတိယသမီး၊ မမြတ်သက်ဝေ (တတိယနှစ်၊စီးပွားရေးတက္ကသိုလ်၊ ရွာသာကြီး)၏ ညီမ၊ မမြတ်ထက်မွန် (အဋ္ဌမတန်း–ဃ)၊ မချစ်ထွေးသော်(ပဥ္စမတန်း–ဂ၊ အထက–၂၊ လသာ)တို့၏ အစ်မ မခင်ဖြိုးကြည်သည် စင်ကာပူနိုင်ငံ၌ ၁၈–၁–၂၀၀၄ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂–၁–၂၀၀၄ ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်၍ မွန်းလွဲ ၂:၃၀ နာရီတွင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဆေးရုံကြီးအအေးခန်းမှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိန်ရှိန် (မြိတ်)
အသက်(၅၁)နှစ်

မြိတ်မြို့၊ မြန်အောင်ရပ်၊ ၃လမ်းနေ (ဦးဟုတ်စွန်–ဒေါ်သန်းညွန့်)တို့၏သား၊ (ဦးဖေသင်)–ဒေါ်ထွန်းမြရွှေ တို့၏ သားသမက်၊ ဒေါ်ထွန်းမြင့်၏ခင်ပွန်း၊ မဖြူဖြူမော်၊မဖွေးဖွေးအိ(တတိယနှစ်၊ရူပဗေဒ၊ မြိတ်တက္ကသိုလ်)၊မောင်ကျော်ကျော်ဦး (ဒုတိယနှစ်၊အင်္ဂလိပ်စာ၊မြိတ်တက္ကသိုလ်)၊ မောင်နေဇာထွန်း(အထက–၄၊မြိတ်)တို့၏ ဖခင်သည် ၁၈–၁–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၁–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် တပ်ပြင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခိုင်ခိုင်မာ
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၃ လမ်း၊ အိမ်အမှတ် ၂၉ နေ (ဦးမောင်ကို–ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးစိန်ဝင်း)–ဒေါ်ခင်စိန်တို့၏သမီးချွေးမ၊ ဦးထွန်းမြင့်–ဒေါ်မိမိစိမ်း၊ ဦးဆန်းလင်းမြင့်– ဒေါ်ဇာနီမာတို့၏ညီမ၊ ဦးဆန်နီ၊ ဦးအောင်မိုး–ဒေါ်ညီညီစံတို့၏အစ်မ၊ ဦးလှမင်း၏ ဇနီးသည် ၁၉–၁–၂၀၀၄ ရက် (တနင်္လာနေ့) ည ၈နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၁–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (သဂြိုဟ်မည့်အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါက်တာအောင်မြင့်မိုး
M.B.B.S(Ygn)
အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ (၃၆)ရပ်ကွက်နေ ဦးအောင်ဝင်းနိုင်–ဒေါ်အေးအေးမြင့် (အထပြ၊ အထက–၁၊ ဒဂုံမြောက်ပိုင်း)တို့၏သားကြီး၊ကိုမင်းမင်းကျော်စိုး–မသူသူလွင်၊ မသဲနုအေး၊ မောင်နန္ဒအောင်တို့၏အစ်ကိုကြီး၊ မဂျူဂျူစံ၏ဖခင်သည် ၁၉–၁–၂၀၀၄ ရက် (တနင်္လာနေ့)မွန်းလွဲ ၁:၁၅နာရီတွင် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၁–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင်မြောက်ဥက္ကလာပ ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ရေကန် ဒါယိကာမကြီး
ဒေါ်သန်းညွန့်
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၆၊ ၁၄လမ်းနေ (ဦးဇင်–ဒေါ်သဲဝါ)၏ သမီးကြီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးမောင်စိန်–ဒေါ်စိန်တင့်)၏ သမီးချွေးမ၊ (ဦးဘဆွေ)–ဒေါ်အေးမြင့်၊ ဦးလှကြည်–ဒေါ်အုန်းမြိုင်၊ ဦးလှိုင်– ဒေါ်မြမြဆင့်တို့၏ အစ်မကြီး၊ (ဦးမောင်ရ)၏ဇနီး၊ ဦးကိုကို–ဒေါ်လှလှကြည်တို့၏မိခင်၊ မောင်မြတ်ကျော်သူ–မသိမ့်သိမ့်ဦး၊ မခင်မျိုးဝင်း၊ မယမင်းကို၊ မလဲ့မွန်းထွေးတို့၏ အဘွား၊ မောင်ဇေယျာကျော်၏ ဘွားဘွားကြီးသည် ၁၉–၁–၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၁:၂၀ နာရီတွင် မော်တင်အထူးကုဆေးခန်းတွင် ကွယ်လွန်သွားပါ၍ ၂၁–၁–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

တော်ရှုလွမ်း(ခ)ဒေါ်စောရင်
အသက်(၇၄)နှစ်

မကွေးမြို့၊ အမှတ် ၁၉၆၊ ၁၃လမ်း၊ ရန်မျိုးအောင်ရပ်နေ (ဦးဘေးလှိုင်–ဒေါ်လင်းနား)တို့၏သမီး၊ ဦးဟန်ကြူ၏ဇနီး၊ ဦးဝင်းမောင်၊ ဦးအောင်ကြိုင်–ဒေါ်ခင်စောကြူ၊ ဦးလှဖြိုး၊ ဦးဘိုနီ–ဒေါ်သက်သက်လှိုင်၊ ဦးဘိုကြည်–ဒေါ်နီနီမာ၊ ဦးသန်းဌေး၊ ဦးလှမျိုး–ဒေါ်အေးအေးမြင့်၊ မသန်းသန်းမြင့်၊ မနီနီအေးတို့၏မိခင်၊ မြေး ၁၃ ယောက်တို့၏အဘွားသည် ၁၆–၁–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၁–၂၀၀၄ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် မကွေးမြို့တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ငွေသီး (မကွေး)
အသက်(၆၆)နှစ်

မကွေးမြို့၊ ကန်သာ(ဘီ)တိုးချဲ့ရပ်၊ တောင်တွင်းလမ်း၊ အိမ်အမှတ်၃၉နေ (ဦးသိန်းအောင်)၏ဇနီး၊ ဒေါ်ခင်သန်းရီ၊ ဒုတိယဗိုလ်မှူးကြီးတောက်ထွန်း၊ ဦးသက်ထွန်း၊ ဒေါ်အေးအေးရီ၊ ဦးကျော်ထွန်း၊ ဗိုလ်ကြီးမိုးထွန်း၊ ဦးအောင်ထွန်း၊ ဦးခိုင်ထွန်းတို့၏မိခင်သည် ၁၈–၁–၂၀၀၄ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ၍ ညနေ ၆ နာရီတွင် မကွေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးစောမောင်
မန်နေဂျာ(ငြိမ်း)
လူမှုဖူလုံရေးအဖွဲ့ရုံး(ပျဉ်းမနား)
အသက်(၈၄)နှစ်

ပျဉ်းမနားမြို့၊ ရွာကောက်နေ(ဦးအံ–ဒေါ်သန်းမေ)တို့၏သား၊ (ဦးကျော်စိန်)၊ (ဗိုလ်မှူး ကြီး အုန်းဖေ)၊ ဒေါ်ညွန့်ညွန့်၊ (ဒေါ်ခင်စိန်)၊ (ဒေါ်မြသိန်း)၊ ဒေါ်ကြည်ကြည်၊ (ဒေါ်အုန်းစိန်)တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ တိုက် ၂၁၈၊ အခန်း ၈၊ ရန်ကင်း ၁၂ လုံးတန်းနေ(ဒေါ်လှ ကြည်၊ အလက–၅၊ ရန်ကင်း)၏ ခင်ပွန်း၊ ကိုသန့်ဇင်(P.M.G Co., Ltd.)–မနွယ်နီဝင်း(F.M.I City)တို့၏ဖခင်သည် ၁၈–၁–၂၀၀၄ရက် နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀–၁–၂၀၀၄ ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(၁၂လုံးတန်းနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊တန်ဆောင်း၊ ဇရပ်၊လမ်း ဒါယိကာမကြီး
တောဇစက္ကူယောဂီ
ဒေါ်မြရီ
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ၈ မိုင်၊ တောဇစက္ကူဝိပဿနာကျောင်းတိုက်၊ ဇရပ်အမှတ် ၁၀၂ နေ (ဦးဘိုးပု–ဒေါ်စောတင်)တို့၏ သမီးကြီး၊ [ဦးတိုး(ခ) ဦးအုန်း]၏ဇနီး၊ ဦးထွန်းရီ(အင်/ယာမှူးကြီး၊ ဆောက်လုပ်ရေး)–ဒေါ်စန်းစန်းကြည် တို့၏ မွေးသမိခင်၊ (ဦးမောင်လေး–ဒေါ်မြကြည်) (ရခိုင်သဇင်ခြံ)၊ (ဦးကျော်သောင်း)–ဒေါ်ခင်မြင့် (သောင်းထိုက်ပရိဘောဂ)၊ (ဦးကျော်သန်း)–ဒေါ်စန်းစန်းမြင့်(နီလာကဖီး)၊ ဦးဖေအောင်–ဒေါ်တိုးစိန်(မင်္ဂလာဈေး)၊ (ဦးသောင်းရွှေ)–ဒေါ်ရင်ရင်တို့၏ အစ်မကြီး၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၈–၁–၂၀၀၄ ရက်(တနင်္ဂနွေနေ့)နံနက် ၂:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၁–၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(တောဇစက္ကူကျောင်းတိုက်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ကြင်နု (လှိုင်းဘုန်း)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ ၁၂လုံးတန်း၊ တိုက်အမှတ် ၂၁၄၊ အခန်း ၂၂ နေ (ဦးစစ်ဟန်–ဒေါ်ကြင်ရွှေ)တို့၏ သမီးကြီး၊ (ဦးဘအို–ဒေါ်လေးဖြူ)တို့၏ သမီးချွေးမ၊(အထက–၁၊ အလက–၅၊ ရန်ကင်း၊ အငြိမ်းစားကျောင်း ဆရာကြီး ဦးကျော်မြင့်)၏ဇနီး၊ ဆရာတော် ဦးသုမန(သာသနာ့တက္ကသိုလ်ကမ္မာအေး)၏ ရဟန်းမယ်တော်၊ (ဦးတင်လှ)–ဒေါ်ကြင်ဥ၊ ဦးမျိုးမြင့်(မဟာဝိဇယစေတီတော်ဂေါပက အဖွဲ့ဝင်)–ဒေါ်ခင်မြင့်၊ ဦးမောင်မောင်အေး–ဒေါ်ကြင်နွဲ့၊ (ဦးမြင့်ဆွေ(ခ)ဦးရော်ဆိုင်း)–ဒေါ်တင်ရီတို့၏အစ်မကြီး၊ ဦးကြင်စု–ဒေါ်ကြင်ရီ၊ ဦးဝေလွင်–ဒေါ်မာလာမြင့်၊ ဦးမျိုးမင်း–ဒေါ်နီလာမြင့်၊ ဦးကျော်လှမင်း(ခ) ဦးကျော်စိုး(ငြိမ်း၊ စက်မှုသိပ္ပံ၊ အင်းစိန်)–ဒေါ်စန္ဒာမြင့်၊ ဦးမိုးမြင့်–ဒေါ်ခင်ရူပါညွန့်၊ ဦးအောင်မင်း–ဒေါ်နွယ်နီမြင့်၊ ဦးကျော်မျိုးဝင်း(ဗလ) – ဒေါ်သဇင်မြင့် တို့၏ မိခင်ကြီး၊ တူ တူမ ၂၆ ယောက်တို့၏ ဒေါ်ကြီး၊ မြေး ၁၅ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၈–၁–၂၀၀၄ ရက် (တနင်္ဂနွေ နေ့) နံနက် ၃:၄၀ နာရီတွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၀–၁–၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခိုင်ဇော်
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၃၃နေ ဗိုလ်မှူးအောင်သန်း(အငြိမ်းစား) ဝါဒီစက်ရုံ(ဒေါ်အုံးမြင့်)တို့၏သားကြီး၊ (ဦးထွန်းကြည်–ဒေါ်စန်းမြင့်) တို့၏သားသမက်၊ ဒေါ်မာလာထွန်း၏ ခင်ပွန်း၊ မောင်ကျော်ကျော်ခိုင်၏ဖခင်၊ ကိုခိုင်မော်၊ ကိုတင်ထွဋ်၊ ဒေါ်ရင်ရင်အောင်–ဦးကိုလေး၊ ဒေါ်ချိုချိုအောင်–ဦးအောင်မြင့်၊ ကိုခိုင်ကျော်၊ ကိုအေးဝင်းအောင်၊ မနီနီအောင်–ဦးဇော်လင်းအောင်၊ မယုလေးအောင်–ကိုရဲမြတ်အောင်၊ မမြတ်စုအောင်–မောင်ရန်နိုင်ဝင်းတို့၏ အစ်ကိုကြီး၊ တူ တူမ ကိုးယောက်တို့၏ဦးလေးသည် ၁၈–၁–၂၀၀၄ ရက် (တနင်္ဂနွေနေ့) ၉:၅၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၁–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းအမကြီး
ဒေါ်ကြည်
အသက်(၈၄)နှစ်

၃၇၁ ၊ ၈ လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပနေ ဦးမြသောင်း၏ ဇနီး၊ (ဦးစံဖေ–ဒေါ်ရင်မေ)တို့၏ သမီး၊ (ဒေါ်မြရီ)၊(ဒေါ်ခင်တင့်)၊ ဦးမြင့်လွင်–ဒေါ်ခင်မူ၊ ဦးတင်ထူး–(ဒေါ်တင်ရွှေ)၊ ဦးလှဌေး–ဒေါ်ညွန့်တင်တို့၏အစ်မ၊ ဦးဝင်းမောင်–ဒေါ်တင်လှ၊ ဦးရန်စိမ်း–ဒေါ်တင်တင်ဝင်း၊ ဦးအောင်မြင့်–ဒေါ်မြင့်မြင့်စန်း၊ ဦးသောင်းစိန် (ဒုညွှန်ကြားရေးမှူး၊ ရေနံချေးရုံးချုပ်ရုံး)–ဒေါ်စန်း၊ (ဒေါ်နုနုကြည်)၊ ဦးဟန်ထွန်း– ဒေါ်ခိုင်ခိုင်ဝင်းတို့၏မိခင်၊ ဒေါ်ဝင်းဝင်းစိန်–ဗိုလ်မှူးခင်မောင်ရီ၊ ဦးနိုင်ဝင်း၊ ဗိုလ်မှူးမျိုးဝင်း၊ မမာမာစိန်–ကိုခင်ဇော်၊ မအေးနန္ဒာစိမ်း–ကိုရဲမင်းဦး၊ မအေးစန္ဒာဝင်း၊ ကိုဝင်းဇော်မိုး၊ မဇင်သီတာဝင်း၊ မမြင့်မြင့်သူ (အမက၊ ဆင်ခြံ)–ကိုအောင်မျိုးမင်း၊ မောင်ကိုကို၊ မသဉ္ဇာလင်း(Final Year I.O.P)၊ မရည်မွန်မြင့်မိုရ်(Final Year I.C.S.Y)၊ မောင်ထွန်းထွန်းအောင်၊ မောင်အောင်ဇော်မိုး၊ မလဲ့မွန်အောင် (အထက–၂၊စမ်းချောင်း)၊ မောင်ကောင်းမြတ်မိုး၊ မအေးယွန်းတို့၏အဘွား၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည် ၁၈–၁–၂၀၀၄ ရက် (တနင်္ဂနွေနေ့)ည ၈:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၁–၂၀၀၄ ရက် (အင်္ဂါနေ့)နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်သိန်း
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၅၉)၊ ဘိုကလေး ဈေးလမ်းနေ ဒေါ်ရီရီမြင့်၏ ခင်ပွန်း၊ ဒေါ်ခင်စန်းယု (အထက–၅ဗိုလ်တထောင်)၊ ဦးညိုဝင်းသိန်း–ဒေါ်ဝါဝါဝင်းရွှေ၊ ဦးတင်မောင်စိုး–ဒေါ်မေသက်နွယ်၊ ဒေါ်ခိုင်ခိုင်သိန်း၊ ဦးဇော်ဝင်းသိန်းတို့၏ ဖခင်၊ မောင်ဟိန်းထွဋ်ဦး၊မောင်ပိုင်စိုးဝင်း(X အထက–၅၊ ဗိုလ်တထောင်)၊ မောင်မြတ်သူအောင် (KG အထက–၅၊ ဗိုလ်တထောင်)၊ မချောသဉ္ဇာစိုးတို့၏ အဘိုးသည် ၁၈–၁–၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ ၅:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀–၁–၂၀၀၄ ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကား များ မွန်းလွဲ ၁နာရီခွဲတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စိန်စိန် (စစ်ကိုင်း)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၅ ရပ်ကွက်၊ အမှတ် ၁၅၊ ရွှေနှင်းဆီလမ်းနေ(ဦးခင်ကြီး–ဒေါ်ကျော့ရင်)တို့၏သမီး၊ (ဦးတင်မောင်အေး၊ မြန်မာ့မီးရထား)၏ဇနီး၊ ဦးဘစိန်၊ ဒေါ်သိန်းချစ်တို့၏အစ်မ၊ ဦးဝင်းကျော်၊ မတင်မိုးမိုးအေး၊ မတင်မျိုးမျိုးအေး (မြန်မာ့မီးရထား)၊ မတင်စိုးစိုးအေး၊ မတင်တိုးတိုးအေး(မြန်မာ့မီးရထား)၊ မောင်စည်သူမောင်(Unifast Shipping Line)တို့၏ မိခင်၊ မသီရိဝင်းကျော်၊ မမန်းခင်ခင်ကျော်၊ မောင်မန်းကိုကိုကျော်တို့၏အဘွားသည် ၁၉–၁–၂၀၀၄ ရက်(တနင်္လာနေ့)နံနက် ၅:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၁–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်မြင့်
ဥက္ကဋ္ဌ၊မဟာဗောဓိမြိုင် ဆရာတော်ကြီး၏ သာသနာပြု၊ ရန်ကုန်သာဟိကာအသင်း ဒုဥက္ကဋ္ဌ၊တိပိဋကမေ့မရက္ခိတအဖွဲ့
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ်၄၂ နေ (ဦးအုံးဖေ–ဒေါ်အုန်းစိန်)တို့၏သား၊ (ဦးထွန်းတင်–ဒေါ်အေးချို)တို့၏ သားသမက်၊ (ဦးခင်မောင်ကြီး–ဒေါ်တင်တင်အေး) တို့၏တူ၊ ဒေါ်လှကြည်၊ ဒေါ်အုန်းစိန်တို့၏ခင်ပွန်း၊ ဦးသက်ဝေ–ဒေါ်ခင်ခင်လေး၊ ဦးဇော်ရှင်း–ဒေါ်မေသူ၊ ဦးဇော်မင်း (ဂန္ထဝင်စားသောက်ဆိုင်၊ အရှေ့ပိုင်းတက္ကသိုလ်)၊ဦးသံဒိုင်(ဂန္ထဝင်)၊ဦးကျော်ဇာမြင့်၊ ဦးကျော်ဇာထင်–ဒေါ်မြင့်မြင့်စံ၊ ဦးဇော်ဘွန်း၊ ဦးကျော်ဇာဝင်း၊ ဦးကျော်ဇာရှင်း၊ မခင်လေးမွန်(I.R Final၊ ဒဂုံတက္ကသိုလ်)တို့၏ဖခင်၊မဟန်သူသူထက် (အမက–၂၊ကမာရွတ်)၊ မရှင်းသန့်သန့်ထက်၊ မောင်အောင်ကောင်းစံ၊ မောင်ရှင်းခန့်တို့၏အဘိုးသည် ၁၈–၁–၂၀၀၄ ရက် နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၁–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မျိုးမြင့်
အလပြ(ငြိမ်း)
အထက(၂)စစ်ကိုင်း
မန္တလေးမြို့
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ၄၉/၅၀ လမ်းကြား၊ ရွှေလံဘိုလမ်း၊ စက်မှုဇုန်(၂)နေ ဦးခင်မောင်ညွန့်၏ ဇနီး၊ တပ်ကြပ်ကြီးထွန်းနိုင်ဝင်း(ပညာရေး–၁)၊ ရွှေဒူး(မြိတ်)၊ မလဲ့လဲ့အိ(စာရင်းစစ်ချုပ်ရုံး)၊ မောင် အောင်မျိုးထိုက်တို့၏မိခင်သည် ၁၇–၁–၂၀၀၄ ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၈–၁–၂၀၀၄ ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် တောင်မြင့်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးဂျွန်ခင်မောင်လှ
ဆလရ(ပုံထုတ်–၅)
ဆောက်လုပ်ရေး(ရုံးချုပ်)
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ စိန်မေရီဝင်း၊ အမှတ် ၉နေ ဦးမန်းလှသိန်း–ဒေါ်နှင်းညွန့်တို့၏သားကြီး၊ သံတောင်မြို့နေ(ဦးလွန်းဖော်–ဒေါ်နဲဖိုး)တို့၏ သားသမက်၊ နော်မေးရာ၏ခင်ပွန်း၊ နန့်မေရီအေးသီတာသိန်း(စံပြမှုကြို)၊ စ,ဉာဏ်မြင့်မောင်၊ နန့်အဲလစ်ဇဘက်လေးနီလာသိန်း၊ နန့်ကက်သရင်းထွေးသူဇာသိန်း (ရှာလကာ)တို့၏ဖခင်၊ ဦးအောင်ညွန့်သိန်း–(နန့်ကျင်သန်း)၊ ဒေါ်နန့်ညွန့်ညွန့်သိန်း(World Vision)–(ဦးစ,သန်းဌေး)၊ ဒေါ်မဉ္ဇူသိန်း(မေရီချက်ပ်မင်း)၊ ဗိုလ်မှူး စ,ဒေးဗစ်(ရေ–ငြိမ်း)(Pilot)–ဒေါ်ခင်အေးနွယ်၊ ဒေါ်သဇင်ထွေး–Rev;Philip အောင်သွင်ဦး၊ တကစောမိုးဇက်(တပ်မတော်–ရေ)–ဒေါ်နော်ခလဲ့မတစ်ကျော်ဇံ၊ ဦးဖေသွင်လှ–ဒေါ်သီသီဆွေဦး(ဒေါ်နုနုလက်ဖက်၊ပုသိမ်)တို့၏အစ်ကိုကြီး၊ တူ တူမ ၁၁ယောက်တို့၏ဘကြီးသည် ၁၉–၁–၂၀၀၄ရက် ညနေ ၆:၂၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀–၁–၂၀၀၄ ရက် မွန်းလွဲ၂နာရီတွင် ၁၃၅၊ အထက်ကြည့်မြင်တိုင်လမ်း၊ ရှင်မိကွေ့လဘုရားကျောင်းတွင် ဝတ်ပြုပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကိုမောင်မောင်
အန်းတောဆင်မလိုက်
အသက်(၃၉)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက် အမှတ် ၉၇၊ အခန်းအမှတ် ၀၀၁ နေ (ဦးစံမြင့်)–ဒေါ်တွတ် တို့၏သား၊ ဦးစိုးမြင့်–(ဒေါ်အုန်းရီ)တို့၏ သားသမက်၊ ဦးမြင့်အောင်–ဒေါ်သန်းသန်းအေး တို့၏မောင်၊ မောင်ထက်အောင်ခိုင်၊ မောင်တင်ထွဋ်အောင် တို့၏ဦးလေး၊ မဆွေဇင်ဝင်း၊ မောင်အောင်ကျော်ဇင်၊ မခိုင်သဉ္ဇာပိုမို တို့၏ဖခင်၊ မမိမိမော်၏ခင်ပွန်းသည် ၁၆–၁–၂၀၀၄ ရက် (သောကြာနေ့) တွင် ကွယ်လွန်သွား၍ ၂၀–၁–၂၀၀၄ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီ တွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးနိုင်အောင်လင်း(ခ)ဘိုးဇီဝ
အသက်(၃၉)နှစ်

တိုက်(107)၊ အခန်း(5/6 A)၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်နေ (ဗိုလ်ခင်မောင်ကလေး၊ ဒေါ်သိန်းနု)၊ (ဦးကျော်ငွေ၊ ဒေါ်တင်တင်)တို့၏မြေး၊ ဦးဖိုးသိကြား၊ (ဒေါ်လီလီကျော်ငွေ၊ ဒေါ်ခင်မြငွေ)၊ (ဦးလှမြင့်)–ဒေါ်မြင့်မြင့်စိန်(ခ)ဒေါ်သောနထေရီတို့၏သား၊ ဒေါ်သီတာလှမြင့် (နည်းပြ၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်)၏ ခင်ပွန်း၊ မစုစံ (IX C၊ အထက–၁၊ဒဂုံ)၏ဖခင်၊ ဦးဖိုးမင်္ဂလာ၊ ဦးဝင်းအောင်–ဒေါ်သကြန် (Fisc)တို့၏တူ သားကြီး၊ (ဦးကျော်စွာလှမြင့်)၊ ဦးအောင်ခိုင်သိမ်း၊ ဒေါ်ဖြူပွင့်ပွင့်ကျော်၊ ဦးဘိုးဇနက(Chief Specialist Shin Satellite)၊ ဒေါ်ဝိုင်းဝင်းအောင် (Fisc)၊ မောင်ဇာဏီအောင်(ပနှစ်–ကွန်ပျူတာတက္ကသိုလ်)တို့၏ အစ်ကိုကြီး၊ မောင်ကောင်းဝေသော်၊ မသက်ပြည့်စုတို့၏ဘကြီးသည် ၁၉–၁–၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ဗဟိုရ်စည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၁–၁–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါ၍ နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်း၊ဇရပ် ဒါယကာကြီး
ဦးမောင်မောင်ခင်(ခ)
ဦးကာလူး
(ဘိလပ်ဆန်ခါဆရာကြီး)
ဦးမောင်မောင်ခင်နှင့်သားများ ဘိလပ်ဆန်ခါလုပ်ငန်း (ရုံးသပြေကန်)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ လိပ်ကန်လမ်း၊ အမှတ် ၅၀နေ (ဦးစံကူး–ဒေါ်သဲရင်)တို့၏ သား၊ (ဦးထွန်းဖေ–ဒေါ်စောရင်) တို့၏သားသမက်၊ ဒေါ်ငွေတင်၏ ခင်ပွန်း၊ ဦးဌေးလွင်–(ဒေါ်အေးအေးမြင့်)၊ ဦးစိန်ထွန်း–ဒေါ်ရီရီသိန်း၊ ဒေါ်စိန်စိန်မြင့် (အမက–၃၇၊ သာကေတ၊ငြိမ်း)၊ ဦးကျော်ကျော်–ဒေါ်ဥဥခင်၊ ဒေါ်ဘေဘီသန်း(မြန်မာ့လေကြောင်း)၊ ဦးဇော်လင်းဦး–ဒေါ်ဌေးဌေးအောင်၊ ဦးသီဟ–ဒေါ်အေးသန္တာစိုး တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၈–၁–၂၀၀၄ရက်(တနင်္ဂနွေနေ့)ညနေ၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၁–၂၀၀၄ ရက်(အင်္ဂါနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်သိန်း (အိမ်မဲ)
အသက်(၇၃)နှစ်

အိမ်မဲမြို့နေ ဦးထွန်းရိန်–ဒေါ်စိန်ရင် တို့၏သား၊ တောင်ကြီးမြို့၊ အမှတ်၁၁၈၊ ဇောတိကလမ်း၊ ညောင်ရွှေဟော်ကုန်းနေ ဦးသန်းကြီး–ဒေါ်အေးခင် တို့၏သားသမက်၊ အမှတ် ၁၃၆၁/အေ၊ သာယာအေး(၁)လမ်း၊ တောင်သူကုန်း၊ အင်းစိန်နေ ဒေါ်လှလှ[အထပြ၊အထက(၁)၊ အင်းစိန်]၏ခင်ပွန်း၊ စိုင်းဝေဖြိုးမောင်–မနှင်းနန္ဒာမျိုး၊ စိုင်းကျော်မြင့်သိန်းတို့၏ ဖခင် ဦးမြင့်သိန်း(သင်ရိုးလက်ထောက်၊ ဓာတုဗေဒ၊ငြိမ်း)သည် ၁၈–၁–၂၀၀၄ ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၁–၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အထက်ပါ နေအိမ်မှကားများ နံနက် ၁၁:၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ဇော
မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း အပြည်ပြည်ဆိုင်ရာဘောလုံးဒိုင်လူကြီး
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်၅ရပ်ကွက်၊ တိုက် ၃၆၉၊ အခန်း ၂၃နေ(ဦး ဘမောင်–ဒေါ်မိ)တို့၏သား၊ ဒေါ်ရင်မြင့်၏ ခင်ပွန်း၊ (ဦးတင့်လွင်)–ဒေါ်ခင်အေးမြင့်တို့၏အစ်ကို၊ ကိုသူရကျော်၏ဖခင်သည် ၁၉–၁–၂၀၀၄ ရက် (တနင်္လာနေ့)နံနက် ၈:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမြင့်သိန်း(ခ)ပါစီ
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊အမှတ်၁၂၊ဩဘာလမ်း၊ ငါးလွှာ၊ ကျောက်မြောင်းနေ (ဦးအေးကြည်–ဒေါ်ထားခင်)တို့၏ သားထွေး၊ ဦးလှမြင့်–ဒေါ်တင်တင်ဦး၊ (ဦးဝင်းအောင်မြတ်)–ဒေါ်ခင်ခင်ညွန့်၊ (ဒေါ်တင်တင်အေး)၊ ဒုတိယဗိုလ်မှူးကြီးညွန့်လှိုင် (ငြိမ်း)–ဒေါ်ခင်သီအေးတို့၏ညီ/မောင်၊ ဆရာမကြီးဒေါ်အေးမေ(ကန်သာယာဆေးရုံ)၏ ခင်ပွန်း၊ တူ တူမ ၁၂ယောက်တို့၏ ဦးလေးသည် ၁၇–၁–၂၀၀၄ရက် နံနက်၁၀:၅၀နာရီတွင်ကွယ်လွန်သွားပါ၍ ၎င်း၏ဆန္ဒအရ ယင်းနေ့တွင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဆရာမဒေါ်ခင်ထွေး (ငြိမ်း)
မန္တလေးမြို့
အသက်(၅၈)နှစ်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ လမ်း ၈၀၊ ၈X၉ လမ်းကြား၊ အမှတ် ၂၂ နေ ဦးသန်းကြွယ်(ဇီဝိတဒါနဆေးရုံ၊ မန္တလေး)၏ ဇနီး၊ တကက လှဖုန်း–ဒေါ်အေးအေးဆင့်၊ ဦးကျော်ဆန်း–ဒေါ်မြင့်မြင့်ရွှေတို့၏အစ်မ၊ ဗိုလ်ကြီးအောင်သန်းထွေး–ဒေါ်အေးအေးခိုင်၊ ကိုမောင်မောင်အောင်(ခန္တီးခရိုင်စာရင်းရုံး)၏ မိခင်သည်၁၈–၁–၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၄:၄၅နာရီတွင် ကွယ်လွန်သွားပါကြောင်း။ (သဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်ချမ်း(ခ)
ဦးချန်းနား (ထန်းတပင်)
အသက်(၈၃)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁၄/၃) ရပ်ကွက်၊ ဆပ်သွားဖူးလမ်း၊ အမှတ် ၄၉/၂ နေ (ဒေါ်ကြင်နု)၏ခင်ပွန်း၊ ဒေါ်နီနီ၊ ဒေါ်ဖြူဖြူ (အကထ–၁၊ စမ်းချောင်း၊ ငြိမ်း)၊ ဒေါ်ညိုညို၊ဒေါ်ဝါ(အထက–၂၊ တောင်ဥက္ကလာပ၊ငြိမ်း)၊ ဦးမြင့်ဦး(တရားရုံးချုပ်)၊ ဦးဇော်လင်း–ဒေါ်ခင်မွှေး (အထက–၂၊ ဗဟန်း)၊ ဦးဇော်ဝင်း–ဒေါက်တာဒေါ်ကြည်ကြည်ဝင်း (ခေတ္တ–စင်ကာပူ)၊ ဒေါ်ယဉ်ယဉ်နု (ရန်ကုန်တိုင်းကျန်းမာ၊ငြိမ်း)၊ ဦးမင်းဟန်–ဒေါ်မြမြစန်း၊ ဦးသန့်ဇင်(ဒါရိုက်တာ ပထမပုဂ္ဂလိကဘဏ်)–ဒေါ်ဝါဝါမြင့်၊ ဒေါ်အိအိသန့် (အထက–၄၊ တောင်ဥက္ကလာ)၊ ဦးတင်မောင်မောင်ဝင်း–ဒေါ်ဝင်းဝင်းသန့် (U.F.L)တို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏အဘိုးသည် ၁၇–၁–၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၁–၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီ တွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ကြည်အေး
(ဝါးခယ်မ–မြောင်းမြ)
အသက်(၇၆)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၉)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်၃၂၄နေ (ဦးသာဦး–ဒေါ်ငွေသင်)တို့၏ သမီး၊ (ဦးဆင်ပေါက်)၏ဇနီး၊ ဦးဟန်စိန်–ဒေါ်ခင်သန်း၊ ဦးတုံစိန်–ဒေါ်ကြူကြူ၊ ဦးယုရိန်–ဒေါ်သိမ်းသိမ်း၊ ဦးလှုံစိန်၊ ဦးလှုံဟုတ်–(ဒေါ်မိုးမိုး)၊ ဦးတင့်လွင်–ဒေါ်မြင့်မြင့်ခင်၊ ဒေါ်နိုင်နိုင်ကြူ၊ ဦးသန့်ဇင်၊ ဦးမြင့်နိုင်–ဒေါ်ရီရီဝင်း၊ ဦးသန်းနိုင်–ဒေါ်ဝင်းဝင်းစိုး တို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၉–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၁–၁–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထားဝယ်ချောင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးအုန်းချို
(MEPE) (ငြိမ်း)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာ၊ တိုက် ၂၊ အခန်း ၁၀၁ နေ (ဦးတင်မောင်–ဒေါ်အုန်းရင်)တို့၏သား၊ (ဒေါ် ညွန့်ညွန့်)၏ခင်ပွန်း၊ ဦးခင်ဝင်း–ဒေါ်မြင့်မြင့်သန်း၊ ဦးသန်းအောင်–ဒေါ်သန်းနု၊ ဦးသိန်းထွန်း (MEPE ဗဟန်း၊ ဒဂုံ)–ဒေါ်မြမြဝင်း၊ ဦးအောင်သင်း–ဒေါ်ဆွေဆွေဝင်း၊ ဦးကိုကိုဝင်း–ဒေါ်ဖြူ၊ ဦးကိုကိုနိုင်–ဒေါ်ချိုချိုညွန့်၊ ဦးညီညီအောင်–ဒေါ်ညိုညိုဝင်း၊ ဦးကိုကိုအောင် (MEPEဗဟန်း၊ ဒဂုံ)–ဒေါ်တင်မေဝင်းတို့၏ ဖခင်၊ မြေး ၁၆ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၁၈–၁–၂၀၀၄ ရက်(တနင်္ဂနွေနေ့) ည ၇:၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၁–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများမွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်မြင့်
တိပိဋက–မေ့ရက္ခိတအဖွဲ့
(ဒုတိယ ဥက္ကဋ္ဌ)
အသက်(၆၁)နှစ်

(ဦးအုန်းဖေ–ဒေါ်အုန်းစိန်)တို့၏ သား၊ (ဦးထွန်းတင်–ဒေါ်အေးချို) တို့၏သားသမက်၊ (ဦးခင်မောင်ကြီး–ဒေါ်တင်တင်အေး)တို့၏တူ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ် ၄၂နေ ဒေါ်လှကြည်၊ ဒေါ်အုန်းစိန်တို့၏ ခင်ပွန်း၊ ဦးသက်ဝေ–ဒေါ်ခင်ခင်လေး၊ ဦးဇော်ရှင်း၊ ဒေါ်မေသူ၊ ဦးဇော်မင်း၊ ဦးသံဒိုင်၊ ဦးကျော်ဇာမြင့်၊ ဦးကျော်ဇာတင်–ဒေါ်မြင့်မြင့်စံ၊ ဦးဇော်ဘွန်း၊ ဦးကျော်ဇာဝင်း၊ ဦးကျော်ဇာရှင်း–မခင်လေးမွန်(IR-Final)တို့၏ ဖခင်သည် ၁၈–၁–၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၁–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့ တိပိဋက–မေ့ရက္ခိတအဖွဲ့။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း။ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ထွန်းတောက်လာတော့မည့် မြန်မာ့တင်းနစ်ကြယ်တစ်ပွင့်

ရန်ကုန် ဇန်နဝါရီ ၁၉

ဇန်နဝါရီလ ၁၂ ရက်နေ့မှာ အာရှဇုန်(၂) အသက်(၁၄)နှစ်နှင့်အောက် တင်းနစ်ပြိုင်ပွဲကို စတင်ဖွင့်လှစ်ခဲ့တယ်။ မြန်မာနိုင်ငံအပါအဝင် ကိုးနိုင်ငံက တင်းနစ်အားကစားမောင်မယ် ၄၃ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့တယ်။ ဒါပေမယ့် မွန်ဂိုလီးယားတင်းနစ်အသင်းကတော့ အချိန်မီရောက်မလာခဲ့ဘူး။ ဒါကြောင့်လဲ ပထမအကျော့ပွဲစဉ်တွေမှာ ရှစ်နိုင်ငံပဲ ပါဝင်ယှဉ်ပြိုင်ခဲ့ရတယ်။ အဲဒီပြိုင်ပွဲမှာ အမျိုးသားတစ်ဦးချင်းအနေနဲ့ ဖြိုးမင်းသာ(မြန်မာ)က ပထမ၊ ရမှတ်က ၃၀၀၊ ဇင်ဘို(မြန်မာ)က ဒုတိယ၊ ရမှတ်က ၂၀၀၊ Surish Shanmugam˚(MALAYSIA) က တတိယ၊ ရမှတ်က ၁၅၀ နဲ့ ဦးဆောင်နေတယ်။ အမျိုးသမီးပွဲစဉ်များမှာတော့ မိုးချစ်သဲ(မြန်မာ) က အဆင့်(၅)၊ ရမှတ် ၇၀ ရရှိခဲ့တယ်။

ပထမအကျော့ ပွဲစဉ်အပြီးမှာတော့ မွန်ဂိုလီးယားအသင်းဟာ ပီကင်း ကူမင်းကတစ်ဆင့် ရောက်လာခဲ့တယ်။ ထွားကျိုင်းလိုက်တဲ့ လူငယ်တွေ၊ အရပ်က(၅ပေ ၁၁ လက်မ)နဲ့ (၆ပေ ၂လက်မ) ကြီးတွေ။ သိမ်ဖြူတင်းနစ်ကွင်းထဲမှာ လေ့ကျင့်နေတော့ သူများကလေးတွေထက် ခေါင်းနှစ်လုံးထက်မက သာနေကြတယ်၊ မားမားမားမားနဲ့

စာမျက်နှာ ၁၁ ကော်လံ ၅ ●

ဖြိုးမင်းသာ ယှဉ်ပြိုင်

ဒုတိယအကျော့ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲတွင် မြန်မာနိုင်ငံမှ ဖြိုးမင်းသာ ယှဉ်ပြိုင်စဉ်။

(တင်းနစ်အဖွဲ့ချုပ်)

ဒုတိယအကျော့ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ဝဲမှယာ မွန်ဂိုလီးယားမှ **Batrakh Munkhbastar** နှင့် မြန်မာနိုင်ငံမှ အောင်ကျော်နိုင်တို့အား စစ်တကောင်းကြက်ဖကြီးနှင့် ကြက်တညင်လေးအလား တွေ့ရစဉ်။ (တင်းနစ်အဖွဲ့ချုပ်)

သတင်းဆောင်းပါး – ကျော်မျိုးနိုင်

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ဒုတိယအကျော့ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲတွင် မွန်ဂိုလီးယားမှ Batrakh Munkhbastar အား နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး နိုင်ငံတော်အလံနှင့် အောင်ပွဲခံနေသော ဖြိုးမင်းသာအား ဤသို့ ဝမ်းသာအားရတွေ့ရသည်။

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ကယားရိုးရာကောက်သစ်စားပွဲတော်

သတင်းဆောင်းပါး–လှစိန်၊ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ဖျော်ဖြေတင်ဆက်

ကယား ကောက်သစ်စားပွဲတော် အခမ်းအနားတွင် ကယန်းချန်းပလေအကဖြင့် ကယားတိုင်းရင်းသား တိုင်းရင်းသူများက ဖျော်ဖြေတင်ဆက်စဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ကယားတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်) က ကြီးမှူးကျင်းပသော ကယားတိုင်းရင်းသားရိုးရာကောက်သစ်စားပွဲတော် ကျင်းပကြောင်း သိရ၍ မြန်မာ့အလင်းမှ သွားရောက်လေ့လာ မှတ်တမ်းတင်ခွင့်ရခဲ့သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ▼

ကယားသမီးပျိုလေးများနှင့် အတူ တေးသံရှင် ကြူကြူခိုင် သီဆိုဖျော်ဖြေစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အီဂျစ်ဘုရင် တူတင်ခါမန်း ပုံတူ



ဂျာမနီနိုင်ငံ အနောက်တောင်ဘက်ရှိ စတုဂတ်မြို့တွင် ကျင်းပသော နိုင်ငံတကာဆိုင်ရာ လူနေယာဉ်နှင့် အပျော်ခရီးထွက်ခြင်း၊ မော်တော်ကားမောင်းခြင်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာပြပွဲတွင် နိုင်ငံ ၈၂ နိုင်ငံမှ ပြပွဲတင်ဆက်သူ ၁၄၀၀ ခန့် ပါဝင်ပြသခဲ့ကြသည်။

ဝဲပုံမှာ– ဂျာမန်ခရီးသွားလုပ်ငန်းအစီအစဉ်မှ ဝန်ထမ်းတစ်ဦး အီဂျစ်ဘုရင် တူတင်ခါမန်း၏ ရုပ်ပုံကို သန့်ရှင်းရေးလုပ်နေစဉ် တွေ့ရပုံ ဖြစ်သည်။ (အေပီ)

စပရစ်၏စက်ရုပ်လက်တံ

ယာပုံမှာ– အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးယာဉ် စပရစ်မှ စက်ရုပ် လက်တံထွက်လာပြီး အင်္ဂါဂြိုဟ်၏ မြေသားနမူနာကို ပထမဆုံးအကြိမ် ကောက်ယူနေပုံဖြစ်သည်။ အဆိုပါပုံကို နာဆာ၊ ဂျေပီအယ်လ်နှင့် အမေရိကန်ဘူမိဗေဒစူးစမ်းလေ့လာရေး(၁၆) တို့က ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်သည်။ (နာဆာ)

မြစ်ကမ်းပါးမှ ရေခဲတုံးကြီးများ

ဇန်နဝါရီ ၁၆ ရက်က နယူးယောက်စီးတီးဒေသတွင် ရေခဲတမျှအေးသော ရာသီဥတုဖြစ်ပေါ်ခဲ့ရာ နယူးယောက်စီးတီး၏ အရှေ့ဘက်မြစ်ကမ်းခြေပေါ်တွင် ဝဲပုံတွင်ပါသည့်အတိုင်း ရေခဲတုံးကြီးများဖြစ်ခဲ့သည်။ ညလုံးပေါက် အအေးဒီဂရီမှာ ၁ ဒီဂရီ ဖာရင်ဟိုက်အထိ ထိုးကျခဲ့ရာ ၁၈၉၃ ခုနှစ်က စံချိန်နှင့် တူညီခဲ့သည်။ ပုံ၏ နောက်ဘက်၌ ဘရွတ်ကလင်းတံတားကို တွေ့ရမည်။

(အင်တာနက်)